# ကြေးမုံ The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်၊ စနေနေ့ *(11-7-2015)* (၈၂၅၈)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မွန်ဂိုလီးယားနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော်  ဇူလိုင်  ၁၁**

၂၀၁၅ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ကျရောက်သည့် မွန်ဂိုလီးယားနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ အယ်လ်ဘတ်ခ် ဒေါ့ဂ်ျ ဇတ်ခ်ဟီးလ်ယာဒ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ကျရောက်သည့် မွန်ဂိုလီးယားနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ချင်မိစိုက်ခန်ဘီးလဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးတက္ကသိုလ် သုံးထပ်စာသင်ဆောင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်

သတင်း စာမျက်နှာ - ၃




## ရာဇဂြိုဟ်ဆည် ကန်ရေပြည့်၍ ရေပိုလွှဲမှ မူလချောင်းအတွင်းသို့ ရေပြန်လည်ထုတ်လွှတ်

**ကလေး  ဇူလိုင်  ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မြောက်ဘက် ရာဇဂြိုဟ်ကျေးရွာအနီး နေရဥ္စရာမြစ်မှရေကိုပိတ်၍ တည်ဆောက်ထားသော ဘက်စုံသုံးရာဇဂြိုဟ် ရေလှောင်တမံဆည်ကြီးသည် ယခုအခါ သတ်မှတ်ကန်ရေပြည့်ပြီဖြစ်၍ ရေပိုလွှဲမှ မူလချောင်းအတွင်းသို့ ရေများပြန်လည် ထုတ်လွှတ်နေပြီဖြစ်ကြောင်း သိရသည်။**(အပေါ်ပုံ)**

ရေပိုလွှဲမှရေများ ပြန်လည်ထုတ်လွှတ်နေမှုနှင့် ဒေသတွင်းတောင်သူများ မိုးစပါးကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ရာဇဂြိုဟ်ကျေးရွာမှ တောင်သူများ၊ ကြက်ဖနက်ကျေးရွာမှ တောင်သူများ ၊ ကံကြီးကျေးရွာမှတောင်သူများနှင့်တွေ့ဆုံကာ လယ်ရေရရှိမှုအခြေအနေများကို မေးမြန်းပြီး ဆည်တည်ဆောက်ရေး တာဝန်ရှိသူများကို လယ်ရေရရှိရေးအတွက် စက်ယန္တရားများဖြင့် လယ်ရေသွင်းမြောင်းများ ဖောက်လုပ်ပေးရန် ပြောကြားခဲ့သည်။

ရာဇဂြိုဟ်ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး အမြင့် ၁၆၅ ပေ၊ အလျား ပေ ၁၃၆၀၊ ပင်မတမံ ၄၇၄၅ ပေ၊ ကုန်းကျောတမံ သုံးခု ၈၉၁၅ ပေရှိကာ ရေဆင်းဧရိယာ စတုရန်းမိုင် ၁၃၀ ရှိပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၂၄၄၇၈၀ ရှိ၍ ကန်ရေသောက် ရေလှောင်ပမာဏ ဧကပေ ၈၀၀၀ ရှိကာ နေရဥ္စရာမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေဧက ၈၅၀၀ ကို ရေပေးဝေနိုင်မည်ဖြစ်သည်။

"ဒီနှစ်ရာဇဂြိုဟ်ကျေးရွာအနီး တောင်သူတွေအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိဖို့ **စာမျက်နှာ ၃ ကော်လံ ၄ သို့** ✳

## တန်ဖိုးနည်းကို ဝင်ငွေနည်းတို့ မမျှော်

တန်ဖိုးနည်းဟူသော အသုံးအနှုန်းကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာသည်မှာ မကြာသေး။ တန်ဖိုးနည်းဖုန်း၊ တန်ဖိုးနည်းကား၊ တန်ဖိုးနည်းတိုက်ခန်း စသည်ဖြင့် တန်ဖိုးနည်းပစ္စည်းများ ခေတ်စားတွင်ကျယ်လာသည်။

တန်ဖိုးနည်းဟု ခေါ်ဆိုလာရသည့် ပစ္စည်းများကလည်း တစ်ချိန်က သာမန်အခြေခံလူတန်းစားများ စိတ်ကူးယဉ် အိပ်မက်သာမက်ခွင့်ရှိပြီး လက်တွေ့ဖြစ်လာရန် လုံးဝ(လုံးဝ)မဖြစ်နိုင်ခဲ့သော အနေအထားများပင် မဟုတ်ပါလား။ အဘယ်ကြောင့်ဆိုသော် အခြားနိုင်ငံများတွင် မရှိမဖြစ် သုံးစွဲနေကြသည့် အသုံးအဆောင်ပစ္စည်းများသည် မြန်မာနိုင်ငံတွင် တန်ဖိုးကြီးသွားသော ဇိမ်ခံပစ္စည်းများဖြစ်နေ၏။

သို့သော် တန်ဖိုးကြီးမြင့်သောအသုံး အဆောင်ပစ္စည်းများသည် ယနေ့အချိန်အခါတွင် တန်ဖိုးနည်းဟူသော စကားရပ်နှင့်အတူ အခြေခံလူတန်းစားများ လက်လှမ်းမီသော အနေအထားတစ်ရပ်သို့ ရောက်ရှိလာခဲ့သည်ဟု ဆိုရမည်။ တန်ဖိုးနည်းဖုန်းများကိုလည်း ကိုင်နိုင်ပြီ။ တန်ဖိုးနည်းကားများကိုလည်းစီးနိုင်ဖို့ မျှော်လင့်နိုင်ပြီ။ တန်ဖိုးနည်းတိုက်ခန်းများကိုလည်း နေထိုင်နိုင်ဖို့ အိပ်မက်မက်ခွင့်ရှိလာပြီပင်ဖြစ်သည်။

ငွေကျပ် သိန်းဆယ်ဂဏန်းကျော်မှသည် ငွေကျပ် ၅ သိန်း၊ ၂ သိန်း၊ ယင်းနောက် ယခု ငွေ ၁၅၀၀ ကျပ်မျှဖြင့်သာ တန်ဖိုးနည်းဖုန်းများ ပေါ်ပေါက်လာသောအခါ အခြေခံလူတန်းစားများ အပျော်ကြီးပျော်ကြသည်။ သူတို့ဘဝတွင် အိပ်မက်သာမက်ခဲ့ရသည့် လက်ကိုင်ဖုန်းကို ကိုင်နိုင်ပြီပင်။

ထို့ကြောင့်လည်း ရပ်ကွက်ထဲမှ ဆိုက်ကား ဆရာကိုသောင်းတစ်ယောက် ခါးကြားတွင် လက်ကိုင်ဖုန်းချိတ်ကာ ဟန်အပြည့် မာန်အပြည့်နှင့် ဆိုက်ကားနင်းလျက်ရှိသလို လမ်းဘေးဈေးသည်များ၊ ထမင်းဆိုင်၊ အသုပ်ဆိုင်၊ ကုန်စုံဆိုင်၊ သားစိမ်း၊ ငါးစိမ်း ဈေးသည်များလည်း လက်ကိုင်ဖုန်း ကိုယ်စီကိုယ်စီ။ ဆိုက်ကား ငှားစီးစရာရှိပါက လမ်းထိပ် ထွက်စရာမလို၊ ကိုသောင်းကို ဖုန်းဆက်ခေါ်လိုက်ရုံဖြင့် ရသည်။ ထမင်း၊ အသုပ်စုံတို့ မှာစားချင်လျှင်လည်း ဖုန်းလေးဆက် မှာစားလိုက်ရုံပင်ဆိုတော့ အဆင်ပြေလှသည်ပင်ဖြစ်ပေတော့သည်။ ငွေကျပ်သိန်းပေါင်းများစွာကုန်၍ ဖုန်းကိုင်စရာမလိုတော့။ ဟန်းဆက်ဆိုလျှင်လည်း **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖




ကြေးမုံစာတည်းရှုထောင့် ၁၁-၇-၂၀၁၅၊ စနေနေ့

# မျိုးဆက်သစ်လူငယ်ဦးစားပေး

လူတို့၏အသက်အုပ်စုအလိုက် ကလေးသူငယ်၊ လူငယ်၊ လူကြီးဟူ၍ အရွယ်သုံးပါး ပိုင်းခြားသတ်မှတ်ကြသည်။ အသက် (၂၇)နှစ်နှင့်အောက် အသက် (၁၆)နှစ်နှင့်အထက် အရွယ်များကို လူငယ်ဟု သာမန်အားဖြင့် မှတ်ယူကြသည်။ ထိုအရွယ်သုံးပါးတွင် အနာဂတ်အတွက် အလားအလာ အကောင်းဆုံးအရွယ်မှာ လူငယ်များပင်ဖြစ်သည်။

ထိုလူငယ်အုပ်စုအတွင်း ကုန်ထုတ်စွမ်းအားစုတွင် ပါဝင်နေပြီဖြစ်သော အလုပ်သမားလူငယ်၊ လယ်သမားလူငယ်၊ ပညာသင်ကြားနေကြသော ကျောင်းသားလူငယ်၊ အကြောင်းကြောင်းကြောင့် အလုပ်လုပ်ခွင့်မရသေးသောလူငယ်များနှင့် အလုပ်မလုပ်ဘဲနေသူများ၊ ဘဝရပ်တည်ရေးအတွက် ဖြစ်သလို၊ ကြုံသလို အသက်မွေးဝမ်းကျောင်းပြုနေသူများ စသည်ဖြင့် လူတန်းစားအလွှာစုံပါဝင်ကြသည်။

လူငယ်ဟူသည် လူတန်းစားအလွှာအားဖြင့် မည်မျှကွာခြားမှုရှိစေကာမူ လူငယ်တို့၏စိတ်ဓာတ်များမှာ အတူတူပင်ဖြစ်သည်။ ထူးခြားသော အားမာန်များကို ကိုယ်စီပိုင်ဆိုင်ထားကြသည်။ အခြေအနေပေး၍ စွမ်းအားထုတ်နိုင်ကြသူများရှိသလို အခြေအနေမပေးသဖြင့် စွမ်းအားမထုတ်နိုင်ကြသူများလည်းရှိသည်။ မည်သို့ပင်ဖြစ်စေ လူငယ်သည် လူငယ်တို့၏သဘာဝ တောက်ပြောင်ကြသည်သာဖြစ်သည်။

လူကြီးဟူသည်မှာ အတွေ့အကြုံအရ လူငယ်တို့ထက် ပိုမိုသာလွန် သိမြင်နိုင်သော်လည်း ခေတ်ကာလ၏ တိုးတက်သောအခြေအနေများအရ ယနေ့လူငယ်အချို့မှာ လူကြီးများထက် ပိုမိုသာလွန်စွာ စွမ်းဆောင်ရည်ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် ထိုလူငယ်များကို ကျွန်ုပ်တို့လူကြီးများက အခြေအနေ အခွင့်အလမ်းကောင်းများ ဖန်တီးပေးရမည်။ နေရာပေး အလေးထားရမည်။

လူငယ်ဟူသည် ပင်ကိုအားဖြင့် စိတ်အားတက်ကြွခြင်း၊ စူးစမ်းလိုစိတ်ရှိခြင်း၊ စွန့်စားလိုစိတ်ရှိခြင်း၊ အများ၏အားထားမှုကို ခံယူလိုခြင်း၊ ကိုယ်ကျိုးစွန့်ရန်ဆန္ဒရှိခြင်း၊ ကာယ၊ ဉာဏအားအပြည့်အဝရှိခြင်း စသည်တို့မှာ လူကြီးများနှင့်မတူသည့် ထူးခြားချက်များပင်ဖြစ်သည်။ ထို့အတူ စိတ်ကူးယဉ်ခြင်း၊ ခံစားတတ်ခြင်း၊ လွတ်လပ်ပေါ့ရွှင်စွာနေလိုခြင်း စသည့် ယေဘုယျလိုအင်များလည်း ကိုယ်စီရှိကြသည်။

ယမန်နှစ်က ကောက်ယူခဲ့သော ပြည်လုံးကျွတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်သည် အသက် (၂၇)နှစ်အောက် လူငယ်၊ လူရွယ်များဖြစ်သည်ဟု ဆိုထားသည်။ ထိုစာရင်းများအရ လူဦးရေ ၅၁ ဒသမ ၄ သန်းကျော်ရှိသော မြန်မာနိုင်ငံတွင် လူငယ်၊ လူရွယ် သန်း ၂၀ ကျော်ရှိနေပြီး ကျန်လူဦးရေ တစ်ဝက်ကျော်တွင် ကလေးသူငယ်များ၊ လူကြီးများ၊ သက်ကြီးရွယ်အိုများ ပါနေသဖြင့် နိုင်ငံအတွက် လူငယ်၊ လူရွယ်အင်အားမှာ အဓိကကျနေကြောင်း တွေ့ရှိရသည်။

ထိုလူငယ်၊ လူရွယ်များတွင် ပညာသင်ကြားနေသောလူငယ်များနှင့် နိုင်ငံအတွင်းအလုပ်လုပ်နေသော လူငယ်များမှအပ ကျန်သန်းနှင့်ချီရှိမည်ဖြစ်သော လူငယ်များမှာ မည်သည့်နေရာတွင် ရောက်ရှိနေသည်ကို လေ့လာကြည့်ရှုသင့်သည်။ နိုင်ငံရပ်ခြားသို့ ရောက်ရှိနေသောလူငယ်များ၊ အလုပ်အကိုင်အတည်တကျမရှိသော လူငယ်များ၊ လေလွင့်နေသောလူငယ်များနှင့် လမ်းမှားသို့ရောက်ရှိနေသာ လူငယ်များ အမြောက်အမြားရှိမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ လူငယ်ဆိုသည်မှာ အဖြူရောင်သက်သက်ဖြစ်သည်။ အကြောင်းကြောင်းကြောင့် လမ်းကြောင်းလွဲနေသော လူငယ်များကို လမ်းမှန်ပေါ်သို့ပြန်လည်ရောက်ရှိအောင် စွမ်းဆောင်ကြရမည်မှာ မိမိတို့တာဝန်သာဖြစ်သည်။ မည်သို့မှ ဆောင်ရွက်၍မရလျှင်သာ သူ့ထိုက်နှင့်သူ့ကံဖြစ်ပေလိမ့်မည်။ သို့သော် လမ်းမှားသော်လည်း လမ်းမှန်ပေါ် ရောက်အောင် စိတ်ရှည်လက်ရှည် ဆောင်ရွက်ကြဖို့လိုသည်။

အင်အားများသော လူငယ်များ၏စွမ်းအားများကို ရရှိပိုင်ဆိုင်ထားနိုင်ပါလျှင် နိုင်ငံ၏အနာဂတ်မှာ ပိုမိုတောက်ပြောင်နေမည်ဖြစ်သည်။ ထို့ကြောင့် မည်သည့်အလွှာအတန်းအစားမှဖြစ်စေ တူညီသောစွမ်းအားများကို ပိုင်ဆိုင်ထားသော လူငယ်၊ လူရွယ်များအား ထိန်းသိမ်းစောင့်ရှောက်၊ ဝိုင်းဝန်းပြုစုပျိုးထောင်ကြရမည်မှာ ယနေ့လူကြီးများ၏ တာဝန်သာဖြစ်သည်။ ။

# ဝန်ကြီးဌာနများ ညှိနှိုင်းချက်ဖြင့်ရယူထားသော ပုံစံ(၆၆) အိမ်ထောင်စုစာရင်း အကျုံးမဝင်ကြောင်းသိရ

**နေပြည်တော် ဇူလိုင် ၁၀**

ရွေးကောက်ပွဲနီးလာသည်ဖြစ်၍ အသည်းကြားက မဲတစ်ပြားကို မိမိကြိုက်နှစ်သက်သော ကိုယ်စားလှယ်လောင်းများ မဲပေးနိုင်ရေးအတွက် အဓိကမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားပင်ဖြစ်သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား(မှတ်ပုံတင်)ရှိပြီး မိမိအမည်မဲစာရင်းပါရှိလျှင် မဲပေးနိုင်ခွင့်ရရှိမည်ဖြစ်သည်။

ယခုအခါ မြို့နယ်လဝကရုံးများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မှတ်ပုံတင်) ပြုလုပ်သူများနှင့် အိမ်ထောင်စုစာရင်းပြုလုပ်သူများ နေ့စဉ်လိုလိုရှိနေကြောင်း သိရသည်။ ယခင်က ဝန်ထမ်းမိသားစုများ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းချက်ဖြင့် ထုတ်ပေးထားသော ပုံစံ(၆၆)မှာ ယာယီသာဖြစ်ပြီး အကျုံးမဝင်ကြောင်း၊ ဝင်းယာယီထုတ်ပေးထားသော ပုံစံ(၆၆)ဖြင့် မဲစာရင်းမပါဝင်နိုင်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်(မှတ်ပုံတင်) ပြုလုပ်၍မရကြောင်း၊ အိမ်ထောင်စုစာရင်း မူရင်းရှိသော မြို့နယ်တွင်သာ မှတ်ပုံတင် ပြုလုပ်၍ရကြောင်း၊ ယခင်ကကဲ့သို့ မိမိရောက်ရှိနေထိုင်ရာ မြို့နယ်ရုံးများတွင် မိတ္တူနိုင်-၆(က)မှတ်ပုံတင်လည်း ပြုလုပ်ပေးခြင်းမရှိတော့ကြောင်း ဇမ္ဗူသီရိမြို့နယ် လဝကဦးစီးမှူးက ပြောကြားသည်။

သို့ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်မည်ဆိုပါက မိမိတို့အိမ်ထောင်စုစာရင်းရှိရာ မြို့နယ်များတွင်သာ ပြုလုပ်၍ရမည်ဖြစ်ကြောင်းနှင့် အိမ်ထောင်စုစာရင်းရှိရာ မြို့နယ်၏ မဲစာရင်းတွင်သာ ပါရှိမည်ဖြစ်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၁၀**

| | | | | |
|---|---|---|---|---|
| **ရန်ကုန်** | **ရွှေဈေး** | **၇၄၃၀၀၀** | - | **၇၄၃၀၀၀** |
| **မန္တလေး** | **ရွှေဈေး** | **၇၄၂၅၀၀** | - | **၇၄၂၅၀၀** |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၁၂၅.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၄၆.၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၈၁.၂၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၃.၁၆၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၇.၁၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇.၇၅၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၂၃.၁၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၉.၆၃၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၄၁.၇၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၃၄.၆၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**သတ်မှတ်ရည်ညွှန်းနှုန်း**

# လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၌ ကျင်းပ

**မန္တလေး ဇူလိုင် ၁၀**

လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၇ ရက်က တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဆေးတက္ကသိုလ် ဒုတိယပါမောက္ခ ဦးကျော်သိန်းဌေးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများကို အမှတ်(၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ တပ်ဖွဲ့မှူး ရဲမှူး ဖေသိန်းကျော်က လူကုန်ကူးမှုပေါ်ပေါက်လာပုံ နောက်ခံသမိုင်းကြောင်း၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုကွဲပြားခြားနားမှု၊ ရွှေ့ပြောင်းသွားလာခြင်းကြောင့် ကြုံတွေ့နိုင်မည့် အခက်အခဲများအကြောင်း၊ လူကုန်ကူးမှုဥပဒေအကြောင်းများ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအကြောင်း၊ လက်ရှိမြန်မာနိုင်ငံ၏ လူကုန်ကူးမှုဆိုင်ရာ တိုက်ဖျက်နေမှု ဆောင်ရွက်ချက်များကို ရှင်းလင်းဟောပြောပြီး မူးယစ်တပ်ဖွဲ့စုမြောက်ပိုင်းမှ ဒုတိယရဲမှူး လှလွင်က မူးယစ်ဆေးဝါးအသိပညာပေးခြင်းအကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။**(အောက်ပုံ)**



ယင်းနောက် တက်ရောက်လာသူများ၏ သိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းကာ လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

တရုတ်
စကားပြောရုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ENGLISH
Conversation Practice
ပြောလိုပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182

**အမည်ဖြည့်စွက်ခြင်း**

အဖဦးအောင်မြင့်ဦး (၁၂/ဥကတ(နိုင်)၀၂၆၅၀၄)၏သား ဇင်ယော်ကိုယ်ပိုင်အထက်တန်းကျောင်း၊တက္ကသိုလ်ဝင်တန်းမှ မောင်မြတ်မင်းကျော်ထက် (၇/ပခန(နိုင်)၃၉၃၂၇၀) အားမောင်မြတ်မင်းကျော်ထက် (ခ)မောင်မြတ်မင်းထက် ဟုဖြည့်စွက်ခေါ်ဆိုပါရန်။

**ပြင်ဆင်ဖတ်ရှု**

၈-၇-၂၀၁၅ရက် ကြေးမုံသတင်းစာ စာ-၃၀ပါ "ပြန်လည်ရှင်းလင်းကြေညာခြင်း" ကြော်ငြာတွင် ပထမစာပိုဒ်ပါ ဦးအေးလွင်၏ သူငယ်ချင်းဖြစ်သူ ကိုထွန်းအောင်ကျော်ဟု လည်းကောင်း၊ ဒုတိယစာပိုဒ်ပါ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်း၊ တိုက်-၁၂၁၊ အခန်း(ဒီ-၆)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆ ဒီ-၃၊မြေကွက်အမှတ် II Class 14 (၁၀၀'×၆၀')အနက်မှ (ဝဲ)ဘက်ခြမ်း တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသည့် မြေ၏ ထက်ဝက် (၅၀'×၆၀')၊ မြေကွက်တည်နေရာ အမှတ် ၃၀၄/၃၁၂၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ် (မြေပိုင်မြေအမျိုးအစား) အမည်ပေါက် Dr.P.Bigandet မြေအား အရောင်းအဝယ် စာချုပ် ၂၅၀/၁၉၂၄ (စာချုပ်မတင်ပြ)၊ ပိုင်ဆိုင်စာချုပ် ၄၅၉/၁၉၇၇၊ စွန့်လွှတ်စာချုပ်-၅၃၄/၁၉၇၇ ဖြင့် ရရှိခဲ့သူ ဒေါ်ခင်လေးမော် အစုအတွက် ခင်ပွန်းဖြစ်သူ ဦးသိန်းဟန်နှင့် သားဖြစ်သူ ဦးသိန်း မောင်တို့မှလည်းကောင်း၊ ဒေါ်ခင်နွဲ့ရီ အစုအတွက် မြေးဖြစ်သူ ဒေါ်သီရိမြတ်သွယ်မှ လည်း ကောင်း အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်-၄၂၃၂/၂၀၁၅ (၂၅-၆-၂၀၁၅) ဖြင့် ရရှိခဲ့ပြီး၊ ဦးသိန်းဟန်[၁၂/ကမရ (နိုင်)၀၂၃၆၇၃]၊ ဦးသိန်းမောင်[၁၂/ကမရ(နိုင်)၀၄၉၇၀၈]နှင့် ဒေါ်သီရိမြတ်သွယ်[၁၂/အစန(နိုင်)၂၃၈၅၅၈]တို့မှ G.P လွှဲအပ်သူ ဦးစိုးတင့်[၁၂/ပဘတ(နိုင်)၀၂၄၈၁၃]မှ အမည်ပြောင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသိပေးကြေညာချက်**

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များတင်ဆောင်လာသည့် M.V TRANS FUTURE -1 V.230 သင်္ဘောသည် ၁၁-၇-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**အသိပေးကြေညာချက်**

ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MODERN PEAK V.51 သင်္ဘောသည် ၁၁-၇-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

ပြည်တွင်းရေးရာ

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးတက္ကသိုလ် သုံးထပ်စာသင်ဆောင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်

**လားရှိုး ဇူလိုင် ၁၀**

လားရှိုးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လားရှိုးတက္ကသိုလ် ကမ္ဘောဇခန်းမ၌ အဆိုပါတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် လားရှိုးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်မောင်က တက္ကသိုလ်ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက လားရှိုးတက္ကသိုလ် ဖွံ့ဖြိုးတိုးတက်မှုကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ကြောင်း၊ စာသင်ဆောင်သစ်များနှင့် ဝန်ထမ်းအိမ်ရာသစ်များလည်း တိုးတက်ကာ သန့်ရှင်းသာယာလှပလျက်ရှိပါကြောင်း၊ တက္ကသိုလ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန်နှင့် နောင်ဖွံ့ဖြိုးတိုးတက်လာမည့် အဆောက်အအုံများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ အခြေအနေကို ထည့်သွင်းစဉ်းစားပြီး ရေရှည်စီမံချက်တစ်ခုကို ပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ပညာရှင်များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

တက္ကသိုလ်တစ်ခု၏ အင်္ဂါရပ်တွင် စာသင်ဆောင်များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအပြင် ကျောင်းသား ကျောင်းသူများ နေထိုင်မည့် အဆောင်များနှင့် ပျော်ရွှင်ဖွယ်ပတ်ဝန်းကျင်ကောင်းများသည် မရှိမဖြစ် လိုအပ်ပါကြောင်း။

ထို့ပြင် အရေးကြီးဆုံးအင်္ဂါရပ်တစ်ခုသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးပိုင်းဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်ဝအောင် ကြိုးစားပြီး အာဆီယံဒေသမှတစ်ဆင့် နိုင်ငံတကာအဆင့်အထိ ချိတ်ဆက်သင်ကြားလေ့လာနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စာသင်ဆောင်များအား ကြည့်ရှုစစ်ဆေး၍ အဆိုပါတက္ကသိုလ်၌ ကျင်းပသည့် ယူပုံသုံးထပ်စာသင်ဆောင် (လားရှိုးဆောင်-၂) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် လားရှိုးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်မောင်တို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးတက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတက ကျောင်းဆောင်သစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ရှမ်း၊ ပလောင်၊ မြောင်ဇီး၊ ဝ၊ ကချင်နှင့် ကိုးကန့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယနေ့ဖွင့်လှစ်သည့် လားရှိုးတက္ကသိုလ် ယူပုံ သုံးထပ်စာသင်ဆောင်သည် စာသင်ခန်း ၃၀ ပါ သုံးထပ်ကျောင်းဆောင်သစ်ကြီးဖြစ်ပြီး ၎င်းကျောင်းဆောင်သစ်တွင် ဘွဲ့ကြိုတန်းများ၊ ဘွဲ့လွန်အရည်အချင်းစစ်သင်တန်းများနှင့် ဘွဲ့လွန်သင်တန်းများကို သင်ကြားလျက်ရှိပြီး ရုံးခန်း(၂)ခန်း၊ အစည်းအဝေးခန်းမ၊ နိုင်ငံတကာ ဆက်ဆံရေးဌာန၊ ပထဝီဌာန၊ မြန်မာစာဌာန၊ သင်ကြားရေးဌာနနှစ်ခုနှင့် အားကစားခန်းမတို့ ပါဝင်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လားရှိုးမြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# ရန်ကုန်ဆေးရုံကြီး၏ ဝန်ဆောင်မှုကောင်းမွန်လာမှုကြောင့် ပြည်သူများပိုမိုအားထားလာ

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ ဝန်ဆောင်မှုများ ကောင်းမွန်လာမှုကြောင့် လာရောက်ဆေးကုသသည့် လူနာများ၏ အဆင်ပြေချောမွေ့မှုသည် ပြည်သူများကြား ကောင်းသတင်းအဖြစ် ထွက်ပေါ်လာရုံသာမက လူမှုကွန်ရက်စာမျက်နှာပေါ်တွင်လည်း ယင်းဆေးရုံကြီး၏ အခမဲ့ကုသပေးမှု၊ အရေးပေါ်ဌာနနှင့် ခွဲစိတ်ဌာနမှ ဆရာ ဆရာမများ၏ စေတနာအပြည့်ဖြင့် တာဝန်ထမ်းဆောင်မှုများသည်လည်း မကြာခင်ရက်ပိုင်းအတွင်းက ပျံ့နှံ့ခဲ့သည်။

"၂၀၁၀ ခုနှစ်မတိုင်မီက စရိတ်မျှပေးကျန်းမာရေးဆိုပြီး စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီတုန်းက ဆေးဝါးပိုင်းဆိုင်ရာ ပံ့ပိုးမှုအားနည်းချက်တွေရှိခဲ့တယ်။ အခုနောက်ပိုင်းမှာ နိုင်ငံတော်က ကျန်းမာရေးအသုံးစရိတ်ကို နှစ်စဉ် ပိုမိုချပေးခဲ့တဲ့အတွက် အခမဲ့ဝန်ဆောင်မှုတွေကို ပိုမိုပြုလုပ်ပေးလာနိုင်ခဲ့တယ်။ အခုဆိုရင် အရင်နဲ့မတူဘူး။ ပြည်သူတွေအနေနဲ့ ပြည်သူ့ဆေးရုံကြီးကို ပိုမိုအားကိုးလာပါတယ်"ဟု အဆိုပါဆေးရုံမှ လက်ထောက်ဆေးရုံအုပ်ဒေါက်တာသူရက ပြောသည်။

အဆိုပါ ဆေးရုံကြီးတွင် လူနာများ၏ စိုက်ထုတ်သုံးစွဲငွေ လျော့ကျစေရန် ၂၀၁၄ ခုနှစ် ဩဂုတ်လမှ စတင်၍ အရေးပေါ်လူနာနှင့် အတွင်းလူနာများအားလုံးအတွက် ဆေးရုံမှတ်တမ်းစာအုပ်နှင့် လိုအပ်သောဆေးများကို အခမဲ့ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ၂၀၁၄ ခုနှစ် စက်တင်ဘာလမှစ၍ အရေးပေါ်လူနာများအတွက် Digital X-ray၊ Ultra-Sound၊ CT, MRI ရိုက်ကူးခြင်းနှင့် အရေးပေါ်လူနာများအတွက် ခွဲစိတ်ခွဲစမ်းသပ်မှု အမျိုးအစား ၇ မျိုး၊ အရေးပေါ် အသက်ကယ်ထိုးဆေးများကို အခမဲ့ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အလားတူ အရေးပေါ်လူနာများနှင့် အတွင်းလူနာများအတွက် အောက်ဆီဂျင်၊ အခြေခံဆေးဝါးများနှင့် အရေးကြီး အသုံးများသည့် ဆေးဝါးများကိုလည်း ယခုအခါ အခမဲ့ပေးနေသည့်အပြင် ၂၀၁၅ ခုနှစ် မတ်လမှစ၍ အတွင်းလူနာများအတွက် Digital X-ray၊ Ultra-Sound၊ CT, MRI ရိုက်ကူးခြင်း၊ မေလတွင် အတွင်းလူနာခွဲစိတ်ခွဲစမ်းသပ်မှု ၄၈ မျိုးတို့ကို အခမဲ့အဖြစ် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"အရင်လို မဟုတ်တော့ဘူး၊ တော်တော်ပြောင်းလဲသွားပြီ။ အရင်တုန်းက ဆေးရုံပေါက် အဝင်အထွက် လုပ်တာနဲ့ ငွေတောင်းခံမှုတွေ ရှိခဲ့တယ်။ အခုတော့ ဒီလိုအကျင့်ပျက်ဝန်ထမ်းတချို့ မရှိကြတော့ပါဘူး။ ဆေးဝါးကအစ အခမဲ့ဖြစ်လာပါပြီ။ ဒါမှလည်း ပိုက်ဆံမရှိလို့ ဆေးရုံမတက်နိုင်တဲ့ ဘဝမျိုးတွေကနေ လွတ်မှာပါ"ဟု ပန်းတနော်မြို့နယ်မှ လာရောက်ဆေးကုသနေသူ လူနာရှင်တစ်ဦးက ပြောသည်။

ယင်းဆေးရုံကြီးတွင် လာရောက်ကုသသူ ပြည်သူများအတွက် စိတ်အနှောင့်အယှက်ဖြစ်စေမည့် စည်းကမ်းပျက် အောက်ခြေဝန်ထမ်းများ မရှိစေရန် အရေးပေါ်နှင့် ပြင်ပလူနာဌာနတွင် လုံခြုံရေးကင်မရာ ၁၆ ခုကို တပ်ဆင်ထားကာ ၄၅ ရက်အတွင်း မှတ်တမ်းများကို ပြန်လည်ကြည့်ရှုစစ်ဆေးနိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသည့် လူနာများ၏ စိုက်ထုတ်သုံးစွဲငွေ လျော့ကျစေရန်အတွက် အခမဲ့ဆောင်ရွက်မှုများနှင့် အရေးပေါ်ကုသဌာန၏ ဝန်ဆောင်မှုများ ပိုမိုမြှင့်တင်လာမှုကြောင့် ပြည်သူများအဆင်ပြေလျက်ရှိပြီး ပိုမိုအားထားလာကြသည်။

ယခုအခါ အရေးပေါ်ကုသမှုဌာနသို့ နေ့စဉ်ပျမ်းမျှ လူနာ ၂၅၀ မှ ၃၀၀ ခန့် လာရောက်လေ့ရှိပြီး အရေးပေါ်ခွဲစိတ်မှုအနေဖြင့် နေ့စဉ် လူနာ ၃၀ ခန့်ကို အဆိုင်း တစ်ဆိုင်းလျှင် အထူးကုဆရာဝန်ကြီးများ၊ ဆရာ ဆရာမများ ၄၀ ခန့်နှင့် အငယ်တန်းဝန်ထမ်း ၄၀ ခန့်တို့က တစ်နေ့လျှင် အဆိုင်းနှစ်ဆိုင်းဖြင့် လူနာများအတွက် အရေးပေါ်ကုသမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၃ ခုနှစ်၌ အတွင်းလူနာ ၅၈၀၀၀ ကျော်၊ ၂၀၁၄ ခုနှစ်တွင် အတွင်းလူနာ ၆၀၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က ကျန်းမာရေးအသုံးစရိတ်အနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွက် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကျပ်သိန်း ၇၅၀၀၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကျပ်သိန်း ၂၄၅၀၀ နှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကျပ်သိန်း ၃၈၅၅၀ တို့ကို တစ်နှစ်ထက်တစ်နှစ်တိုးမြှင့်ချထားပေးခဲ့၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို အဘက်ဘက်မှ အဆင့်မြှင့်တင်နိုင်ခဲ့သည်။

**သတင်း-ဇော်ကြီး(ပဏီတ)**

# မွန်ဂိုလီးယားနိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၁၅ ခုနှစ် ဇူလိုင် ၁၁ရက်တွင် ကျရောက်သည့် မွန်ဂိုလီးယားနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မွန်ဂိုလီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာလွှန်ဒက်ပါရက် ဆူရမ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**


**စက်မှုဝန်ကြီးဌာန**
**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ)၊ ဘက်ထရီထုတ်လုပ်မှုအလုပ်ရုံ(ထုံးဘို)တွင် ဘက်ထရီများ ထုတ်လုပ်ရန်အတွက် လိုအပ်သော ခဲစင် (Pure Lead) (၅၀၅)တန်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံ ရောင်းချမည့်နေ့ရက် - ၁၀-၇-၂၀၁၅ရက်မှ ၂၃-၇-၂၀၁၅ရက်အထိ
၃။ တင်ဒါပုံစံရောင်းချမည့်နေရာနှင့် - ထုတ်လုပ်ရေးဌာန၊ အမှတ်(၂)အကြီးစား စက်မှုလုပ်ငန်း
တင်သွင်းရမည့်နေရာ - ရုံးအမှတ်(၄၁)၊ နေပြည်တော်
၄။ တင်ဒါပိတ်မည့်ရက် - ၂၄-၇-၂၀၁၅ရက်၊ ၁၆း၀၀နာရီ
၅။ တင်ဒါစည်းကမ်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ထုတ်လုပ်ရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၄၅၊ ၀၆၇-၄၀၈၂၀၄


## ✱ ရာဇဂြိုဟ်ဆည်မှ

နန်းကျစ်လှော်ချောင်းကနေပြီး စက်ယန္တရားအသုံးပြုကာ မြောင်းဖောက်ပေးထားပါတယ်။ လယ်ရေတွေကတော့ ဧကတော်တော်များများ ရေရရှိပြီးဖြစ်ပါတယ်။ လယ်ရေမရပါဘူးဆိုတဲ့ ကျေးရွာတွေကိုလည်း ရေရရှိရေးဆောင်ရွက်ပေးနေပါတယ်"ဟု တည်ဆောက်ရေး-၄မှ AE ဦးသိန်းစိုးက ပြောသည်။

ရာဇဂြိုဟ်ဆည် တည်ဆောက်ရေးလုပ်ငန်းများ အားလုံးပြီးစီးသွားပါက ပင်မတမံကြီးမှ လျှပ်စစ်ဓာတ်အား (၄) မဂ္ဂါဝပ် ထုတ်လွှတ်ပေးမည့်အပြင် ရာဇဂြိုဟ်ကျေးရွာအတွက် DY ၂ မြောင်းမှနေ၍ ကီလိုဝပ် ၂၀ ဝန်းကျင်ရှိ လျှပ်စစ်ဓာတ်အား အသေးစားနှင့် နန်းကျင်းဆောင်ကျေးရွာအတွက် DY ၁ မြောင်းမှနေ၍ ကီလိုဝပ် ၂၀ ဝန်းကျင်ရှိ လျှပ်စစ်ဓာတ်အားများလည်း ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(လင်းလက်ကြယ်စင်)**

# အိန္ဒိယဆေးကျောင်းဝင်ခွင့်စာမေးပွဲအရှုပ်တော်ပုံကြီးကို ဗဟိုမှစစ်ဆေးမည်

**နယူးဒေလီ ဇူလိုင် ၁၀**

အိန္ဒိယနိုင်ငံ မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ဆေးကျောင်းဝင်ခွင့်စာမေးပွဲအရှုပ်တော်ပုံကြီးကို ဗဟိုမှ စုံစမ်းစစ်ဆေးရန် အိန္ဒိယတရားရုံးချုပ်က အမိန့်ထုတ်လိုက်ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြသည်။

ဗဟို စုံစမ်းစစ်ဆေးရေးဗျူရိုက "ဗာပန်" အရှုပ်တော်ပုံကို စစ်ဆေးရန် ပြည်နယ်ရဲတပ်ဖွဲ့ထံမှ လွှဲပြောင်းရယူမည်ဟု မျှော်လင့်ရသည်။

ပြည်နယ်တွင် အစိုးရအလုပ်အကိုင်များနှင့် ဆေးကျောင်းဝင်ခွင့်စာမေးပွဲများ ကျင်းပပေးသည့် ရုံးအဖွဲ့ကို ဟင်ဒီဘာသာအသံဖြင့် "ဗာပန်"ဟု ခေါ်သည်။

အဆိုပါ အရှုပ်တော်ပုံကြီးတွင် ဖမ်းဆီးမှုထောင်ပေါင်းများစွာရှိခဲ့ပြီး အကြောင်းရင်း မသိရှိရသော သေဆုံးမှုများလည်း ရှိခဲ့သည်။

မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်၏ အာဏာရ ဘီဂျေပီ ပါတီအစိုးရသည် စုံစမ်းစစ်ဆေးမှုကို ဝင်ရောက်စွက်ဖက်လျက်ရှိသည်ဟု အတိုက်အခံပါတီများက စွပ်စွဲပြီး ဗဟိုမှ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် တောင်းဆိုခဲ့ကြသည်။

ဗဟိုတရားရုံးချုပ် တရားသူကြီးများက ယင်းသို့ အမိန့်ထုတ်သည့်အပြင် ယင်းအရှုပ်တော်ပုံကို ဗဟိုစုံစမ်းစစ်ဆေးမှုပြုလုပ်ရမည် သို့မဟုတ် မလုပ်ရဟု ဆုံးဖြတ်ချက်ချမှတ်ရန် ငြင်းဆိုသည့်အတွက် မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်တရားရုံးချုပ်ကို ဝေဖန်ခဲ့သည်။

မဒ္ဒရာပရာဒေ့ရှ် ပြည်နယ်တရားရုံးချုပ်သည် ဆုံးဖြတ်ချက်ချရမည့်အစား ၎င်းအမှုကို လက်ရှောင်လို၍ ၎င်းတို့ တရားရုံးသို့ ဘောလုံးပုတ်ထုတ်လိုက်ကြောင်း ဗဟို တရားသူကြီးများက ပြောကြားသည်ဟု အန်ဒီတီဗွီ ရုပ်သံလိုင်းမှ ကိုးကားကြေညာသည်။




ယင်းအရှုပ်တော်ပုံကြီးအတွင်း မေးခွန်းများ ပေါက်ကြားခြင်း၊ အဖြေလွှာများ အလဲအလှယ်ပြုလုပ်ကြခြင်း၊ ထူးချွန်သော ကျောင်းသားများအား ကိုယ်စားဝင်ရောက်ဖြေဆိုစေခြင်းတို့နှင့်အတူ ဆေးကျောင်းဝင်ခွင့်ကို ငွေကြေးအများဆုံးပေးနိုင်သူတို့အား ရောင်းချခြင်းတို့ ပါဝင်သည်။

ကျောင်းဝင်ခွင့်တစ်နေရာအတွက် အိန္ဒိယသုံးငွေရူပီးတစ်သန်း (ဒေါ်လာ ၁၅၇၆၄)နှင့် ရူပီး ခုနစ်သန်း အကြားပေးရသည်ဟု သတင်းများက ဆိုသည်။

လူဦးရေ ၂၅၃၀ ခန့်ကို ၂၀၁၂ ခုနှစ်ကတည်းက အရှုပ်တော်ပုံနှင့် ပတ်သက်သည်ဟု စွပ်စွဲထားသည်။

ရဲတပ်ဖွဲ့သည် လူ ၁၉၈၀ ခန့်ကို ဖမ်းဆီးထားပြီး ၅၅၀ ကို ဖမ်းဆီးရန် ရှာဖွေနေဆဲဖြစ်သည်။ ယင်းအရှုပ်တော်ပုံနှင့် စပ်ဆိုင်သော အမှုပေါင်း ၅၅ မှုကို ပြည်နယ်၏ တရားရုံး ၂၀ က စစ်ဆေးလျက်ရှိသည်။

နှစ်နှစ်အတွင်း အဆိုပါအရှုပ်တော်ပုံနှင့် ပတ်သက်သည်ဟု စွပ်စွဲခံထားရသူ ၃၃ ဦးခန့် သေဆုံးခဲ့ပြီဖြစ်ရာ ရိုးရိုးသားသား သေဆုံးခြင်းမဟုတ်ဟု သံသယများ ကြီးမားလာလျက်ရှိသည်။ ထိုသေဆုံးမှု အများအပြားသည် အရှုပ်တော်ပုံနှင့် ဆက်စပ်မှု ရှိမရှိမှာ ရှင်းရှင်းလင်းလင်း မရှိပေ။

**ရိုက်တာ။**

---



# နျူကလီးယားဆိုင်ရာဆွေးနွေးပွဲတွင် ကမ္ဘာ့နိုင်ငံများ ရပ်တည်ချက်ပြောင်းလဲဟု အီရန်စွပ်စွဲ

**ဗီယင်နာ ဇူလိုင် ၁၀**

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ကျင်းပလျက်ရှိသော နျူကလီးယားဆိုင်ရာ ဆွေးနွေးပွဲတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများက ၎င်းတို့၏ ရပ်တည်ချက်များကို ပြင်ဆင်ပြောင်းလဲခဲ့ကြောင်း အီရန်နိုင်ငံက ဇူလိုင် ၁၀ ရက်တွင် စွပ်စွဲပြောကြားလိုက်သည်။

ဆွေးနွေးပွဲ နောက်ဆုံးသတ်မှတ်ရက်အမီ သဘောတူညီချက်မရရှိဘဲ ဆွေးနွေးမှုများ မပြီးပြတ်သေးသဖြင့် ရက်သတ္တပတ်ကုန်ဆုံးချိန်အထိ ဆက်လက်ဆွေးနွေးကြဖွယ်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်က ပြောကြားသည်။

တိုးတက်မှုရရှိမည်ဟု မိမိတို့ ယုံကြည်ခြင်းကြောင့် ဗီယင်နာသို့ လာရောက်ဆွေးနွေးခြင်းဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက သတင်းထောက်များအား ပြောကြားသည်။

မိမိတို့သည် ဆွေးနွေးပွဲစားပွဲတွင် ရက်အကန့်အသတ်မရှိ အချိန်ကုန်ခံမည်မဟုတ်ကြောင်း၊ အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်းမရှိပါက နျူကလီးယားဆွေးနွေးပွဲအဆုံးသတ်ရန် မိမိတို့ တောင်းဆိုမည်ဖြစ်ကြောင်း ကယ်ရီက ပြောကြားသည်။

ဆွေးနွေးပွဲကို ကပျာကသီ အဆုံးသတ်စေမည်မဟုတ်ကြောင်း၊ ဆွေးနွေးပွဲကို တက်သုတ်ရိုက်ကျင်းပခြင်းကိုလည်း မိမိတို့ မလိုလားကြောင်း ကယ်ရီက ပြောကြားသည်။

မကြာသေးမီရက်များအတွင်း အမေရိကန်၊ ဥရောပနှင့် အီရန် စေ့စပ်ဆွေးနွေးရေးမှူးများက မျှော်လင့်ချက်ကြီးကြီးမားမား ရှိနေခဲ့ကြသော်လည်း အရေးကြီးသော နိုင်ငံရေးဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်းမရှိဟု အီရန်နှင့် အမေရိကန်တို့က တစ်ဦးနှင့်တစ်ဦး အပြစ်တင်ပြောကြားခဲ့ကြသည်။

**ရိုက်တာ။**

# အင်ဒိုနီးရှားနိုင်ငံတွင် မီးတောင်လှုပ်ရှားမှုကြောင့် လေဆိပ်များ ယာယီပိတ်

**ဂျကာတာ ဇူလိုင် ၁၀**

အင်ဒိုနီးရှားနိုင်ငံတွင် မီးတောင်လှုပ်ရှားမှုကြောင့် ကမ္ဘာလှည့်ခရီးသွားအများစုလည်ပတ်သည့် ဘာလီကျွန်းရှိ လေဆိပ်များအပါအဝင် လေဆိပ်ငါးခုကို ယာယီပိတ်ထားကြောင်း ပို့ဆောင်ရေးအရာရှိများက ဆိုသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်မှစပြီး ဂျာဗားကျွန်းအရှေ့ပိုင်းရှိ ရောင်းမီးတောင်မှ မီးခိုးပြာများမှုတ်ထုတ်လျက်ရှိသည်။ ထိုသို့ မီးခိုးပြာများမှုတ်ထုတ်မှုကြောင့် လေယာဉ်ပျံသန်းမှုကို အနှောင့်အယှက်ဖြစ်စေသည်။

ဘာလီကျွန်းနှင့် ဩစတြေးလျနိုင်ငံသို့ ပျံသန်းနေသော လေကြောင်းလိုင်းများကို ဖျက်သိမ်းထားသဖြင့် ခရီးသည်အများအပြား လေဆိပ်များတွင် သောင်တင်လျက်ရှိသည်။

ဘာလီကျွန်းသည် ဩစတြေးလျနိုင်ငံသား အများဆုံးသွားလာလည်ပတ်သည့် နေရာဖြစ်သည်။ မီးတောင်၏ အခြေအနေပေါ်မူတည်ပြီး လေဆိပ်များကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် ရောင်းမီးတောင်သည် ဒန်ပါဆာလေဆိပ်နှင့် ၇၅ မိုင်ခန့်သာ ကွာဝေးကြောင်း အင်ဒိုနီးရှား ပို့ဆောင်ရေးဝန်ကြီးဌာနက ပြောသည်။

မီးတောင်မှ မီးခိုးငွေ့များ မှုတ်ထုတ်မှုကြောင့် ဒမ်ပါဆာလေဆိပ်အပြင် လွမ်ဘော့ကျွန်းရှိ နိုင်ငံတကာလေဆိပ်နှင့် စီလာပါရန်လေဆိပ်၊ အရှေ့ ဂျာဗားကျွန်းရှိ ဘလင်ဘန်ဆာရီလေဆိပ်နှင့် နိုတိုဟာဒီ နီဂိုရိုလေဆိပ်များကို ယာယီပိတ်ထားကြောင်းသိရသည်။ **ဆင်ဟွာ။**



---

# ယခုလအတွင်း နိုင်ငံတကာစစ်ရေးလေ့ကျင့်မှုများ ယူကရိန်းနိုင်ငံတွင် ပြုလုပ်မည်

**ကိဗ်ယက် ဇူလိုင် ၁၀**

နိုင်ငံတကာစစ်ရေးလေ့ကျင့်မှုများဖြစ်သော Saber Guardian နှင့် Rapid Trident-2015 တို့ကို ဇူလိုင် ၂၀ ရက်မှ ၃၀ ရက်ထိ ယူကရိန်းနိုင်ငံအနောက်ပိုင်း ယာဗိုရက်ဗ်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ဒုတိယကာကွယ်ရေးဝန်ကြီး အိုင်ဂေါ်ဒေါလ်ဂေ့ဗ်က ပြောကြားသည်။

ယူကရိန်းနိုင်ငံဘက်မှ တပ်ဖွဲ့ဝင် ၈၀၀ နီးပါး အဆိုပါစစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်မည်ဖြစ်ပြီး အခြားတိုင်းပြည်များမှ တပ်ဖွဲ့ဝင် ၈၀၀ နီးပါးလည်း လာရောက်လေ့ကျင့်မည်ဖြစ်ကြောင်း ၎င်းက မီဒီယာရှင်းလင်းပွဲတစ်ခုတွင် သတင်းထောက်များသို့ ပြောကြားခဲ့သည်။ ယင်းစစ်ရေးလေ့ကျင့်မှုများတွင် အမေရိကန်ပြည်ထောင်စု၊ ဂရိတ်ဗြိတိန်၊ ပိုလန်၊ ရိုမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဂျော်ဂျီယာနှင့် လစ်သူရေးနီးယား အစရှိသော ပြည်ပတိုင်းပြည်ခုနစ်ခုမှ တပ်ဖွဲ့ဝင်များ ပါဝင်လေ့ကျင့်ရန် မျှော်မှန်းထားကြောင်း ၎င်းကဆိုသည်။

စစ်ရေးလေ့ကျင့်မှုများမှာ ယူကရိန်းလက်နက်ကိုင်တပ်ဖွဲ့နှင့် အခြားတိုင်းပြည်များမှ တပ်ဖွဲ့ဝင်များကြား ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းလာစေရန် ရည်ရွယ်ကြောင်း သိရသည်။ စစ်ရေးလေ့ကျင့်မှုများပြုလုပ်ရန် ကြေညာမှုမှာ ၂၀၁၄ ခုနှစ်ကတည်းက လူအသက်ပေါင်း ၆၄၀၀ ထက်မနည်း ဆုံးရှုံးခဲ့ရသော ပဋိပက္ခတစ်ခုအတွင်း လွတ်လပ်ရေးလိုလားသူ သူပုန်များကို အစိုးရတပ်ဖွဲ့များက တိုက်ခိုက်နေသော ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ လက်နက်ကိုင်ထိပ်တိုက်တွေ့ဆုံမှုတစ်ခု ဖြစ်ပွားနေစဉ်အတွင်း ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ယာဗိုရက်ဗ်စစ်ဘက်အခြေစိုက်စခန်းမှာ ပိုလန်နယ်စပ်အနီးနှင့် ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ တိုက်ခိုက်မှုဖြစ်ပွားနေသောနယ်မြေမှ ကီလိုမီတာ ၁၀၀၀ နီးပါးအကွာတွင် တည်ရှိသည်။

**ဆင်ဟွာ။**

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

## သင်ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံပါနှင့် မဲပေးနိုင်ရန် မဲစာရင်းကြေညာသည့်အခါ သွားရောက်ကြည့်ရှုပါ။

## မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ မဲစာရင်းတွင် ပါဝင်ရန် ပုံစံ(၃-က)ဖြင့် လျှောက်ထားနိုင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

**ကြေညာချက်အမှတ်(၃၄/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)

**မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ မဲစာရင်းတွင် ပါဝင်ရန် ပုံစံ(၃-က)ဖြင့် လျှောက်ထားနိုင်ရေး**

၁။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၏ နည်းဥပဒေ ၁၀ ပါ ပြဋ္ဌာန်းထားချက်များအရ အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များသည် မိမိတို့၏ အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးနိုင်ခွင့်ရရှိစေရေးအတွက် မဲစာရင်းတွင် ပါဝင်စေရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ နယ်မြေရှိ လုပ်ငန်းတာဝန်ခံ၏ ထောက်ခံချက်ကိုလည်းကောင်း၊ အလုပ်သမားဖြစ်ပါက သက်ဆိုင်ရာလုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်ကိုလည်းကောင်း၊ အခြားပုဂ္ဂိုလ်ဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်ကိုလည်းကောင်း ဖော်ပြ၍ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်ဖြင့် မဲစာရင်း၌ မိမိတို့၏အမည်ကို ထည့်သွင်းပေးပါရန် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ(၃-က)ဖြင့် လျှောက်ထားရမည်။

(ခ) အပိုဒ်ခွဲ(က)အရ လျှောက်ထားသည့်အခါ ယင်းတို့သည် မဲဆန္ဒရှင်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ကိုက်ညီပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်၍ မဲစာရင်းတွင် အမည်ထည့်သွင်းပေးမည်ဖြစ်သည်။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် အပိုဒ်ခွဲ(ခ)အရ မဲစာရင်းတွင် အမည်စာရင်း ထည့်သွင်းခံရသူ၏ အမည်ကို အမြဲတမ်းနေရပ်၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ မဲစာရင်းမှ ပယ်ဖျက်ပေးနိုင်ရေးအတွက် မိမိတို့၏ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲကလည်း ထိုတင်ပြချက်ကို လိုအပ်သလို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ မဲဆန္ဒရှင်၏ နေရင်းဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ(၃-ခ)သုံးစောင်ဖြင့် အမြန်ဆုံး ဆက်လက်အကြောင်းကြားသွားမည်ဖြစ်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်၍ အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် ဖော်ပြပါ မဲဆန္ဒရှင်များသည် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့ နောက်ဆုံးထားပြီး သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ(၃-က)ဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရွှေတုံးအတုများ လိမ်လည်ရောင်းချနေသော နိုင်ငံခြားသားသုံးဦးအား ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်မှ ပလတ်စတစ် လုပ်ငန်းရှင်တစ်ဦးက တရုတ်နိုင်ငံသား သုံးဦးထံမှ မေ ၂၉ ရက်တွင် ရွှေတုံးတစ်တုံးလျှင် ခြောက်ကျပ်သားခန့်ရှိသော ရွှေတုံး ၁၇၉ တုံးကို ရွှေတစ်တုံးလျှင် အမေရိကန်ဒေါ်လာ ၁၆၂၀ နှုန်းဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၉၀၀၀၀ ဖြင့် ဝယ်ယူခဲ့ပြီးနောက် ဝယ်ယူခဲ့သူမှ ရွှေတုံးများကိုစစ်ဆေးရာ ရွှေမဟုတ်ကြောင်း သိရှိရသဖြင့် ရွှေတုံးအတုများကို လိမ်လည်ရောင်းချသွားသည့် တရုတ်နိုင်ငံသားများအပေါ် အရေးယူပေးရန် တိုင်တန်းချက်အရ ဗိုလ်တထောင် မြို့မရဲစခန်းမှ အမှုဖွင့်ခဲ့ပြီး တရားခံများ ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးခဲ့သည်။

စောင့်ကြည့်သတင်းဖော်ထုတ်ချက်အရ ဇွန် ၁၁ ရက်တွင် ယခင်ရွှေတုံးအတုများ လိမ်လည်ရောင်းချသွားသည့် တရားခံ သုံးဦးတို့ တည်းခိုခဲ့သော ကြည့်မြင်တိုင်မြို့နယ် သီတာရပ်ကွက် ကမ်းနားလမ်း သီရိမင်္ဂလာဈေးဟောင်းအပေါ်ထပ်ရှိ သီရိစံမိုတယ်၌ တရုတ်နိုင်ငံ ကျန်းရှီးပြည်နယ်မှ မသင်္ကာဖွယ်ရာ တရုတ်နိုင်ငံသားသုံးဦး ထပ်မံရောက်ရှိနေကြောင်း စုံစမ်းသိရှိရသဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များက သတင်းရယူ စောင့်ကြည့်စုံစမ်းခဲ့သည်။



ထိုသို့စုံစမ်းခဲ့ရာ ဇူလိုင် ၈ ရက်တွင် အဆိုပါ တရုတ်နိုင်ငံသားနှစ်ဦးသည် သီရိစံမိုတယ်မှ အငှားယာဉ် တစ်စီးဖြင့် ထွက်ခွာသွားသည်ကို တွေ့ရှိရသဖြင့် နောက်ယောင်ခံ၍ လိုက်လံကြည့်ရှုခဲ့ရာ အလုံမြို့နယ် ကမ်းနားလမ်း ဆင်မင်းဈေးအနီးအရောက်တွင် အခြားအငှားယာဉ်တစ်စီးကို ထပ်မံငှားရန်ပြင်ဆင်နေစဉ် အဖြူရောင်ဆာလာအိတ်ဖြင့်ထည့်လျက် မြန်မာကျပ်ငွေသိန်း ၄၆၀၊ Polo Club စာတန်းပါ ခရီးဆောင်အိတ်ဖြင့်ထည့်လျက် မြန်မာကျပ်ငွေသိန်း ၆၄၀၊ အနက်ရောင်လက်ဆွဲအိတ်ဖြင့်ထည့်လျက် အမေရိကန်ဒေါ်လာ တစ်သိန်း၊ မြန်မာကျပ်ငွေ သိန်း ၁၀၀ စုစုပေါင်း မြန်မာကျပ်ငွေ သိန်း ၁၂၀၀နှင့် အမေရိကန်ဒေါ်လာ တစ်သိန်းတို့နှင့်အတူ မသင်္ကာဖွယ်ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ကျန်တရုတ်နိုင်ငံသား တစ်ဦးမှာ ၎င်းတို့တည်းခိုရာ မိုတယ်တွင် နေထိုင်လျက်ရှိကြောင်း စစ်ဆေးသိရှိရသဖြင့် ထပ်မံဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံ၌တွေ့ရှိရသည့် မြန်မာကျပ်ငွေ သိန်း ၁၂၀၀နှင့် အမေရိကန် ဒေါ်လာတစ်သိန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း အထောက်အထားပြောဆိုပြသနိုင်ခြင်းမရှိသောကြောင့် အလုံမြို့မ ရဲစခန်းက(ပ)၂၅၅/၂၀၁၅၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀/၅၄ အရ အမှုဖွင့်စစ်ဆေးခဲ့သည်။**(ဓါတ်ပုံ)**

စစ်ဆေးချက်များအရ တရုတ်နိုင်ငံသားသုံးဦးသည် အဆိုပါ မြန်မာကျပ်ငွေ သိန်း ၁၂၀၀ နှင့် အမေရိကန်ဒေါ်လာ တစ်သိန်းတို့အား အလုံမြို့နယ်အတွင်းရှိ လုပ်ငန်းရှင် တစ်ဦးထံ ရွှေတုံးအတု ၂၁၉ တုံးနှင့် ရွှေအန်းကုံးရှစ်ခြောက်ခုတို့အား ရွှေအစစ်ဟုဆိုကာ လိမ်လည်ရောင်းချရာမှရရှိသော ငွေများဖြစ်ကြောင်း သိရှိရသဖြင့် ဥပဒေနှင့်အညီ ဆက်လက်အရေးယူနိုင်ရေး ကွင်းဆက်သတင်းစုံစမ်းဖော်ထုတ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



သိမ်းဆည်းရမိသော အမေရိကန်ဒေါ်လာ တစ်သိန်း။



## တစ်နေ့လုပ်အားခ ကျပ် ၃၀၀၀ မှ ၅၀၀၀ အကြား ဝင်ငွေရရှိနေကြသည့် တံမြက်စည်းအလုပ်သမားများ

**နေပြည်တော် ဇူလိုင် ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျောက်ခွက်၊ သရက်ပင် စသည့် ကျေးရွာများတွင် တံမြက်စည်းလုပ်ငန်းကို တစ်နှစ်ပတ်လုံးတွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိရာ အဆိုပါတံမြက်စည်းလုပ်ငန်းတွင် နေ့စားလာရောက်လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများသည် ကျွမ်းကျင်မှုအလိုက် တစ်နေ့လျှင် လုပ်အားခ ငွေကျပ် ၃၀၀၀ မှ ၅၀၀၀ အကြား ရရှိကြကြောင်း သိရသည်။

တံမြက်စည်းထုတ်လုပ်ရန်အတွက် ကုန်ကြမ်းကို ရှမ်းရိုးမမှ ခုတ်ယူရရှိပြီး ယင်းတံမြက်စည်းကုန်ကြမ်းကို ၃၆ လက်မတစ်စည်းလျှင် အနည်းဆုံးငွေကျပ် ၅၀၀၀ အထိပေး၍ ဝယ်ယူရကြောင်း တံမြက်စည်းလုပ်ငန်းကို နှစ် ၂၀ ကျော်ကြာလုပ်ကိုင်ခဲ့သည့် ဦးဝင်းမြင့်တံမြက်စည်းလုပ်ငန်းမှ သိရသည်။

တံမြက်စည်းတစ်ချောင်း၏ အရှည်သည် အကြီး ၂၁ လက်မ၊ အသေး ၁၈ လက်မဖြစ်ပြီး တံမြက်စည်းအသေး တစ်ချောင်းလျှင် ကျပ် ၃၅၀၊ အကြီးတစ်ချောင်းလျှင် ကျပ် ၄၅၀ ရောင်းရကြောင်း၊ ထွက်ရှိလာသည့် တံမြက်စည်းများကို မိတ္ထီလာ၊ ရမည်းသင်း၊ မြင်းခြံ၊ လှိုင်ကော်၊ လားရှိုး၊ မုံရွာ စသည့် မြို့များသို့ နေ့စဉ်တင်ပို့ရောင်းချသည့်အပြင် ရှမ်းပြည်နယ်ဘက်အထိ ဈေးကွက်ကိုချဲ့ထွင်ရောင်းချလျက်ရှိကြောင်းသိရသည်။

တံမြက်စည်းအလုပ်သမားတစ်ဦး၏ တစ်နေ့လုပ်နိုင်စွမ်းသည် အကြီးဆိုလျှင် အချောင်း ၁၅၀၊ အသေးဆိုပါက အချောင်း ၂၀၀ အထိ ရရှိကြောင်း အဆိုပါ တံမြက်စည်းလုပ်ငန်းမှ သိရသည်။

**(သန်းတင်အောင်)**

ဆောင်းပါး

**ဇူလိုင်လ ၁၁ ရက်နေ့သည် နှစ်စဉ် ကမ္ဘာ့လူဦးရေနေ့ (World Population Day) ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) မှ ဦးဆောင်ကာ ၁၉၈၉ ခုနှစ်မှစတင်ကျင်းပဖြစ်ခဲ့ပြီး ယခုဆိုလျှင် (၂၇) ကြိမ်တိုင်ခဲ့ပြီဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ လူဦးရေတိုးပွားလာမှုကို ပိုမိုသိရှိနိုင်စေရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်း ဖြစ်သည်။ ၁၉၈၉ ဇူလိုင် ၁၉ ရက်တွင် ကမ္ဘာ့လူဦးရေမှာ သန်း ၅၀၀၀ မှတ်တိုင်သို့ နီးကပ်လာခြင်းနှင့်အတူ လူသားထုတစ်ရပ်လုံးကလည်း ကမ္ဘာ့လူဦးရေ သိသိသာသာ တိုးပွားလာခြင်း အပေါ်တွင် စတင်အလေးထားလာခဲ့ကြသည်။**

*အောင်ကျော်သက် (ရွှေတာမြေ)*

# ကမ္ဘာ့လူဦးရေနေ့

ကမ္ဘာ့လူဦးရေသည် ၁၉၀၀ ပြည့်နှစ်တွင် သန်း ၁၅၀၀ ခန့်ရှိနေခဲ့ရာမှ ၁၉၆၀ ပြည့်နှစ်တွင် သန်း ၃၀၀၀ သို့လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် သန်း ၆၀၀၀ သို့လည်းကောင်း အသီးသီးတိုးတက်လာခဲ့ကြောင်း တွေ့ရှိရသည်။ တစ်နည်းအားဖြင့် ၁၉၀၀ ပြည့်နှစ်မှစတင်၍ ပထမနှစ်ပေါင်း ၆၀ အတွင်း နှစ်ဆခန့်တိုးတက်ခဲ့ပြီး ဒုတိယနှစ်ပေါင်း ၄၀ အတွင်း နောက်ထပ်နှစ်ဆတိုးတက်ခဲ့ခြင်းဖြစ်သည်။ လက်ရှိကမ္ဘာ့လူဦးရေ တိုးတက်မှုအခြေအနေကိုကြည့်မည်ဆိုပါက နေ့စဉ် ၂ ဒသမ ၀၄ သိန်းနှုန်းဖြင့် တိုးတက်လျက်ရှိကြောင်း တွေ့ရှိရသည်။ ၁၉၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၆၈ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ပြီး ၎င်းတို့အနက် ရှစ်ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (Least Developed Country,LDC) များမှဖြစ်သည်။ ကမ္ဘာ့လက်ရှိလူဦးရေမှာ သန်း ၇၀၀၀ ကျော်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် သန်း ၈၀၀၀ ကျော်သို့ ရောက်ရှိလာနိုင်သည်။ ထိုအချိန်တွင် ကမ္ဘာ့လူဦးရေ၏ ၈၅ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ပြီး ၎င်းတို့အနက်မှ ၁၅ ရာခိုင်နှုန်းမှာ LDC နိုင်ငံများမှ ဖြစ်လာနိုင်ကြောင်း ခန့်မှန်းထားပါသည်။


ကမ္ဘာ့လူဦးရေတိုးတက်လာမှုအား ကမ္ဘာ့ကုလသမဂ္ဂ၏ ၂၀၁၂ ခုနှစ် ခန့်မှန်းတွက်ချက်မှု အစီရင်ခံစာတွင် ၂၁၀၀ ပြည့်နှစ်အထိ ခန့်မှန်းထားရှိသည်။ ၂၁၀၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေမှာ ၁၀၈၅၄ သန်းထိ ရောက်ရှိလာမည်ဖြစ်ပြီး ထိုအချိန်တွင် ကမ္ဘာ့တိုက်ကြီးများအလိုက် လူဦးရေတည်ရှိမှုအနေဖြင့် အာရှတိုက်မှာ ၄၇၁၂ သန်း(၄၃ ဒသမ ၄ ရာခိုင်နှုန်း)ဖြင့် အများဆုံးနေရာမှ ရပ်တည်ကာ အခြေချနေထိုင်လာမည်ဖြစ်သည်။ လူဦးရေ ၁၀ ဘီလီယံဖြစ်လာမည့် ၂၀၇၀ ပြည့်နှစ်အထိ ခန့်မှန်းတွက်ချက်မှုအား အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်သည်-

| ခုနှစ် | ကမ္ဘာ့လူဦးရေ (သန်း) | တိုးတက်မှု (ရာခိုင်နှုန်း) | တိုးတက်မှုဦးရေ (သန်း) |
|---|---|---|---|
| 2010 | 6,916 | - | - |
| 2015 | 7,324 | 5.89 | 408 |
| 2020 | 7,717 | 5.36 | 393 |
| 2025 | 8,083 | 4.74 | 366 |
| 2030 | 8,425 | 4.23 | 342 |
| 2035 | 8,743 | 3.77 | 318 |
| 2040 | 9,039 | 3.38 | 296 |
| 2045 | 9,308 | 2.97 | 269 |
| 2050 | 9,551 | 2.61 | 243 |
| 2055 | 9,766 | 2.25 | 215 |
| 2060 | 9,957 | 1.95 | 191 |
| 2065 | 10,127 | 1.70 | 170 |
| 2070 | 10,277 | 1.48 | 150 |

လူဦးရေ အဆမတန် တိုးပွားလာမှုသည် လူဦးရေပေါက်ကွဲမှု (Population Boom) ကို ဖြစ်ပေါ်စေပြီး နယ်ပယ်ကဏ္ဍမျိုးစုံသို့ ကြီးမားစွာ သက်ရောက်မှုရှိနေသည်။ လူသားတို့၏ အခြေခံလိုအပ်ချက်များဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေးအတွက်ပင် အခက်အခဲများစွာနှင့် ရင်ဆိုင်ကြရသည်။ အစာအာဟာရလိုအပ်မှုအတွက် မွေးမြူရေးလုပ်ငန်းများအား တိုးချဲ့လုပ်ကိုင်ရန် လိုအပ်လာသည်။ စားသုံးသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်ကြရသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် စိုက်ပျိုးမြေများနှင့် စားကျက်မြေများကို အသုံးပြုကြရသည်။ ထို့အပြင် အဝတ်အစားနှင့် လူတို့နေထိုင်ရန် နေအိမ်များအတွက် စက်ရုံ/အလုပ်ရုံနှင့် မြို့ပြမြေယာများ တိုးချဲ့အသုံးပြုရန် လိုအပ်လာခဲ့သည်။ ထို့ကြောင့် မြေလွတ်မြေရိုင်းများနှင့် အချို့သောနေရာများတွင် စိုက်ပျိုးမြေများကို စက်ရုံ/အလုပ်ရုံနှင့် မြို့ပြမြေယာများအဖြစ် မဖြစ်မနေပြောင်းလဲ အသုံးပြုရန် လိုအပ်လာခဲ့သည်။ ဤတွင် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များ စတင်ပျက်ယွင်းလာသည်။ သစ်တောဧရိယာ အမြောက်အမြား ဆုံးရှုံးလာခြင်း၊ စက်ရုံ/အလုပ်ရုံများမှ ကာဗွန်ဒိုင်အောက်ဆိုက် အမြောက်အမြားထုတ်လွှတ်လာခြင်းတို့ကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ မုန်တိုင်းကြီးများ၊ မြေငလျင်လှုပ်ရှားမှုများ၊ မီးတောင်ပေါက်ကွဲမှုများ၊ ရေကြီးရေလျှံမှုများစသည့် သဘာဝဘေးအန္တရာယ်ကြီးများနှင့် ရင်ဆိုင်လာခဲ့ကြရသည်။

စီးပွားရေးကဏ္ဍတွင် လူဦးရေတိုးပွားနှုန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးပညာရပ် စတင်ပေါ်ပေါက်လာကတည်းကပင် ဆက်စပ်နေခဲ့သည်။ ၎င်းဆက်စပ်မှုအား အစောဆုံးတင်ပြခဲ့သည့် Malthus (1798)၏ အဆိုအရ လူဦးရေတိုးပွားလာမှုကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက လိုက်မမီနိုင်ဟု ဖော်ပြခဲ့သည်။ ထို့အတွက် အထိန်းအချုပ်မဲ့လူဦးရေတိုးတက်နေသည့် နိုင်ငံတစ်နိုင်ငံသည် အနေ့နှင့်အမြန်ဆိုသကဲ့သို့ ဆင်းရဲတွင်းသို့ ကျဆင်းရမည်ဟုဆိုလိုသည်။ သို့ရာတွင် အချို့ဖွံ့ဖြိုးပြီးနိုင်ငံများမှ ယင်းအဆိုမြင်ရှုထောင့်ကို ချေဖျက်ပြခဲ့ပြီး နိုင်ငံ့စီးပွားရေးအား အတက်ဘက်တွင်သာ ထိန်းထားနိုင်ပါက နိုင်ငံ့လူဦးရေတိုးတက်လာချိန်တွင် လူတစ်ဦးချင်းစီ၏ ဝင်ငွေနှင့် ပြည်တွင်းစုစုပေါင်းထုတ်ကုန်တန်ဖိုးကို တိုးတက်စေရန်ဆောင်ရွက်နိုင်ကြောင်း သက်သေပြခဲ့ကြသည်။ လူဦးရေတိုးပွားမှုသည် အလုပ်သမားအင်အားကို ပိုမိုကြီးထွားလာစေပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေသည်။ ထို့အပြင် လူဦးရေများပြားလာသဖြင့် ယှဉ်ပြိုင်မှုကို ဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် နည်းပညာ အဆင့်မြင့်မားလာမှု၊ တီထွင်ဖန်တီးမှုများ ပေါ်ထွက်လာသည်ဟု အကောင်းမြင်ရှုထောင့်မှ ယူဆကြသည်။ လူဦးရေ အပြောင်းအလဲဖြစ်ပေါ်ခြင်းက နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးအလားအလာကို အဆုံးအဖြတ်ပေးနိုင်သည်။ ကမ္ဘာ့နိုင်ငံပေါင်း ၂၂၇ နိုင်ငံအနက် ၁၉၄ နိုင်ငံ၌ လူဦးရေတိုးတက်နှုန်း မြန်လာကြောင်း ကိန်းဂဏန်းများအရ သိရှိနိုင်သည်။ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံကြီးများဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံ အနေဖြင့် လာမည့်ဆယ်စုနှစ်အတွင်း နိုင်ငံတကာကုန်သွယ်ရေး၏အလယ်ဗဟိုသို့ ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ရှိ လူဦးရေ သိပ္ပံပညာအင်စတီကျူမှ ခန့်မှန်းထားသည်။

> **လူဦးရေ အဆမတန် တိုးပွားလာခြင်းသည် လူနေထူထပ်မှုကို ဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် လုံခြုံရေး၊ ကျန်းမာရေး၊ လူမှုရေး နယ်ပယ်များနှင့် သဘာဝ ပတ်ဝန်းကျင်အပေါ်တွင် ပြင်းထန်စွာ ရိုက်ခတ်စေ။**




| အဆင့် (လူဦးရေ) | နိုင်ငံ | လူဦးရေ | တစ်ဦးချင်းဝင်ငွေ (US$) | GDP အဆင့် |
|---|---|---|---|---|
| 1 | China | 1,355,692,576 | 9,800 | 120 |
| 2 | India | 1,236,344,631 | 4,000 | 168 |
| 3 | European Union | 509,365,627 | 34,500 | 41 |
| 4 | United State | 318,892,103 | 52,800 | 13 |
| 5 | Indonesia | 253,609,643 | 5,200 | 158 |
| 6 | Brazil | 202,656,788 | 12,100 | 105 |
| 7 | Pakistan | 196,174,380 | 3,100 | 176 |
| 8 | Nigeria | 177,155,754 | 2,800 | 180 |
| 9 | Bangladesh | 166,280,712 | 2,100 | 194 |
| 10 | Russia | 142,470,272 | 18,100 | 77 |

ဖော်ပြပါ ၁၀ နိုင်ငံမှာ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး ထိပ်တန်း ၁၀ နိုင်ငံဖြစ်ပြီး လူဦးရေများပြားမှုနှင့်အတူ ၎င်းနိုင်ငံများရှိနိုင်ငံသားတစ်ဦးချင်း၏ ဝင်ငွေနှင့် နိုင်ငံများအလိုက် GDP အဆင့် သတ်မှတ်ချက်များအား နှိုင်းယှဉ်လေ့လာနိုင်စေရန် ဖော်ပြအပ်ပါသည်။ ဖော်ပြပါနိုင်ငံများတွင် နိုင်ငံသားတစ်ဦးချင်း ဝင်ငွေမှာ နိုင်ငံများ၏ ဖွံ့ဖြိုးပြီး/ဖွံ့ဖြိုးဆဲကွာခြားခြင်း၊ နိုင်ငံရေးတည်ငြိမ်မှုရှိ/မရှိနှင့် အခြားသောစီးပွားရေးဆိုင်ရာ အကြောင်းအရာများစွာတို့အပေါ်တွင် မူတည်နေသော်လည်း အဆမတန်တိုးပွားလာနေသော လူဦးရေအား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များဖြင့် စနစ်တကျ စီမံခန့်ခွဲနိုင်ခြင်းမရှိပါက ထိုနိုင်ငံ၏ လူဦးရေတိုးပွားမှုမှာ အန္တရာယ်ရှိသော လူဦးရေတိုးပွားမှုပင်ဖြစ်သည်။ ဆင်းရဲမှုအညွှန်းကိန်းများသည် နိုင်ငံ့လူဦးရေအပေါ်တွင် များစွာမူတည်နေသည်။ လူဦးရေတိုးပွားလာမှုကို စနစ်တကျထိန်းချုပ်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များသည် နိုင်ငံတစ်နိုင်ငံ၏ မဟာဗျူဟာမြောက် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတွင် အရေးကြီးကဏ္ဍကြီးတစ်ရပ်အဖြစ် ပါဝင်လျက်ရှိနေသည်။

လူဦးရေ အဆမတန် တိုးပွားလာခြင်းသည် လူနေထူထပ်မှုကို ဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် လုံခြုံရေး၊ ကျန်းမာရေး၊ လူမှုရေးနယ်ပယ်များနှင့် သဘာဝပတ်ဝန်းကျင်အပေါ်တွင် ပြင်းထန်စွာ ရိုက်ခတ်စေပါသည်။ လူဦးရေတိုးပွားလာမှုအတွက် အဆိုးအမြင်ဖြင့် သုံးသပ်ရန်မဟုတ်သော်လည်း အခြားတစ်ဖက်တွင် ပြင်ဆင်သင့်သည်များကိုလည်း အလေးထားပြင်ဆင်ထားရှိရန် လိုအပ်လာပါသည်။ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများအတွက် နယ်ပယ်ကဏ္ဍမျိုးစုံမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်လာသည်။ ကမ္ဘာမြေကြီး စိုပြည်ကျန်းမာမှသာလျှင် ထိုကမ္ဘာမြေကြီးပေါ်တွင် မှီခို၍ ရှင်သန်ရပ်တည်ကြရသည့် ကျွန်ုပ်တို့လူသားများသည်လည်း ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်မည်ဖြစ်သည်။

ပထမဦးစွာ လူဦးရေထိန်းချုပ်ရေး (Population control) လုပ်ငန်းစဉ်များကို စနစ်တကျ လုပ်ဆောင်ခြင်း၊ ထိုမှတစ်ဆင့် ဆင်းရဲမှုနှုန်းလျော့နည်းပြီး ကျန်းမာပျော်ရွှင်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာစေရန် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး (Human resource development) နှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာလုပ်ငန်းစဉ်များကို လုပ်ဆောင်ရန် လိုအပ်သည်။ ထို့နောက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အထွက်နှုန်းမြင့်မားသည့် မျိုးကောင်းမျိုးသန့်များ သုံးစွဲလုပ်ကိုင်ခြင်း၊ ခေတ်မီနည်းပညာများ ပေါင်းစပ်အသုံးပြုခြင်းစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်ဖြစ်သည်။ ရုပ်ကြွင်းလောင်စာ သုံးစွဲမှုမြင့်မားလျက်ရှိသည့်ကဏ္ဍများ၊ အထူးသဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ဆိုလာနှင့် လျှပ်စစ်သုံးသယ်ယူပို့ဆောင်ရေးယာဉ်များဖြင့် အစားထိုးသုံးစွဲရန် လိုအပ်မည်ဖြစ်သည်။

ကမ္ဘာ့မြေစိမ်းလန်းစိုပြည်ရေးအတွက် အစိမ်းရောင်စီးပွားရေး(Green economy) လုပ်ငန်းများနှင့် အစိမ်းရောင်နည်းပညာ(Green technology) များ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်ကြရမည်ဖြစ်သည်။ လူဦးရေတိုးပွားလာမှုသည် ရေရှည်တည်တံ့ခိုင်မြဲသည့် လူ့အဖွဲ့အစည်း (Sustainable society) ကို ဖြစ်ပေါ်လာစေပြီး ထိုမှတစ်ဆင့် သာယာပျော်ရွှင်ဖွယ်ရာကောင်းသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို ဖြစ်ထွန်းပေါ်ပေါက်စေလိုကြောင်းဖြင့် တိုက်တွန်းရေးသားအပ်ပါသည်။ ။

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် လုပ်ငန်းများ စစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၀**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ စက်မှုကုန်ကြမ်းများ ($Na_2Co_3$, $NH_4CL$ နှင့် HCL) ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော မြောင်းတကာသံမဏိစက်မှုဇုန်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ဟန်ဌေးအောင်ကုမ္ပဏီလီမိတက်၏ စက်ရုံတည်ဆောက်ရေးလုပ်ငန်းများအား ဇွန် ၃၀ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## အမှုဆောင်သစ်ရွေးချယ်တင်မြှောက်

**ပုသိမ် ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး သတင်းစာဆရာအသင်း အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲ ဇူလိုင် ၈ ရက်က ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ရွေးချယ်တင်မြှောက်ပွဲတွင် ဦးဇော်တင့်(ပုသိမ်) ဥက္ကဋ္ဌ၊ ဦးငွေစိုး(ခြိမ့်နိုင်-မအူပင်)နှင့် ဦးအေးထွန်း (အေးထွန်း-ဟသ်ာတ) ဒုတိယဥက္ကဋ္ဌ၊ ဦးမြင့်ဦး(မြင့်ဦး-မအူပင်) အတွင်းရေးမှူး၊ ဦးစိုးညွန့်(စိုးမိုး-ပုသိမ်) တွဲဖက်အတွင်းရေးမှူး (၁)၊ ဦးကျော်ဇေယျာလွင်- ပုသိမ် တွဲဖက်အတွင်းရေးမှူး(၂)၊ ဦးလှကြည် (ပုသိမ်-လှကြည်)က ဘဏ္ဍာရေးမှူး၊ ဦးတင်ရွှေ (မောင်နေလင်း-ညောင်တုန်း) စာရင်းစစ်၊ ဦးမင်းဇော်ဦး (မင်းဇော်ဦး - ရေကြည်) ပြန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက် ခဲ့ကြကြောင်း သိရသည်။

**(သပြေထွန်း)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မိုဘိုင်းတယ်လီဖုန်းပြောဆိုခနှင့် အင်တာနက်သုံးစွဲမှုအတွက် ကြိုတင်ငွေဖြည့်ကတ်ရောင်းချရခြင်းမှ ငွေကျပ် ၅၇၄ ဒသမ ၉၆၇ ဘီလီယံရရှိ

**နေပြည်တော် ဇူလိုင် ၁၀**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၃) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်း ၃ ခုမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း ၄ ခု တင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားခြင်းနှင့် ဥပဒေကြမ်း ၃ ခု အဆုံးအဖြတ်ရယူခြင်းတို့ကိုဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ **အစိုးရဌာနများတွင် လုပ်ငန်းများအား မည်သည့်ပေါ်လစီဖြင့် တင်ဒါစနစ်ဆောင်ရွက်နေသည်ကိုသိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက အစိုးရဌာနအဖွဲ့အစည်းများ တင်ဒါခေါ်ယူဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိရန်အတွက် နိုင်ငံတော်သမ္မတရုံးမှ **ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းများ**ကို ဝယ်ယူရေးဆိုင်ရာ၊ တည်ဆောက်မှုဆိုင်ရာ၊ ဝန်ဆောင်မှု၊ ငှားရမ်းရောင်းချရေးတင်ဒါများနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များထုတ်ပြန်ထားပြီး အစိုးရအဖွဲ့အစည်းများသည် နိုင်ငံတော်ဘတ်ဂျက်ဖြင့်ဆောင်ရွက်သည့် ပစ္စည်းဝယ်ယူရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ငွေပမာဏနည်းလျှင် ဈေးနှုန်းတင်သွင်းလွှာများဖြင့်လည်းကောင်း၊ ငွေပမာဏများလျှင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း ပွင့်လင်းမြင်သာမှုရှိစေရန် နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာထည့်သွင်းခေါ်ယူလျက်ရှိပါကြောင်း၊ ထို့ပြင် တင်ဒါရွေးချယ်ရေးအတွက် တင်ဒါခေါ်ယူရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါစိစစ် ရွေးချယ်ရေးကော်မတီနှင့်အရည်အသွေးစစ်ဆေးရေးကော်မတီတို့ကို ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

တင်ဒါစနစ်ဖြင့်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအလိုက် တင်ဒါစည်းမျဉ်းစည်းကမ်းများ မတူညီကြသည့်အတွက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ တင်ဒါခေါ်ယူရာတွင် တစ်ပြေးညီပုံစံဖြစ်စေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာ၌ လွယ်ကူချောမွေ့စေရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများ တင်ဒါခေါ်ယူစာချုပ်ချုပ်ဆိုရာတွင် လိုက်နာကျင့်သုံးရမည့် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရန်နှင့် ဝန်ကြီးဌာနအသီးသီး၏ ကန်ထရိုက်စနစ်ဖြင့် ခွင့်ပြုသည့်လုပ်ငန်းများတွင် တူညီသောမူဝါဒများကို အခြေခံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး United Nation Office for Project Services(UNOPS) Myanmar ၏ အကြံဉာဏ်ရယူ၍ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်စာအုပ်ကိုရေးဆွဲခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများသို့ ဖြန့်ဝေခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့်၏ **ဝန်ကြီးဌာနက ခွင့်ပြုထားသော ဆက်သွယ်ရေးအော်ပရေတာမည်မျှရှိ၍ ၎င်းအော်ပရေတာ တစ်ခုစီမှ ဝန်ကြီးဌာနသို့ နှစ်အလိုက် ပေးသွင်းငွေမည်မျှဖြစ်ပြီး ယနေ့အထိ SIM ကတ်များ၊ ငွေဖြည့်ကတ်များ ရောင်းရငွေ၊ Internet ဝန်ဆောင်မှုမှ ရရှိငွေမည်မျှရှိသည်၊ နိုင်ငံခြားဖုန်းကုမ္ပဏီများကို ခွင့်ပြုထားသည့် သဘောတူညီချက်သည် မည်သည့်ကာလအတွက်ဖြစ်သည်နှင့် မည်သို့သော အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပေးသည်တို့ကို သိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်း ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် Nationwide Telecommunication License ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ Ooredoo Myanmar Limited နှင့် Telenor Myanmar Limited တို့အား လုပ်ငန်းလိုင်စင်များ ချထားပေးပြီး တယ်လီဖုန်းဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် KSGM Co.,Ltd နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည့် ၂၀၁၄ ခုနှစ် စက်တင်ဘာမှ ၂၀၁၅ ခုနှစ် ဇွန်အထိ SIM ကတ်ပေါင်း ၈၆၆၉၂၀၀ ရောင်းချထားပြီး ကော်မရှင်ခ ထုတ်နုတ်၍ ရောင်းချရငွေကျပ် ၉ ဒသမ ၁၅၄ ဘီလီယံရရှိခဲ့ပြီး မိုဘိုင်းတယ်လီဖုန်းပြောဆိုခနှင့် အင်တာနက်သုံးစွဲမှုအတွက် ကြိုတင်ငွေဖြည့်ကတ်ရောင်းချရခြင်းမှ ငွေကျပ် ၅၇၄ ဒသမ ၉၆၇ ဘီလီယံရရှိခဲ့ပါကြောင်း။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် လိုင်းနှုန်းအခွန်အခပေးသွင်းရခြင်းမရှိပါကြောင်း၊ ကျန်အော်ပရေတာများဖြစ်သည့် Ooredoo Myanmar Limited အနေဖြင့် ၁၅နှစ်ကာလအတွက် လိုင်းနှုန်းအခွန်အခပေးသွင်းရမည့် ငွေကြေးပမာဏမှာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၀၁၀ ဘီလီယံကို ၃ ရစ် ပေးသွင်းရမည့် အနက် ၇၅ ရာခိုင်နှုန်း ဖြစ်သည့် အမေရိကန်ဒေါ်လာ ၇၅၇ ဒသမ ၅ သန်းနှင့် ညီမျှသည့် ငွေကျပ် ၇၄၁ ဒသမ ၆၅၃ ဘီလီယံကိုရရှိထားပြီးကျန် ၂၅ ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ ၂၅၂ ဒသမ ၅ သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရရှိမည်ဖြစ်ပါကြောင်း၊ Telenor Myanmar Limited မှ ပေးသွင်းရမည့် ငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၅၀၀ အနက် ၇၅ ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ ၃၇၅ သန်းနှင့် ညီမျှသည့် ငွေကျပ် ၃၆၇ ဒသမ ၁၅၅ ဘီလီယံကိုရရှိထားပြီး ကျန် ၂၅ ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ ၁၂၅ သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရရှိမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ၂၀၁၄ ခု မတ် ၂၄ ရက်မှ ၂၀၃၀ ခု မတ် ၂၃ ရက်အထိ ၁၅ နှစ်၊ Ooredoo Myanmar Limited ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ ၂၀၂၉ ခု ဖေဖော်ဝါရီ ၄ ရက်အထိ ၁၅ နှစ်၊ Telenor Myanmar Limited ကို ၂၀၁၄ ခု ဖေဖော်ဝါရီ ၅ ရက်မှ ၂၀၂၉ ခု ဖေဖော်ဝါရီ ၄ ရက်အထိ ၁၅ နှစ် အသီးသီးလုပ်ငန်းဆောင်ရွက်ခွင့်ကို ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများအရ လုပ်ကိုင်ခွင့်ပြုထားပြီးဥပဒေ၊ နည်းဥပဒေ၊ သတ်မှတ်လုပ်ထုံး လုပ်နည်းများနှင့်ကိုက်ညီပါက ဆက်လက် သက်တမ်းတိုး ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှ **အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**၊ ပြည်သူ့လွှတ်တော်မှ **၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ **ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကိုလွှတ်တော်သို့တင်သွင်းရာ အဆိုပါဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သည့် **မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်း**နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့နှင့် စပ်လျဉ်း၍ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည်။

ထို့အတူ စွမ်းအင်ဝန်ကြီးဌာနမှ တင်သွင်းသည့် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ၃၈ ချက် အပါအဝင် ဥပဒေကြမ်းတစ်ရပ်လုံးကို အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း လွှတ်တော်က အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**



လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာ ဝင်းမြင့်။



ဒုတိယဝန်ကြီး ဦးဝင်းသန်း။

## စာပေဗိမာန်ခန်းမအား စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခမဲ့ အသုံးပြုနိုင်ကြောင်း အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနရှိ **စာပေဗိမာန်**သည် ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော **မြန်မာနိုင်ငံဘာသာပြန် အသင်း**မှ စတင်ပေါက်ဖွားလာခဲ့စဉ်မှစ၍ ယနေ့အချိန်အထိ စာပေဆုများ ချီးမြှင့်ခြင်းအပါအဝင် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ မြန်မာစာပေလောက ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ရသစာပေများ ပိုမိုထွန်းကားပြန့်ပွားရေး၊ စာကြည့်တိုက်များ တိုးတက်ဖြစ်ထွန်းရေး၊ သတင်းနှင့်စာနယ်ဇင်း အတတ်ပညာ ခေတ်မီတိုးတက်ရေးတို့ကို ဆောင်ရွက်ရာတွင် ကဏ္ဍတစ်ခုအဖြစ်လိုအပ်မည့် **စာပေအနုပညာနှင့် စာကြည့်တိုက်ဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာပေစကားဝိုင်းများ၊ စာပေဆိုင်ရာ နှီးနှောဖလှယ်ပွဲများ၊ စာပေဆိုင်ရာ ပြပွဲများ** ပြုလုပ်နိုင်ရေးအတွက် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်ခန်းမအား အခမဲ့အသုံးပြုခွင့်ပေးသွားမည်ဖြစ်ပါသည်။

ထိုသို့ အခမဲ့ အသုံးပြုခွင့်တွင် ခန်းမ၊ ထိုင်ခုံအပါအဝင် နေရာချထားမှုနှင့် အသံစနစ်တို့ ပါဝင်မည်ဖြစ်ပြီး စိတ်ပါဝင်စားသည့် စာနယ်ဇင်းအဖွဲ့အစည်းများနှင့် စာကြည့်တိုက်အသင်းအဖွဲ့များသည် **ဦးဆောင်ညွှန်ကြားရေးမှူး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းပြန်ကြားရေးဝန်ကြီးဌာန ဖုန်း ၀၆၇-၄၁၂၂၀၆** သို့ လိပ်မူ၍ တောင်းခံသည့် အဖွဲ့အစည်း၊ ဆောင်ရွက်မည့် စာပေဆိုင်ရာ အကြောင်းအရာ၊ တက်ရောက်မည့် အင်အား၊ သုံးစွဲလိုသည့်ရက် (ကာလအပိုင်းအခြားအပါအဝင်) ဦးစီးဆောင်ရွက်မည့် ပုဂ္ဂိုလ်၊ ဆက်သွယ်ရန် ဖုန်း၊ အီးမေးလ်နှင့် လိပ်စာ၊ အခြားဖော်ပြလိုသည်များ စသည်ဖြင့်ထည့်သွင်း၍ တောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
### ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၁၀-၇-၂၀၁၅ ရက်က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်သက်တမ်းတိုး ၅၅ ဦး၊ ထုတ်ဝေသူသက်တမ်းတိုး ၁၈ ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက် ၁၁ ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် တစ်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် ခုနစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ကိုးဦးနှင့် ပေါင်းလုပ်ငန်းအသစ် ၁၇ ဦးတို့အားလည်းကောင်း၊ ပုံနှိပ်သူအမည်ပြောင်း နှစ်ဦး၊ ထုတ်ဝေသူအမည်ပြောင်းခြောက်ဦး၊ ဂျာနယ်လိုဂိုပြောင်းတစ်ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၃၁ ဦးနှင့် အသစ်လျှောက်ထားသူ ၁၉၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၈၄ ဦးနှင့် အသစ်လျှောက်ထားသူ ၄၅၉ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ ၁၄ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြု လက်မှတ် ၂၆၈၇ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့်အသစ်လျှောက်ထားသူတစ်ဦးနှင့် ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပြည်တွင်းရေးရာ


လှိုင်သာယာမြို့နယ် ရွှေလင်ပန်း တန်ဖိုးနည်း/သင့် အိမ်ရာအပိုင်း(၂)ကို တွေ့ရစဉ်။

❖ **ရွှေဖိုးမှ**

ငွေကျပ် သုံးသောင်းမှ တစ်သိန်းဝန်းကျင်ခန့်ဆို ဟွာဝေးဖုန်းလေး တစ်လုံးတော့ ကောင်းကောင်းကိုင်နိုင်သည်။ ထို့ကြောင့်လည်း ဆိုက်ကားဆရာတို့ ခရီးသည် မရရှိချိန်၊ ဈေးသည်တို့ ဈေးမရောင်းရချိန်များတွင် ဟိုလူလည်း ဖုန်းတကိုင်ကိုင်၊ ဒီလူလည်း ဖုန်းပွတ်နေကြသည်ကို တွေ့မြင်ရမည်။

အလားတူ အဆင့်မြင့်လာသော Touch Screen ဖုန်းများကို ကိုင်လာကြသည့်နည်းတူ အင်တာနက်သုံး၊ ဂိမ်းကစားခြင်းများလည်း တွင်ကျယ်လာပြန်သည်။ အသုံးပြုမှုများလာသည်နှင့်အမျှ ဖုန်းဘေလ်၊ အွန်လိုင်းအသုံးပြုခများ မြင့်တက်လာသည်ဖြစ်ရာ အခြေခံလူတန်းစားအများစုတို့မှာဂိမ်းကစားခြင်း၊ သီချင်းနားထောင်ခြင်းတို့ကိုသာ အသုံးပြုနိုင်ကြပြီး အင်တာနက်လည်းမသုံးရဲ၊ ဖုန်းဆိုလျှင်လည်း ကြည့်ကောင်းရုံဟန်ရေးပြ ကိုင်ရုံမှလွဲ၍ အဝင်ခေါ်ဆိုမှုကိုသာ အဓိကထား အသုံးပြုကြတော့သည်။ တယ်လီဖုန်းခေါ်ဆိုခ တစ်မိနစ် ၅၀ ကျပ်ကို လူလတ်တန်းစားများပင် ကောင်းကောင်းအသုံးမပြုနိုင်။ တစ်မိနစ် ကျပ် ၂၀၊ ၂၅ ကျပ် ဖုန်းများကို ရွေးချယ်အသုံးပြုကြ၏။

သို့သော် ခြကိုက်သလို တတိတိ ကိုက်စားသကဲ့သို့ ကုန်မှန်းမသိ ကုန်နေသော ဖုန်းဘေလ်ကြောင့်လည်း တန်ဖိုးနည်းဖုန်းကို အများစု အသုံးပြုနိုင်လာကြပြီဖြစ်သော်လည်း ဖုန်းဘေလ်ဖိုး မတတ်နိုင်သည့် လူတန်းစားက ပိုများနေသည်ပဲ မဟုတ်လား။ မြန်မာနိုင်ငံရှိ လူဦး ရေ၊ မြန်မာနိုင်ငံတွင် အသုံးပြုနေသော တယ်လီဖုန်းလိုင်းအင်အားပမာဏ၊ တစ်နေ့လုပ် တစ်နေ့စား နေ့စားသမားများနှင့် အခြေခံလူတန်းစားများ ကျပ် ၁၅၀၀ မျှသော တန်ဖိုးနည်းဖုန်းကို လူတိုင်းကိုင်နိုင်ကြပြီလား၊ ကိုင်နိုင်ရုံပင် မဟုတ်ဘဲ အမှန်တကယ်ရော ဖုန်းခေါ်ဆိုနိုင်ကြပြီလားဆိုသည်မှာ စိတ်ဝင်စားစရာ ကောင်းလှပါသည်။

တန်ဖိုးနည်းဖုန်း အိပ်မက် မက်ခွင့်ရှိလာပြီးသည့်နောက် တန်ဖိုးနည်းကားများကို စိတ်ကူးယဉ် အိပ်မက်မက်ကြပြန်ပါသည်။

မော်တော်ကားဆိုသည်မှာလည်း ဇိမ်ခံပစ္စည်းတစ်ခုသဖွယ် တန်ဖိုးကြီးမြင့်လှသောကြောင့် အခြေခံလူတန်းစားများ မဆိုထားဘိ၊ လူလတ်တန်းစားများပင် မတတ်နိုင်ခဲ့ချေ။ သို့သော် အစိုးရသစ်လက်ထက်မှစ၍ မော်တော်ယာဉ်တင်သွင်းမှု မူဝါဒများ ပြောင်းလဲလာပြီး နိုင်ငံအတွက် လိုအပ်ချက်ရှိနေသော မော်တော်ယာဉ်အများအပြားကို ကန့်သတ်ချက်များဖြေလျှော့ကာ တင်သွင်းမှုပြုစေခဲ့ခြင်းသည် တန်ဖိုးကြီးမြင့်နေသော ကားဈေးနှုန်းကို သိသိသာသာ ကျဆင်းသွားစေခဲ့သည်။ တစ်ချိန်က သူများနိုင်ငံတွင် အသုံးပြုပြီးဖြစ်သော တစ်ပတ်ရစ်ကားတစ်စီးကိုပင် သိန်းထောင်ဂဏန်းကျော်ပေးခဲ့ရသော ကားဈေးနှုန်းများသည် ရာဂဏန်းကျော်မျှသာရှိတော့သည်။

ယခုမူ ထိုတစ်ပတ်ရစ်ကားတို့သည် မြန်မာနိုင်ငံတွင် ကားသစ်ဟူသော အမည်ခံဖြင့် အစီးရေအများအပြား ရောက်ရှိလာပြီဖြစ်သလို ဈေးနှုန်းအားဖြင့်လည်း ငွေကျပ် သိန်းတစ်ရာဝန်းကျင်သာရှိတော့သည်။ နိုင်ငံတော်မှလည်း ချယ်ရီဝက်ဂွန်နှင့် ကြုံကြုံ သရီးကဲ့သို့ ငွေကျပ် သိန်း ၆၀ ကျော် တန်ကားများကို အများပြည်သူနှင့် ဝန်ထမ်းများအတွက် ရောင်းချပေးခဲ့သည်။ ထိုတန်ဖိုးနည်းကားများသည်လည်း လူကြိုက်များခေတ်စားခဲ့ပြီး ဈေးကွက်အတွင်းတွင်မူ ကျပ်သိန်းတစ်ရာကျော် ဖြစ်ခဲ့သည်။ သို့သော်လည်း ထိုတန်ဖိုးနည်းကားတို့ ဈေးကွက်အတွင်း တွင်တွင်ကျယ်ကျယ် ဝယ်ယူရရှိခွင့် မရှိခြင်းတို့ကလည်း ထိုတန်ဖိုးနည်းကားများကို အများပြည်သူ လက်လှမ်းမမီခဲ့ပေ။ ထို့အတူ မြန်မာနိုင်ငံဈေးကွက်အတွင်း ပြည်ပတွင် အသုံးပြုပြီးဖြစ်သော တစ်ပတ်ရစ်ကားအမျိုးမျိုးတို့ ဝင်ရောက်လာပြီး အင်ဂျင်ပါဝါနိမ့် ကားသေးလေးများ ငွေကျပ်သိန်း တစ်ရာအောက် ဈေးသာရှိတော့သော်လည်း ဝင်ငွေနည်းပြည်သူတို့ ထိုတန်ဖိုးနည်းကားတို့ကို ဝယ်ယူရန် စိတ်ကူးယဉ်ရုံမျှသာရှိသည်။ လူလတ်တန်းစား ဝင်ငွေပုံမှန်ရှိသောသူတို့ပင် ငွေကျပ်သိန်းတစ်ရာအောက် ကားများကို ဝယ်ယူရန် မဖြစ်နိုင်သေးပေ။ ဘဏ်စနစ်ဖြင့် အရစ်ကျငွေပေးချေမှုများ ရှိသော်လည်း လစဉ်ငွေကျပ် သုံးသိန်းကျော်ခန့်မှ စတင်ပေးအပ်ရမည့် ဝယ်ယူမှုပုံစံသည် လူလတ်တန်းစားတို့အတွက်ပင် မလွယ်ကူသည့် အခြေအနေဖြစ်နေသည်။

လစဉ်ငွေကျပ် ငါးသိန်းအထက် ဝင်ငွေရှိသော လခစားတစ်ယောက်အတွက် အိမ်ငှားစရိတ်၊ အထွေထွေကုန်ကျစရိတ်၊ အခွန်အခများအပါအဝင် အသားတင်ငွေကျပ် နှစ်သိန်းစုမိ ဆောင်းမိရန်ပင် မနည်းအားထုတ်နေရသည်မို့ ထို့ထက်ဝင်ငွေနည်းသော လခစားနှင့် နေ့စားဝန်ထမ်းများအတွက် ပိုမိုအလှမ်းဝေးလှသည်။

ကလေးရှိသော မိသားစုများ ကလေးပညာရေးစရိတ်၊ ကျန်းမာရေးစရိတ် ကြီးမြင့်မှုက ငွေစုဆောင်းမိရန် မလွယ်ကူလှချေ။ တစ်နေ့လုပ်ခ ကျပ် ၃၀၀၀ ပင် မပြည့်မီသော လုပ်သားတို့အတွက်မူ နေရေးစရိတ်နှင့် စားစရိတ်က ဖိစီးလွန်းလှသည် မဟုတ်ပါလား။ လက်ရှိ မြန်မာနိုင်ငံတွင် လူဦးရေ သန်း ၅၀ ကျော်သာရှိပြီး မော်တော်ယာဉ်စီးရေမှာ သိန်းဂဏန်းကျော်သာ ရှိသည်။

နိုင်ငံနှင့်အဝှမ်း မော်တော်ယာဉ် သုံးစွဲမှုလိုအပ်ချက်များစွာရှိသော်လည်း အမှန်တကယ် ကားစီးနိုင်သော လူဦးရေမှာ နည်းပါးလွန်းလှသလို အများပြည်သူ သယ်ယူပို့ဆောင်ရေး စနစ် မကောင်းမွန်မှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေကာ မော်တော်ယာဉ်တင်သွင်းမှုကို ကန့်သတ်မှုများဖြင့် တင်သွင်းစေလိုက်သည့်အတွက် မော်တော်ယာဉ် တင်သွင်းမှုမှာ ပြန်လည်လျော့ကျသွားပြန်သည်။ မည်သို့ပင်ရှိစေ မော်တော်ယာဉ်ဈေးနှုန်းများ ပြန်လည်မြင့်တက်သွားသည်ဖြစ်စေ၊ တန်ဖိုးသင့်တင့်မျှတသော ဈေးနှုန်းပင်ဖြစ်စေ ကားဝယ်စီးနိုင်ဖို့ အိပ်မက်သည် မက်ခွင့်ရဖို့ ဝေးနေဆဲပင်ဖြစ်သည်။

အလားတူ တန်ဖိုးနည်း တိုက်ခန်းများသည်လည်း မြန်မာနိုင်ငံတွင် အထူးသဖြင့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ၊ အိမ်ရာစီမံကိန်းများ ဆောင်ရွက်နေကြသော မြို့ပြကြီးများတွင် တွင်တွင်ကျယ်ကျယ်ကြားရမည်ပင်ဖြစ်သည်။ တန်ဖိုးနည်းတိုက်ခန်းဟုဆိုသော်လည်း တန်ဖိုးသင့်တင့် မျှတဟုလည်း ခေါ်ကြပြန်သေးသည်။ တန်ဖိုးနည်းတိုက်ခန်းများ၏ ဈေးနှုန်းများ ငွေကျပ် သိန်းတစ်ရာကျော်၊ နှစ်ရာကျော် ဖြစ်သောကြောင့် တန်ဖိုးနည်းမှသည် တန်ဖိုးသင့်တင့်မျှတ ဖြစ်သွားပြန်သည်။ တိုးတက်များပြားလာသော လူဦးရေနှင့်အတူ အိမ်ရာလိုအပ်ချက် မြင့်မားလျက်ရှိပြီး အထူးသဖြင့် စီးပွားရေး အလုပ်အကိုင်အခွင့်အလမ်းများရှိသည့် ရန်ကုန်မြို့တော်တွင် လူနေထိုင်မှု သိပ်သည်းထူထပ်လာသည်။

အိမ်ရာ၊ တိုက်ခန်း လိုအပ်ချက်မှာလည်း မြင့်တက်လာပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့က တန်ဖိုးနည်းနှင့် တန်ဖိုးသင့်တင့်အိမ်ရာများ ဖော်ထုတ်ဆောက်လုပ်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးကြပ်ဆောင်ရွက်ကာ စနစ်တကျ မနိုက် ရောင်းချပေးလျက်ရှိသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်မြို့တွင် ထီးလှိုင်ရှင်အိမ်ရာစီမံကိန်း၊ ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း (၁)(၂)(၃)၊ လှိုင်သာယာမြို့နယ် စက်မှုဇုန်အတွင်းရှိ စက်ရုံအလုပ်ရုံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမားဝန်ထမ်းများအတွက် စက်မှုလုပ်သားအိမ်ရာစီမံကိန်း၊ ရွှေပြည်သာမြို့နယ် အပိုင်း (၃) Commercial Area (၂) အိမ်ရာစီမံကိန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ ဧရာဝဏ်နှင့် ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းတို့အပြင် အခြားသော အိမ်ရာစီမံကိန်းများစွာကိုလည်း အကောင်အထည်ဖော်ခဲ့ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့်လည်း တိုင်းဒေသကြီးအစိုးရ၏ခွင့်ပြုချက်နှင့်အတူ ဗိုလ်မှူးဗထူး တန်ဖိုးသင့်တင့်မျှတအိမ်ရာစီမံကိန်း၊ ဗိုလ်မင်းရောင်အိမ်ရာစီမံကိန်းတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆောင်ရွက်မှုဖြင့် အငှားအိမ်ရာစနစ်ဖော်ဆောင်ခြင်းနှင့် မြို့သစ်စီမံကိန်း အကောင်အထည်ဖော်ရေးကိုလည်း စီစဉ်ဆောင်ရွက်သွားမည်ဟု သိရသည်။ ယင်းသို့ဖြင့် စီမံကိန်းပေါင်းများစွာ၊ အိမ်ရာတိုက်ခန်းပေါင်းများစွာ တည်ဆောက်အကောင်အထည်ဖော်နေသော်လည်း အိမ်ရာလိုအပ်ချက်များစွာ ရှိနေဆဲဖြစ်ပြီး အိမ်ပိုင်ဆိုင်မှုအချိုးမှာ နည်းပါးလွန်းလှသည်ဟု မြို့ပြရေးရာ ကျွမ်းကျင်သူများက သုံးသပ်သည်။

အစိုးရဝန်ထမ်းများကို အစိုးရမှ သော်လည်းကောင်း၊ ကုမ္ပဏီဝန်ထမ်းများကို ကုမ္ပဏီများမှသော်လည်းကောင်း အိမ်ရာများဆောက်လုပ် အကောင်အထည်ဖော်ပေးပြီး နှစ်ရှည်အရစ်ကျစနစ်ဖြင့် အိမ်ခန်းရောင်းချပေးမည်ဆိုပါက ကြီးမြင့်လှသော နေထိုင်စရိတ်ကို အဆင်ပြေသွားစေမည်ဖြစ်ကာ ငွေစုဆောင်းမှုများကို ပြုလုပ်လာနိုင်မည်ဟု သုံးသပ်ကြသည်။ အခြားသော လက်လုပ်လက်စား နေ့စားသမားများအတွက် အစိုးရက မြေနေရာ စိုက်ထုတ်ပေးကာ တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေးပြီး နှစ်ရှည်အရစ်ကျ ငွေပေးချေမှု ပြုလုပ်ပေးနိုင်မှသာ အိမ်ပိုင်ဆိုင်ခွင့်ကို မျှော်လင့်နိုင်မည်ပင် ဖြစ်သည်။ သို့မဟုတ်ပါကလည်း တန်ဖိုးနည်းသော အငှားအိမ်ရာစနစ် ထူထောင်ပေးနိုင်ပါကလည်း နေရေး၊ စားရေးတွင် အကြီးမြင့်ဆုံးဖြစ်နေသော နေထိုင်စရိတ်အတွက် အဆင်ပြေသွားနိုင်မည်ပင် ဖြစ်သည်။

အိမ်၊ ကားနှစ်ရှည်အရစ်ကျ ပေးသွင်းဝယ်ယူသည့်စနစ်ကို ကျင့်သုံးနေကြပြီဖြစ်သော်လည်း လစဉ်ပေးသွင်းရသည့် ပမာဏ မြင့်မားခြင်းကြောင့်လည်း အခြေခံ လူတန်းစားများသာမက လူလတ်တန်းစားများပင် မတတ်နိုင်သော ဈေးနှုန်းများဖြစ်နေသည်က ကြီးမားသော အတားအဆီးဖြစ်နေသည်။

အစိုးရမှ သင့်တင့်သော မြေနေရာ၊ အခွန်သက်သာခွင့် အပါအဝင် ထောက်ပံ့မှုများကို ဆောက်လုပ်ရေးကုမ္ပဏီများကို ပေးအပ်ခြင်းသော်လည်းကောင်း၊ သက်ဆိုင်ရာဌာနများသို့ ဘတ်ဂျက်လျာထား ချထားပေးလျှင်သော်လည်းကောင်း သင့်တင့်မျှတသော နှုန်းထားများဖြင့် အမှန်တကယ် တန်ဖိုးနည်းအိမ်ရာတိုက်ခန်းများကို အကောင်အထည်ဖော်နိုင်သည်ဟု ဆောက်လုပ်ရေးလုပ်ငန်းရှင်များက သုံးသပ်ပြောကြားမှုများရှိသည်။ လက်ရှိတွင်မူ အခြေခံလူတန်းစားများမှာ တန်ဖိုးနည်းဟုဆိုသော အိမ်ရာတိုက်ခန်းများနှင့်ပင် အလှမ်းဝေးနေဆဲဖြစ်ပြီး ရွှေ့ပြောင်းအခြေချနေထိုင်သူများနှင့် ရွှေ့ပြောင်းလုပ်သားတို့မှာ အဆင်ပြေသည့်နေရာတွင် တဲထိုးကာ ကျူးကျော်နေထိုင်မှုများ ပိုမို များပြားလာခြင်းပင်ဖြစ်သည်။

အခြေခံလူတန်းစားတို့၏ လူနေမှုအဆင့်အတန်း မြင့်မားလာမှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပြသနေခြင်းပင်ဖြစ်သည်။ လူတန်းစားကွာဟမှု၊ ဆင်းရဲချမ်းသာ ကွာဟမှုကို လျှော့ချနိုင်အောင် ကြိုးစားဆောင်ရွက်နေကြပြီး အခြေခံ လူတန်းစားတို့ဘဝ မြင့်တက်လာအောင် ဆင်းရဲမှုပပျောက်ရေးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

လက်ရှိတွင်မူ အခြေခံလူတန်းစားဝင်ငွေနည်းတို့အနေဖြင့် တန်ဖိုးနည်းဟူသော အရာတို့ကိုပင် မျှော်လင့်ရန်ဝေးကွာနေဆဲပင် ဖြစ်သည်။ အနည်းဆုံးလုပ်ခ တစ်နေ့ ကျပ် ၃၆၀၀ ပင် မရရှိကြသေးသော အခြေခံလူတန်းစားပြည်သူတို့မှာ စားဝတ်နေရေးဟူသော အခြေခံလိုအပ်ချက်ကြီးကို ပြည့်မီအောင်ပင် မဖြည့်နိုင်ကြသေးသည်မို့ တန်ဖိုးနည်းဟု ဆိုသောအရာများကို မမျှော်မှန်းနိုင်ကြသော ဘဝအခြေအနေများပင် မဟုတ်ပါလား။

**(ဆုနှင်းလဲ့)**

## ကျောချောင်းရေကြီး၍ ဆိုင်ကယ်များ အငှားထမ်းခြင်းဖြင့်
# ဖြတ်သန်းသွားလာနေရ

**ပေါက် ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ ဇူလိုင် (၆၊ ၇၊ ၈) ရက်တို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျောချောင်းရေကြီးမှုဖြစ်ကာ ဆိုင်ကယ်စီးခရီးသွားများ အငှားထမ်းခပေးပြီး ဖြတ်သန်းသွားလာနေရကြောင်း သိရသည်။

အဆိုပါ ရေကြီးမှုကြောင့် ပေါက်မြို့အနီးတစ်ဝိုက်ရှိ ကျေးရွာများဖြစ်သော ညောင်ဝန်းပေါက်၊သီးချောက်၊ ရှားခွကြီးရှားခွလေး၊ မြို့ခင်းသာ၊ ချိုင်စောက်၊ ရေတိမ်၊ ပိတ်တော၊ ကံသာကုန်းစသည့် ကျေးရွာများမှ ခရီးသွားပြည်သူများ ဆိုင်ကယ်တစ်စီးလျှင် ကျပ် ၁၀၀၀ ဖြင့် အထမ်းငှားကာ ဖြတ်သန်းသွားလာနေရပြီး ကျောင်းသားကျောင်းသူများလည်း ကျောင်းဆင်းကျောင်းတက်သွားလာရေးခက်ခဲလျက်ရှိကြောင်းသိရသည်။ **ဉာဏ်တိုး(ပေါက်)**



### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

### နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာမည်။

# ဒေသအလိုက် မြို့ပြ၊ ကျေးလက်များကို အနာဂတ်တွင် တိုးတက်ဖြစ်ထွန်းနိုင်ရေး စီမံရန်လို

နေပြည်တော် ဇူလိုင် ၁၀

**အမျိုးသားနယ်မြေဒေသဖွံ့ဖြိုးမှုစီမံကိန်း(National Spatial Development Plan) ရေးဆွဲခြင်းနှင့် မြန်မာ့ကုန်ထုတ်လုပ်ငန်းတိုးတက်ရေး မျှော်မှန်းချက်ဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက Spatial Plan တွင် စိုက်ပျိုးရေး၊ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ ပါဝင်မည်ဖြစ်ကြောင်း၊ ယခင်က GDP Plan တစ်ခုတည်းကို ဦးတည်ရေးဆွဲခဲ့ပြီး ယခု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် Spatial Plan ကိုရေးဆွဲရန် လိုအပ်လာကြောင်း။

နိုင်ငံတော်၏ ဖွံ့ဖြိုးမှုမျှော်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံထူထောင်ရေးပင်ဖြစ်ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူသည့်အချိန်မှစ၍ စီးပွားရေးမူဝါဒ (၄) ရပ် ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၀ ခုနှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးနှင့် အလယ်အလတ်အဆင့် ဝင်ငွေရရှိသော နိုင်ငံဖြစ်ရေး ရည်မှန်းချက်များ ချမှတ်ထားပြီး ထိုရည်မှန်းချက်များပြည့်မီရေး စီမံကိန်းများရေးဆွဲဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း။

ဖွံ့ဖြိုးမှုမူဝါဒအောင်မြင်ရန် plan ရေးဆွဲရာ၌ GDP Plan နှင့် Spatial Plan ပေါင်းစပ် ဆောင်ရွက်သွားရန်လိုကြောင်း၊ GDP Plan သည် ကာလတို ၅ နှစ် စီမံကိန်းများဖြစ်ပြီး ဖွံ့ဖြိုးမှုစီမံကိန်းများသည် နှစ်ရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များအကြား အချိုးမျှတစွာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက်ကို ရေးဆွဲ၍ မူဘောင်များချမှတ်ပေးခဲ့ကြောင်း။

အဆိုပါအမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုမျှော်မှန်းချက်ကို အခြေခံပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အဓိကဖွံ့ဖြိုးတိုးတက်ရေးအတွက် Two polar growth strategy ဖြင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ရေးဆွဲခဲ့ပါကြောင်း။

Spatial Plan တွင် အမျိုးသားအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ဒေသန္တရအဆင့်ဟူ၍ ခွဲခြားဆောင်ရွက်ရမည့်လုပ်ငန်းများရှိပါကြောင်း၊ အမျိုးသားအဆင့်တွင် ဝန်ကြီးဌာနများမှ ကဏ္ဍအလိုက် ဆောင်ရွက်မည့်လုပ်ငန်း၊ ဂရုပြုထိန်းသိမ်းရမည့်လုပ်ငန်းများကို Spatial Plan တွင်ထည့်သွင်းဖော်ပြရမည်ဖြစ်ကြောင်း၊ အစိုးရမှ ဆောင်ရွက်မည့် plan များသာမက ပုဂ္ဂလိကအဖွဲ့အစည်းများမှဆောင်ရွက်မည့် plan များကိုလည်း Spatial Plan ထဲတွင် ထည့်သွင်းရမည်ဖြစ်ပါကြောင်း။

ယခုရေးဆွဲမည့် Spatial Plan မှာ conceptual plan ဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် လွှတ်တော်သို့ တင်သွင်းရမည်ဖြစ်ကြောင်း၊ conceptual plan ကို ပြည်သူလူထုသိမြင်အောင် ရှင်းလင်းပြောကြား ဆွေးနွေးရန်လိုအပ်ကြောင်း၊ conceptual plan အပေါ် အခြေခံရေးဆွဲမည့် master plan ကိုလည်း ပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအပါအဝင် လွှတ်တော်သို့လည်း တင်ပြရမည်ဖြစ်ကြောင်း။

Spatial Plan သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မဖြစ်မနေလိုအပ်သဖြင့် ဒေသအနေအထားအခြေအနေများပေါ်မူတည်၍ ပြည်သူများ၏ သဘောထားဆန္ဒများနှင့်အညီ ရေးဆွဲနိုင်ရေးအတွက် အောက်ခြေအဆင့်အထိ သင်တန်းများပေးရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က Spatial Plan ရေးဆွဲရခြင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နယ်မြေဒေသအသီးသီး၏ လိုအပ်ချက်များကို အနာဂတ်ကာလ သားစဉ်မြေးဆက်တိုင်အောင် ဖြည့်ဆည်းပေးနိုင်ရေးအတွက် မြေသယံဇာတကို စနစ်တကျ အကျိုးရှိရှိစီမံကိန်းချမှတ်၍ အသုံးပြုရန် ရည်ရွယ်ရေးဆွဲခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွက် အဓိက အားသာချက်များအရ နှိုင်းယှဉ်အကျိုးတရားအပေါ် အခြေခံ၍ စီးပွားရေးတည်ဆောက်မှုပုံစံများ ရေးဆွဲရန်နှင့် ကဏ္ဍစီမံကိန်းများကိုလည်း Spatial Plan တွင် ပေါင်းစပ်ရေးဆွဲဆောင်ရွက်ရန်ဖြစ်ကြောင်း။

Spatial Plan ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များမှာ စီးပွားရေးယှဉ်ပြိုင်လုပ်ကိုင်နိုင်မှု တိုးမြှင့်နိုင်ခြင်း၊ စိုက်ပျိုးရေးအရင်းအမြစ်များနှင့် ကျေးလက်ဖွံ့ဖြိုးရေးလျာထားထိန်းသိမ်းနိုင်ခြင်း၊ ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်ခြင်း၊ လူနေမြို့ရွာများ ပြောင်းလဲတိုးတက်မှု စီမံခန့်ခွဲနိုင်ခြင်း၊ သဘာဝအရင်းအမြစ်များ၊ ဇီဝမျိုးစိတ်များ၏ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းများ၊ အမျိုးသားအဆင့်နှင့် မြို့ပြဆိုင်ရာ လမ်းကွန်ရက်စနစ် ပေါင်းစည်းခြင်း၊ သင့်လျော်သည့်အခြေခံ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ရေပေးဝေမှု၊ မိလ္လာစနစ်၊ အမှိုက်စနစ်၊ ရေကြီးရေလျှံမှု ကာကွယ်ရေး၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး စသည့်အခြေခံအဆောက်အအုံများအတွက်လည်း စဉ်းစားရန်ဖြစ်ကြောင်း၊ ဒေသအလိုက် မြို့ပြ၊ ကျေးလက်များကို အနာဂတ်တွင် တိုးတက် ဖြစ်ထွန်းနိုင်ရေးအတွက် စီမံရန်လိုအပ်ပြီး အဆိုပါ အစီအမံများကိုလည်း ဒေသစီမံကိန်းများတွင် ထည့်သွင်းရန် လိုအပ်ကြောင်း။

Spatial Plan ရေးဆွဲနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေ၊ တိုးတက်ဖြစ်ပေါ်လာမည့်လူဦးရေ၊ ရှိပြီးဖြစ်သည့် အခြေခံအဆောက်အအုံများနှင့် ထိန်းသိမ်းရမည့်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊ သီးသန့်ချန်ရမည့် နယ်ပယ်များကို လျာထား၍ အနာဂတ်တွင် မြေယာအသုံးချမှု စနစ်တကျပေါ်ထွန်းနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် စီမံကိန်းများပေါ်ထွန်းရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အစိုးရသစ်စတင်တာဝန်ယူသည့် ကာလမှစ၍ ဆင်းရဲမှုပပျောက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အဓိကရည်မှန်းချက်ထားဆောင်ရွက်ခဲ့ပါကြောင်း၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေးမူဘောင် ၁၀ ချက်ကို အဓိကထား ဆောင်ရွက်သွားရန်နှင့် လူထု၏ အခြေခံလိုအပ်ချက် ဦးစားပေးလုပ်ငန်း (၇)ရပ်ကိုလည်း အခြေခံထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် UMFCCI အပါအဝင် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်များအနေဖြင့် မိမိတိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်များ၏ လုပ်ငန်းမျှော်မှန်းချက်များချမှတ်ပြီး မြန်ဆန်စွာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အစိုးရမူဝါဒနှင့်အညီ မှန်ကန်သည့် လမ်းကြောင်းအတိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့အတူ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ICT နှင့် e-government ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ပြီး ပြည်သူများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ICT တိုးတက်ရေးအတွက် အလေးအနက်ထားဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် e-government စနစ်ဖြင့် သတင်းအချက်အလက်၊ စစ်တမ်းကောက်ယူသည့် အချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် မိမိတို့ဒေသ၏ မြို့ပြစီမံကိန်းများနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အသိပေးရန်လိုကြောင်း၊ သို့မှသာ ပြည်သူများနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြို့ပြနှင့်ဒေသစီမံကိန်းများနှင့်စပ်လျဉ်း၍ အကျွမ်းတဝင် ဖြစ်လာမည်ဖြစ်ကြောင်း။

မြို့ပြစီမံကိန်းများကို လွှတ်တော်သို့ ဆက်လက်တင်ပြသွားရမည်ဖြစ်ကြောင်း၊ စီမံကိန်းများရေးဆွဲရာ၌ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ မြို့နှင့်ရွာမြေသတ်မှတ်စစ်ဆေးခြင်း၊ အငြိမ်းစား ဝန်ထမ်းများအတွက် Rental Housing များတည်ဆောက်ခြင်း၊ မြေသစ်၊ မြေရိုင်းများ ဖော်ထုတ်ပြီး လယ်ယာမြေများ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စုပေါင်းရုံးများ အမြန်ပြီးစီးရန် ဆောက်လုပ်ခြင်းများကို အမြန်ပြီးစီးအောင် ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးများ၊ UMFCCI ဥက္ကဋ္ဌနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းမော်တို့က မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးတင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

---

### ❖ ကျောဖုံးမှ

ယခုရက်ပိုင်းယာဉ်ပိတ်ချိန်တွင် ယာဉ်ထိန်းရဲများပွဲရုံဝင်ပေါက်များဖြစ်သော ရိုးကြီးချောင်းလမ်း၊ ကံ့ကော်လမ်းဝင်ပေါက်ဝများတွင် ညပိုင်းထိ လာရောက်ကြီးကြပ်ဆောင်ရွက်ပေးသဖြင့် ဇူလိုင် ၇ ရက်နှင့် ၈ ရက်တို့တွင် ညဦးပိုင်းတွင်အချိန်စော၍ ယာဉ်ကြောရှင်းလင်းသွားရသည်ဟု ယင်းဝင်ပေါက်ထိပ်တွင် ညပိုင်းထိဈေးရောင်းချသူတစ်ဦးက ဆိုသည်။

ပွဲရုံဝင်းအတွင်း လမ်းပြောင်းပြန်မောင်းနှင်မှုများ မြင်တွေ့ရသော်လည်း အရေးယူမှုအားနည်းနေဆဲဖြစ်သည်ဟု ကံ့ကော်လမ်းသွယ်(၂)နေ ကုန်ကားဂိတ် လုပ်ငန်းလုပ်ကိုင်နေသည့် ကိုထွန်းကျော်ရှိန်က ပြောသည်။ ပွဲရုံဝင်းအတွင်း လမ်းသွယ်နှင့်လမ်းမကြီးများဆုံရာနေရာတွင် ယာဉ်များပိတ်ဆို့နေရာယူထား၍ လမ်းမကြီးများတွင်ယာဉ်ကြော နှစ်ဖက်စလုံး မောင်းနှင်၍မရဘဲ ရှိနေသည်ကို မြင်တွေ့ရသည်။ ယင်းသို့ ပိတ်ဆို့နေမှုကို ထိရောက်စွာရှင်းလင်းပေးရန် အားနည်းနေသည်။

တောင်ဒဂုံမှ နံနက် ၈ နာရီ ထွက်လာသောဂျုံတင်ဆောင်လာသည့် ၁၀ ဘီးယာဉ်အမှတ် 7B--- သည် သီရိမင်္ဂလာဈေးသစ်ရှေ့သို့ နံနက် ၁၀ နာရီကျော် ရောက်ရှိခဲ့သည်။ ဘုရင့်နောင်လမ်းမကြီးပေါ်တွင် သီရိမင်္ဂလာဈေးသစ်မှ စတင်ယာဉ်ကြောကျပ်သည့်အတွက် ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ပထမဦးဆုံးလမ်းသွယ် အာသောကလမ်းသို့ ညနေ ၅ နာရီမှ ရောက်ရှိခဲ့သည်။ ဂျုံချမည့် ငုဝါလမ်းသွယ်သို့ ည ၇ နာရီမှ ရောက်ရှိခဲ့သည်ဟု ဇူလိုင် ၈ ရက် ညပိုင်းတွင် ဂျုံတင်ဆောင်လာသော ယာဉ်လုပ်သားက ပြောသည်။

အလားတူ ပွဲရုံဝင်းအတွင်း အပြင်ယာဉ်ပိတ်မှုကြောင့် ဇူလိုင် ၆ ရက် ညနေ ၆ နာရီက ပွဲရုံမှ ရန်ကုန်မြို့ထဲ ပြန်ရန် အငှားကားပွဲရုံဝင်းအတွင်း ဝင်မရဖြစ်နေသည်။ သို့ဖြစ်ရာ လမ်းကောင်းစွာ လျှောက်နိုင်ခြင်းမရှိသည့် အသက်(၈၅)နှစ်အရွယ် ဇရတ်ပွဲရုံပိုင်ရှင် ဒေါ်ခင်ချစ်အား လူလေးဦးမကာ ပွဲရုံဝင်းအပြင် ကားလမ်းသို့ ထမ်းသွားရသည်။ ကားလမ်းမပေါ်မှ အငှားကားစီးရာ လသာမြို့နယ်ရှိ နေအိမ်သို့ ည ၈ နာရီကျော်မှ ရောက်သည်။ ဆက်လက်၍ ပွဲရုံဝင်းအပြင်-အတွင်း ပိတ်ဆို့မှုရှိ၍ ဇူလိုင် ၇ ရက်မှ ၉ ရက်အထိပွဲရုံသို့ လာရောက်နိုင်ခြင်းမရှိကြောင်း၊ ကျန်းမာရေး ကြောင့်မှ လွဲ၍ ပျက်ရက်မရှိ မိမိပွဲရုံသို့ နေ့စဉ်လာရောက်နေသည့် အသက်(၈၅)နှစ်ရွယ် အဘွားအိုမှာ ဘုရင့်နောင်ဝင်းယာဉ်ပိတ်မှုကြောင့် ပွဲရုံသို့ လာရောက်နိုင်ခြင်းမရှိကြောင်း ယင်းအဘွားအိုနှင့် အနီးကပ်လုပ်ငန်းခွင်သို့ သွားရာတွင် ကူညီစောင့်ရှောက်နေသည့် လသာမြို့နယ် စဉ့်အိုးတန်းလမ်းနေ ဇရတ်ပွဲရုံပိုင်ရှင် ဦးလှဟန်က ပြောသည်။

ဘုရင့်နောင်လမ်းမကြီးပေါ်ရှိ လိုင်းကားစီးသူများ အထူးသဖြင့် ဘုရင့်နောင်ပွဲရုံဝင်း ဝန်းကျင်မှတ်တိုင်များတွင် နေ့စဉ်ရက်ဆက် ယခုရက်ပိုင်း အခက်အခဲဖြစ်နေကြသည်။ ရန်ကုန်မြို့ထဲမှအလာ ဘုရင့်နောင်လမ်းဆုံမရောက်ဘဲ ဗဟိုလမ်းမှ လမ်းကြောင်းပြောင်းလဲပြေးဆွဲခြင်း၊ သမိုင်းလမ်းဆုံမှ လာသော ဘုရင့်နောင်ဈေးဘက်သွားမည့် လိုင်းကားများ ဘုရင့်နောင်ခုံးကျော်တံတားပေါ်တက်၍ ဘုရင့်နောင်မြစ်ကူးတံတား အမှတ်(၂)ပေါ် ဖြတ်သန်းခြင်းများ မြင်တွေ့လာရသည်ဟု လိုင်းကားစီးခရီးသည်များနှင့် ဘုရင့်နောင်လမ်းဆုံအနီး ရွှေထီးအိမ်ရာနေ ဦးကျော်ခိုင်တို့က ဆိုသည်။

ဇူလိုင် ၆ ရက်တွင် ဒညင်းကုန်း-ဗိုလ်တထောင်ပြေးဆွဲသော ရိုးရိုးယာဉ်ကြီးလိုင်းမှ ယာဉ်အချို့ အင်းစိန်ရွာမထိ ယာဉ်ပိတ်ဆို့သဖြင့် ရွှေပြည်သာတံတားမှ လှိုင်သာယာအတွင်းမောင်းနှင်ကာ ဘုရင့်နောင်မြစ်ကူးတံတားမှ ဘုရင့်နောင်လမ်းဆုံကိုဖြတ်၍ မြို့ထဲသို့သွားရသည်ဟုဆိုသည်။ မြို့ထဲမှ ညနေ ၅ နာရီပြန်ထွက်လာရာ ဘုရင့်နောင် ပုံမှန်လမ်းကြောင်းအတိုင်း မောင်းနှင်ရာတွင် ည ၁၀ နာရီမှ ဒညင်းကုန်းသို့ ပြန်လည်ရောက်ရှိသည်ဟု ယင်းယာဉ်အကူက ဆိုသည်။

ဘုရင့်နောင်လမ်းဆုံမှ အုတ်ကျင်းစစ်ကြောရေးမှတ်တိုင်အနီးထိ လမ်းလယ်တွင် လမ်းတားကပ်တုံးအများအပြား စီတန်းချထားသောကြောင့် လိုင်းကား၊ ကုန်ကားများအပါအဝင် ယာဉ်အချို့ တစ်ဖက်ယာဉ်ကြောမှ လမ်းပြောင်းပြန်မောင်းနှင်မှုများ မြင်တွေ့နေရဆဲဖြစ်သည်။

ပွဲရုံဝင်းအတွင်း ဇွန်လကုန်တွင် NGO အဖွဲ့အစည်းသက်တမ်းကုန်ဆုံး၍ အသစ်ပြန်လည်ရွေးချယ်မှု မပြီးစီးသေးချိန်တွင် ယာဉ်ကြောရှင်းလင်းမှုအပေါ် ဦးဆောင်လုပ်ဆောင်မှုအားနည်းနေ၍ဖြစ်သည်။ မိုးရာသီ ပွဲရုံနှင့် ကားဂိတ်လုပ်ငန်းများ ကျဆင်းနေသော်လည်း ပွဲရုံဝင်းအတွင်း ယာဉ်စည်းကမ်းထိန်းသိမ်းမှုအပေါ် အလေးထားလုပ်ဆောင်နိုင်ခြင်းမရှိ၍ ယာဉ်ပိတ်မှုဖြစ်ပွားလာရသည်။ ပွဲရုံဝင်း ဝင်ပေါက် ငါးနေရာတွင် လမ်းမကြီးဘေးနှင့် လမ်းလယ်ကြောပေါ်တွင် ယာဉ်တန်း ခုနစ်တန်းဖြင့် ဝင်ခွင့်ရရန်စောင့်ဆိုင်းနေမှုကို ယခုယာဉ်ပိတ်သည့်ရက်များတွင် မြင်တွေ့ရသည်။

သို့ဖြစ်ရာ ဘုရင့်နောင်လမ်းမပေါ်တွင် လမ်းကြောင်းပေါ် အတည့်သွားယာဉ်များအတွက် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားနေရသည်။ မြို့ထဲမှလာသော ယာဉ်ကြော၏ ဘုရင့်နောင်ခုံးကျော်တံတားအောက်လွှာပေါ်တွင် ယာဉ်မျိုးစုံ ယာဉ်ကြောပြည့်စီတန်းနေသည်ကို မြင်တွေ့ရသည်။

သို့ဖြစ်ရာ တားမြစ်ချက်ဆောင်ပုဒ်များ အများအပြားမြင်တွေ့နေရသော ဘုရင့်နောင်ဝင်းအတွင်း တားမြစ်ချက်များအပေါ် လိုက်နာမှုရှိလာရန် တစ်ပြေးညီဆောင်ရွက်မှသာ ယခုတွေ့ကြုံနေရသော ယာဉ်ပိတ်ဆို့မှု လျော့နည်းလာမည်။ သို့မှသာ ပွဲရုံဝင်းနေသူများ၊ လာရောက်လုပ်ကိုင်သူများ၊ ဘုရင့်နောင်လမ်းကြောင်းပေါ် ဖြတ်သန်းသွားလာသူများပါ အဆင်ပြေလာမည်ဟု ပွဲရုံဝင်းတွင်နေသူများက ပြောဆိုကြသည်။

■■■

# ရ – ရထားကြီး ပျော်ပျော်စီးကြရအောင်

**ခင်မောင်ထွေး**



ဇူလိုင်လ ၆ ရက်နေ့ နံနက်။ သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ဘူတာရုံလေး၏ စင်္ကြံထက်တွင် ခရီးသည်များလည်တဆန့်ဆန့်ဖြင့် မမကို စောင့်မျှော်နေကြသည်။ မမကိုအားကိုး၍ ခရီးနှင်မည့် ရထားစီးပြည်သူများထဲတွင် ယနေ့နံနက်မှ စိတ်ကူးရပြီး ဘတ်စ်ကားများကို ခြေကန်၊ မမထံ ရုန်းပြန်သည့် မောင်ချစ်ဖေ တစ်ယောက်လည်း ပါဝင်သည်။

"ကျပ် ၂၀၀ အထူးတွဲပါလား"။

" မပါရင် ရိုးရိုးတွဲလက်မှတ်တစ်စောင်ပေါ့"။

ကျပ် ၅၀ တန် အနွမ်းလေးကို လက်မှတ်ရောင်းဝန်ထမ်းထံ မောင်ချစ်ဖေ လှမ်းပေးလိုက်ရင်း

"အခုအနီးဆုံး ဘယ်အချိန်ဆိုက်မလဲဗျ"။

"ခန့်မှန်းလို့မရသေးဘူး၊ ရွာသာကြီးဘူတာကို လှမ်းဆက်သွယ်တာ သူတို့ဆီလည်း မရောက်သေးဘူးတဲ့"။

လက်မှတ်ရောင်းဝန်ထမ်း၏ အဖြေက မောင်ချစ်ဖေအတွက် ကိစ္စမရှိ။ မမနှင့်မောင်ချစ်ဖေတို့က ဆွေရိပ်မျိုးရိပ် မကင်းရာမကင်းကြောင်းတွေဖြစ်သည်။ အသက်(၉၀)ကျော် ဖခင်ကြီး၏ အစ်ကိုတစ်ဦးက အင်္ဂလိပ်ခေတ်နှင့် ဂျပန်ခေတ်တွင် ရုံပိုင်ကြီး လုပ်ခဲ့၍ မမ၏ ခေတ်အလိုက် လှုပ်ရှားမှုများကို မောင်ချစ်ဖေ မကြာခဏကြားဖူးနားဝရှိနေ၍ သံယောဇဉ်ပင် ဖြစ်နေခဲ့ချေပြီ။

မောင်ချစ်ဖေ၏ ဖခင်ကြီးသည် အစ်ကိုလေးဟုခေါ်သောသူ၏ မီးရထားရုံပိုင်အစ်ကိုထံတွင် ငယ်စဉ်ကလိုက်နေရင်း တောင်ငူ ကူရှင်ကျောင်းတွင် ကျောင်းတက်ခဲ့ပုံ၊ သူကိုယ်တိုင် ၁၀တန်းအောင်ပြီး အင်္ဂလိပ်ခေတ်တွင် မီးရထားလက်မှတ်စစ်အဖြစ် ခေတ္တဝင်ရောက်လုပ်ခဲ့ပုံများကို မကြာခဏပြန်ပြောရင်း ရန်ကုန်-မန္တလေးလမ်းပိုင်း ခရီးစဉ် ဘူတာရုံများကို အလွတ်ရွတ်ပြလေ့ရှိပါသည်။

သို့နှင့် အချိန်အနည်းငယ်နောက်ကျရုံဖြင့် မမကို အပြစ်မမြင်ပါ။ "အပြစ်မမြင်ပါဘူး၊ ချစ်ချင်တာပဲ သိတယ်နောက်. . . ဖြစ်သမျှဟာအကောင်းပဲပေါ့"ဟူသည့် ဝိုင်းစုခိုင်သိန်း၏ သီချင်းကိုပင် ဆိုမိသေးသည်။

မကြာမီ ငမိုးရိပ်ဘူတာသို့ မမဆိုက်ရောက်လာသည်။ နံနက် ၁၀ နာရီခွဲဖြစ်သော်လည်း ရထားကချောင်သည်။ နီးရာထိုင်ခုံတွင်ထိုင်ရင်း မောင်ချစ်ဖေ ပီတိပြုံး ပြုံးမိသည်။ ကုန်ကျစရိတ်ကလည်း ငွေကျပ် ၅၀။ ရထားပေါ်ရောက်လျှင် အချိန်ကို မှန်းဆနိုင်၍ ငမိုးရိပ်၊ သဃ်န်းကျွန်း၊ နှင်းဆီကုန်း၊ မလွှကုန်း၊ ပုဇွန်တောင်၊ ရန်ကုန်ဘူတာကြီး အပါအဝင် စုစုပေါင်း ငါးဘူတာကို နာရီဝက်မျှသာ ကြာမြင့်၍ အချိန်လည်း သက်သာဆိုတော့ ပီတိဖြစ်ရသည်မှာ မဆန်းပါ။

တတ်များ တတ်နိုင်မည်ဆိုလျှင် မြန်မာ့မီးရထားသည် ပစ္စုပ္ပန်တွင် သက်တမ်းအားဖြင့် ၁၂၈ နှစ်တိုင်ခဲ့ပြီဖြစ်၍ ဦးညွတ်ပြီးမှသာ စီးချင်ပါသည်။ ဗြိတိသျှကိုလိုနီအစိုးရခေတ် ၁၈၈၇ ခုနှစ် မေလ ၁ ရက်နေ့တွင် မြန်မာပြည်၏ ပထမဦးဆုံး ရထားလမ်းဖြစ်သော ရန်ကုန်-ပြည် မီးရထားလမ်းပိုင်းကို ဖွင့်လှစ်ခဲ့သည်။ ရထားတွဲ ၁၂ တွဲဖြင့် ပထမဦးဆုံးပြေးဆွဲသော ရထားပေါ်တွင် မင်းကြီးမစ္စတာနီးဖားသွန်မဆင်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ လိုက်ပါခဲ့ကြသည်။ ရန်ကုန်မြို့မှ နံနက် ၆ နာရီတွင် ထွက်ခွာပြီး လမ်းတွင် ဘူတာနှစ်ခုသာ ရပ်နားကာ ည ၈ နာရီတွင် ရန်ကုန်ပြန်ရောက်သည်။ ထိုစဉ်ကာလက ရထားခမှာ ပထမတန်း ကိုးကျပ်၊ ဒုတိယတန်း ငါးကျပ်နှင့် တတိယတန်း သုံးကျပ်ဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းကိုမူ ၁၉၅၉ ခုနှစ် မေလ ၁ ရက်နေ့က စတင်ပြေးဆွဲခဲ့ပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့က ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် အဆင့်မြင့်တွဲဆိုင်းရထားများကို စတင်ပြေးဆွဲပေးလျက်ရှိသည်။

ပစ္စုပ္ပန်တွင်မူ ခရီးသွားပြည်သူများကို နိစ္စဓူဝ စိန်ခေါ်နေသည့် ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုဒဏ်ကြောင့် ပို့ဆောင်ရေးစျေးကွက်၏ ချိန်ခွင်လျှာသည် မြန်မာ့မီးရထားဘက်သို့ ပိုမိုအလေးသာသွားသည်။ တစ်ရက်လျှင် ရထားစီးခရီးသည် တစ်သိန်းဝန်းကျင်ခန့်ရှိလာကြောင်း သိရသည်။

နည်းပညာများအချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည့် ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပင် ရထားပို့ဆောင်ရေး၏ အခန်းကဏ္ဍသည် ယနေ့တိုင်မရှိမဖြစ် ရှိနေဆဲပင်။

ကြုံတုန်းကြွားရမည်ဆိုလျှင် စက်မှုထိပ်သီးဂျပန်နိုင်ငံသို့ လုပ်ငန်းတာဝန်ဖြင့် မောင်ချစ်ဖေ ၂၀၁၂ ခုနှစ်က ခုနစ်ရက်ရောက်ခဲ့သည်။ ကျိုတိုမှ တိုကျိုသို့ ကျည်ဆန်ရထားဖြင့်တစ်ဆင့်သွားရောက်ခဲ့ရာ နှစ်နာရီကျော်မျှသာ ကြာမြင့်သည်။ ရထားပေါ်တွင် ဆေးလိပ်သောက်ရန် Smoking Room ထားပေးထားသည်။ ကော်ဖီနှင့်မုန့်ကို ရထားပေါ်တွင် တွန်းလှည်းလေးများဖြင့် ရောင်းချသည်။ ကော်ဖီကို တစ်ခါသုံးခွက်ကလေးများဖြင့် ရောင်းချ၍သောက်ပြီးလျှင် နောက်တစ်ကျော့ လှည့်လာသော တွန်းလှည်းလေးပေါ်ရှိ ကြွပ်ကြွပ်အိတ်ထဲသို့ ပြန်ထည့်ပေးနိုင်သည်။

လုပ်ငန်းတာဝန်အားချိန်တွင် ဗဟုသုတရစေရန် တိုကျိုမြေအောက်ရထားလိုက်စီးသည်။ လက်မှတ်ကို ကွန်ပျူတာဖြင့် ကိုယ်တိုင်ဝယ်ရသည်။ ခရီးသည်အများအပြား စီးနင်းကြ၍ မတ်တတ်စီးခရီးသည်များအတော်များသည်။ ခရီးသည်များပြားသော်လည်း စည်းကမ်းရှိကြသည်။ ကိုယ်ဆင်းရမည့် ဘူတာသို့ရောက်လျှင် လက်မှတ်ကို ကွန်ပျူတာစက်ထဲသို့ ထည့်ပေးရ၏။ သို့မှသာ အတင်၊ အချပြုလုပ်ထားသော ဂိတ်ဝရှိတံခါးမင်းတုပ်မှာ အပေါ်သို့ တက်၍ဖွင့်ပေး၏။ သတ်မှတ်တန်ဖိုးထက် ဘူတာကို ကျော်စီးမိပါက ကျသင့်ငွေကို ကွန်ပျူတာစက်ထဲထပ်ထည့်ပြီး လက်မှတ်အသစ် ပြန်ထုတ်ယူကာ ဂိတ်ဝရှိ ကွန်ပျူတာစက်ထဲသို့ ပြန်ထည့်ပေးရ၏။

ဘူတာများမှာ မြို့လယ်များတွင်ရှိ၍ မြေအောက်မှ လှေကားထစ်အတိုင်း တက်သွားသည်နှင့် များစွာအဆင်ပြေပါသည်။

ကမ္ဘာ့ဖွံ့ဖြိုးပြီး နိုင်ငံများတွင် ယနေ့တိုင် မရှိမဖြစ်ဖြစ်နေဆဲ ရထားပို့ဆောင်ရေးကဏ္ဍသည် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်သို့ အားယူနေသော မြန်မာနိုင်ငံ၌လည်း မရှိမဖြစ်ပို့ဆောင်ရေးကဏ္ဍအဖြစ်သို့ ပြောင်းလဲလာရန် ခေတ်သမိုင်းက တောင်းဆိုလာခဲ့ချေပြီ။ သက်ဆိုင်ရာ ဝန်ကြီးဌာနကလည်း ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)နှင့် ပူးပေါင်း၍ မြန်မာ့မီးရထားကို အဆင့်မြင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လတ်တလောတွင် မြန်မာ့မီးရထားနှင့် ခရီးသွားပြည်သူများအတွက် တာဝန်သိမှုနှင့် တာဝန်ယူမှုတို့ ကိုယ်စီကိုယ်စီရှိနေသေးသည်။ ပုံမှန်အချိန်များတွင် မမက ချိန်းထားသည့်အတိုင်း မပျက်မကွက်လာရန် လိုသလို ခရီးသွားပြည်သူများကလည်း ကိုယ့်ချစ်သူနှင့်ချိန်းတွေ့သည့်အလား တစ်ကိုယ်ရည်သန့်ရှင်းမှုရှိဖို့ လိုအပ်သည်။

မကြာမီ ရန်ကုန်ဘူတာကြီးသို့ မမဆိုက်ရောက်ပါတော့မည်။ ခရီးသည်များ လှုပ်လှုပ်ရွရွဖြင့် ဆင်းဖို့ဟန်ပြင်နေကြပါသည်။ မောင်ချစ်ဖေလည်း ရထားကြမ်းပြင်ပေါ်ရှိ ပြန့်ကျဲနေသော နေကြာစေ့ခွံများကို သိုင်းကွက်နင်းရှောင်ရှားရင်း အသင့်ပြင်လိုက်သည်။

ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်ပါပြီ။အချိန်ကို တွက်ကြည့်လိုက်တော့ နာရီဝက်။ ကုန်စရိတ်ကို တွက်ပြန်တော့ ငွေကျပ် ၅၀။ မောင်ချစ်ဖေတို့ ခရီးသွားပြည်သူတွေ မြန်မာ့မီးရထားက ရ- ရထားကြီးကိုမှ ပျော်ပျော်မစီးလို့ မည်သူက စီးကြမည်နည်း။ ။

❇

## ဇူလိုင် ၁၀ ရက် သောကြာနေ့ စျေးပိတ်ချိန် လယ်ယာထွက်ကုန်စျေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | စျေးကွက် | စျေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၄၅၀၀ |
| ၂ | ဧယာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၁၉၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၅၀၀၀ မှ ၁၃၇၀၀၀ |
| ၉ | စွန်တာ (ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၂၀၀၀ |
| ၁၀ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၁ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၀၀၀၀ မှ ၈၅၀၀၀ |
| ၁၂ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၅၀၀ |
| ၁၃ | ပဲလွမ်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၃၀၀၀ မှ ၈၀၀၀၀ |
| ၁၄ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၃၀၀၀ |
| ၁၅ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၈၈၀၀၀ မှ ၁၉၂၀၀၀ |
| ၁၆ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၂၀၀၀ မှ ၈၃၀၀၀ |
| ၁၇ | ပန်းနှမ်း(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၀၀၀၀၀ |
| ၁၈ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၅၀၀၀ မှ ၁၀၅၀၀၀ |
| ၁၉ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၂၀၀၀၀ မှ ၁၅၀၀၀၀ |
| ၂၀ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်သာ၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၇၆၅ |
| ၂၁ | ကြက်သွန်ဖြူ (ဟောင်း၊ သစ်) | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၆၀ မှ ၂၀၂၅ |
| ၂၂ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၀၀ |
| ၂၃ | ပဲပုပ်(ရှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၂၀၀၀ မှ ၄၆၀၀၀ |
| ၂၄ | ပဲပုပ်(ဗမာ) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၅၀၀၀၀ မှ ၅၀၅၀၀ |
| ၂၅ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၇၀ မှ ၈၃၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် စျေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |

## ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား နိုင်ငံတကာအတွေ့အကြုံရှိ ပြည်ပကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၁၀**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းကို နိုင်ငံတကာအတွေ့အကြုံရှိ ပြည်ပကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ရေနံထွက်ပစ္စည်းများ တင်သွင်း သိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် တင်ဒါခေါ်ယူထားပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကုမ္ပဏီထူထောင်ပြီးပါက ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ စက်ဆီ ချောဆီအမျိုးမျိုး၊ မီးထိုးဆီ၊ အဆင့်မြင့်ဒီဇယ်ဆီနှင့် အခြားသော ရေနံထွက်ပစ္စည်းအမျိုးမျိုးကို ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် တည်ရှိသော ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ ထွက်ရှိသည့် ဒီဇယ်ဆီများကိုလည်း ဦးရာလူစနစ်ဖြင့် မည်သူမဆို သတ်မှတ်စည်းကမ်းများနှင့်အညီ လွတ်လပ်စွာဝယ်ယူနိုင်ရန် ရောင်းချပေးသွားမည်ဖြစ်သည်။ ပြင်ပစက်သုံးဆီစျေးနှုန်းကို ထိန်းသိမ်းရန်နှင့် စက်ရုံ၏ ထုတ်လုပ်မှုနှင့် လက်ကျန်ပမာဏအပေါ် မူတည်၍ အခါအားလျော်စွာရောင်းချပေးသွားရန်လည်း စီစဉ်ထားကြောင်း သိရသည်။ **(ငွေကြယ်)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ရွှေတောင် ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးဝေကိုနှင့် ဝန်ထမ်းများသည် ဇူလိုင် ၇ ရက်က ရွှေတောင်မြို့စည်ပင်သာယာစျေးအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် လျှပ်စစ်ရုံးဝင်းရှေ့တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှိုးဆော်ချက်ဆိုင်းဘုတ်စိုက်ထူခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(၁၄၃)**

ပြည်တွင်းရေးရာ

# ငါးဖမ်းစက်လှေတွင် နှစ်ရှည်ရောင်းစားခံရသည့် မြန်မာအလုပ်သမား သုံးဦးကို ကယ်တင်

**နခိုစီဌာမရ ဇူလိုင် ၁၀**

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ငါးဖမ်းစက်လှေတစ်စင်းတွင် နှစ်ရှည်ရောင်းစားခံထားရသော မြန်မာအလုပ်သမား သုံးဦးကို မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီဝင် MAT နှင့် DSI တို့ ပူးပေါင်း၍ ဇူလိုင် ၅ ရက်က ကယ်တင်နိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association Thailand)၏ ပြောကြားချက်အရ သိရသည်။

ဖြစ်စဉ်မှာ ထိုင်းနိုင်ငံတောင်ပိုင်း ဗန်ကောက်မြို့တောင်ဘက် ၂၅၅ ကီလိုမီတာအကွာတွင်ရှိသော နခိုစီဌာမရမြို့နယ် ပါပနန်းလှေဆိပ် ကော့ပဆော့ လှေအမှတ် ၁၀ ငါးဖမ်းလှေပေါ်တွင် နှစ်နှစ်ကျော်ရောင်းစားခံထားရသော အလုပ်သမားနှစ်ဦးနှင့် ငါးနှစ်ကျော် ရောင်းစားခံထားရသည့် လူငယ်တစ်ဦးတို့ကို ထိုင်းအစိုးရလူကုန်ကူးမှုအထူးစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့ (DSI) နှင့် မြန်မာသံရုံး အလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီဝင် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (MAT) တို့က ဇူလိုင် ၅ ရက်က ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီဝင် MAT အဖွဲ့ ဒါရိုက်တာ ဦးကျော်သောင်းက "သူဌေးအိမ်နောက်မှာ လှေဆိုက်ကပ်ထားတာကြောင့် လူကုန်ကူးခံနေရတဲ့ အလုပ်သမားတွေကို ကယ်တင်နိုင်တာပါ။ ထိုင်းနိုင်ငံအတွင်းမှာ ငါးဖမ်းလှေပြဿနာတွေကလည်း ရှိနေတော့ အချက်အလက်တွေကို အရင်ကာလတွေကထက် ပိုမိုပြည့်စုံအောင် စုဆောင်းကြရပါတယ်"ဟု ဆိုသည်။

ကယ်တင်နိုင်ခဲ့သူများမှာ ရခိုင်ပြည်နယ် မြေပုံမြို့နယ် ရေနီကြီးကျေးရွာမှ ဦးဘိုသိန်းကြည် (၅၄)နှစ်၊ ကိုထွန်းနိုင်(၃၀)နှစ် တို့ဖြစ်ကြပြီး (၂၈)နှစ်အရွယ်ခန့် ဗမာအလုပ်သမားလူငယ်မှာ အမည်၊ နေရပ်လိပ်စာကို မပြောနိုင်ကြောင်း သိရသည်။ **(ဝ၄၀)**

# ချင်းတွင်းမြစ် ရေကြောင်းကောင်း၍ ကုန်စည်ပို့ဆောင်ရေးအဆင်ပြေ



ကလေး ဇူလိုင် ၁၀

**မိုးရာသီကာလ အထက်ပိုင်းတွင် မိုးများသောကြောင့် ချင်းတွင်းမြစ် ရေလမ်းကြောင်း ကောင်းမွန်လာပြီဖြစ်သည်။ ထို့ကြောင့် မြစ်အတွင်းသွားလာနေကြသော ကုန်တင်ရေယာဉ်ကြီးများ၊ ကုန်တင်တွဲယာဉ်များလမ်းကြောင်းကောင်းစွာ သွားလာနိုင်သဖြင့် ကလေး၊ တမူးနှင့် ချင်းတောင်ဒေသအတွက် ပို့ကုန်ပစ္စည်းများကို ရေကြောင်းမှ လွယ်လင့်တကူသယ်ယူနိုင်ပြီဖြစ်ကြောင်းသိရသည်။**

"ချင်းတွင်းမြစ်ရေက ဇွန်လဆန်းကတည်းက တက်လာတာပါ။ မြစ်ရေတက်လာမှ ကုန်တင်အမြန်ရေယာဉ်တွေ သွားလို့ လာလို့လွယ်ကူတာပါ။ ဒါမှလည်း စစ်ကိုင်းတိုင်းဒေသကြီး အနောက်မြောက်ဘက်ရဲ့ ကုန်စည်စီးဆင်းမှုက ပိုမိုမြန်ဆန်မှာပါ"ဟု ကလေးဝဒေသခံကုန်သည်တစ်ဦးက ပြောသည်။

ကလေး၊ ချင်းတောင်နှင့် မုံရွာ၊ မန္တလေး ကုန်စည်ပို့ဆောင်မှုတွင် ရှေးယခင်မှ အစပြု၍ ရေကြောင်းခရီးကို အသုံးပြုခဲ့ကြသော်လည်း ချင်းတွင်းမြစ်သည် နွေရာသီနှင့်ဆောင်းရာသီ ကာလများတွင် မြစ်ရေနည်းပါးသည့်အတွက် ကားလမ်းမှ ကုန်စည်ပို့ဆောင်ကြရခြင်းဖြစ်သည်။

မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးရသည့် ကုန်ပစ္စည်းအများစုသည် စားကုန်သောက်ကုန်နှင့် အမြန်ရောက်ရန်လိုအပ်သော ပစ္စည်းများဖြစ်ပြီး အမြန်ရောင်းရသည့် ကုန်စည်များဖြစ်သည်။ ကွမ်းခြင်း၊ ခရမ်းချဉ်၊ ပန်းစသည့် ကုန်ပစ္စည်းများမှာ ညအိပ်ရပါက အရှုံးပေါ်တတ်သောကြောင့် ကားလမ်းမှတင်ပို့ကာ ဘိလပ်မြေနှင့်အိမ်ဆောက်ပစ္စည်းများကို ရေလမ်းကြောင်းမှနေ၍ တင်ပို့ပေးရကြောင်း သိရသည်။ **(လင်းလက်ကြယ်စင်)**

# မြန်မာနိုင်ငံဉာဏ်ရည်မမီအားကစားသမားများအတွက် အားကစားအသုံးအဆောင်ပစ္စည်းများ ပေးအပ်

သတင်းနှင့် ဓာတ်ပုံ
(စိုးဝင်း-MLA)

**ရန်ကုန် ဇူလိုင် ၁၀**

၂၀၁၅ ခုနှစ် ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ (2015 Special Olympics World Summer Game)တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံဉာဏ်ရည်မမီအားကစားသမားများအတွက် Koica (Korea International Cooperation Agency) မှ အမေရိကန် ဒေါ်လာ ၅၀၀၀ တန်ဖိုးရှိ အားကစားအသုံးအဆောင် ပစ္စည်းများအား ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိမသန်စွမ်းသူများအားကစားလေ့ကျင့်ရေးစခန်း၌ ဇူလိုင် ၇ ရက် ညနေပိုင်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဉာဏ်ရည်မမီ အားကစားအဖွဲ့မှ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့် (ငြိမ်း)က လက်ခံရယူသည်။



၂၀၁၅ ခုနှစ် ကမ္ဘာ့ဉာဏ်ရည်မမီသူများအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဉာဏ်ရည်မမီ အားကစားသမား ကိုးဦးမှာ ပြေးခုန်ပစ်အားကစားနှင့် ဘိုချီ(Bocce) အားကစားနှစ်မျိုးအား ဝင်ရောက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး မေလအတွင်းကပင် မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း၌ နည်းပြ၊ အုပ်ချုပ်သူများနှင့်အတူ စတင်စခန်းသွင်း လေ့ကျင့်နေကြခြင်းလည်း ဖြစ်သည်။

(၁၄)ကြိမ်မြောက် ကျင်းပမည့် ၂၀၁၅ ခုနှစ် ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲအား အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

jyiqi orw y;&e

၁၀-၇-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၃၂ ပါ **ရွာမ-လှော်ကား-သာကေတ ...** သတင်းကော်လံ ၃ စာကြောင်းရေ ၃ တွင် **သုံးလက်မ အစား သုံးပေ** ဟု ပြင်ဆင်သိမှတ်ပါရန်။ **စာတည်း။**

# ရှေးဟောင်းမြန်မာ၊ ပျူနှင့် မွန်ကျောက်စာ အခြေခံသင်တန်းများ ဖွင့်မည်

**နေပြည်တော် ဇူလိုင် ၁၀**

မြန်မာကျောက်စာ၊ ပျူကျောက်စာနှင့် မွန်ကျောက်စာများကို နားလည်တတ်ကျွမ်းစေရန်၊ ရေးဖတ်ဘာသာပြန်နိုင်ရန်နှင့် ယနေ့ခေတ်တွင် ရှေးဟောင်းကျောက်စာများ ဆက်လက်ပြန့်ပွားရန် ရည်ရွယ်ချက်ဖြင့် ရှေးဟောင်းမြန်မာကျောက်စာ၊ ပျူကျောက်စာနှင့် မွန်ကျောက်စာ အခြေခံသင်တန်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ၌ ဩဂုတ် ၃ ရက်မှစတင်ကာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

အဆိုပါသင်တန်းတွင် မြန်မာကျောက်စာအခြေခံအဆင့်၊ အလယ်အလတ်အဆင့်၊ အဆင့်မြင့်သင်တန်း၊ ပျူကျောက်စာ အခြေခံအဆင့်၊ အလယ်အလတ်အဆင့်၊ အဆင့်မြင့်သင်တန်း၊ မွန်ကျောက်စာအခြေခံအဆင့်နှင့် ပျူအရေးအသားများကို ကျောက်စာပညာရှင်များက အပိုင်းလိုက် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပျူကျောက်စာများကို ဖတ်ရှုလေ့လာနိုင်ရန်ရည်ရွယ်ပြီး ယခုကဲ့သို့ သင်တန်းများကို ၂၀၁၄ ခုနှစ်အတွင်းက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲတွင် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ယင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် လူငယ်များ ရှေးမြန်မာစာပေများဖြစ်သည့် မြန်မာ၊ ပျူ၊ မွန်ကျောက်စာများကို နားလည်သိရှိစေကာ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်လေ့လာနိုင်ပါက လေ့လာနိုင်လျှင် လေ့လာနိုင်သလို ကျွမ်းကျင်စွာ တတ်မြောက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ဖြိုးစန္ဒာမြင့်)**

# မော်တော်ဆိုင်ကယ်ခရီးစဉ် ရန်ကုန်မြို့သို့ လာရောက်လည်ပတ်

**နေပြည်တော် ဇူလိုင် ၁၀**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ Green Dawna Travels & Tours Co.,Ltd. ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံသားခရီးသည် ၁၆ ဦးသည် ဇူလိုင် ၁ ရက်က မော်တော်ဆိုင်ကယ် ၁၃ စီးဖြင့် မြဝတီမြို့မှတစ်ဆင့် ဝင်ရောက်ခဲ့ပြီး ဘားအံမြို့၊ ကျိုက်ထိုမြို့မှတစ်ဆင့် ကျိုက်ထီးရိုးစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျိုက်ထိုမြို့တွင် ညအိပ်ရပ်နားခဲ့သည်။

ဇူလိုင် ၂ ရက်တွင် ပဲခူးမြို့သို့ ဆက်လက်ထွက်ခွာပြီး ကမ္ဘောဇသာဒီနန်းတော်ရာသို့ လေ့လာကာ ရွှေမော်ဓောစေတီနှင့် ရွှေသာလျောင်းဘုရားသို့ သွားရောက်ဖူးမြော်၍ ပဲခူးမြို့တွင် ညအိပ်ရပ်နားခဲ့သည်။

အဆိုပါခရီးသွားအဖွဲ့သည် ဇူလိုင် ၃ ရက်တွင် ပဲခူးမြို့မှ ရန်ကုန်မြို့သို့ ပြည်တွင်းမော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး ကျိုက္ကလို့စေတီ၊ ဗိုလ်တထောင်စေတီ၊ ရွှေတိဂုံစေတီများသို့ လှည့်လည်ဖူးမြော်ခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လည်ပတ်ကာ ရန်ကုန်မြို့၌ ညအိပ်ရပ်နားပြီး ဇူလိုင် ၄ ရက်တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြကြောင်း သိရသည်။ **(သတင်းစဉ်)**




# ပြည်ပသို့ တရားမဝင်ခိုင်းနွားများ တင်ပို့နေမှုကြောင့် တောင်သူများ အခက်တွေ့

**ရေတာရှည် ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်မှ စစ်တောင်းမြစ်ကိုဖြတ်ကူးကာ ထိုင်းနိုင်ငံသို့ ခိုင်းနွားများ တရားမဝင်တင်ပို့နေမှုများကြောင့် လယ်ယာလုပ်ငန်းခွင် လုပ်ကိုင်လျက်ရှိသည့် တောင်သူများ အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။ မိုးရာသီ စပါးစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် စက်ကိရိယာများ ပိုမိုအသုံးပြုလာသည်မှာ မှန်သော်လည်း တောင်သူအများစုသည် ကျွဲ၊ နွားများကိုသာ သုံးစွဲနေရဆဲဖြစ်သည်။

"ရေတာရှည် နွားပွဲဈေးနေ့ဆို ညနေစောင်းရင် ဆင်ဝွေရွာကူးတို့က အကောင်နှစ်ဆယ်နဲ့အထက် ကူးတယ်။ အရှေ့ဘက်ကမ်းရောက်ရင် ကရင်ပြည်နယ်ကိုဖြတ်ပြီး ထိုင်းကို ဆက်ပို့တယ်"ဟု ဆင်ဝွေကျေးရွာနေ တစ်ဦးက ပြောသည်။ ပြည်ပသို့တင်ပို့သည့် နွားဝယ်သူများအနေဖြင့် သာမန်တောင်သူတို့ပေးနိုင်သည့် ဈေးထက် ပိုပေး၍ ဝယ်ယူနေသည့်အတွက် အခက်အခဲကြုံတွေ့ နေရသည်ဟု တောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ပေးနိုင်တာ ဆယ်သိန်းပေါ့ဗျာ၊ သူတို့က ကြားကဖြတ်ပြီး နှစ်သိန်း၊ သုံးသိန်းပိုပေးဝယ်သွားတော့ ကျွန်တော်တို့မှာ နွားကောင်းသုံးဖို့ ဘယ်လွယ်တော့မလဲ"ဟု ၎င်းကပင် ဆက်၍ပြောသည်။

ယခုကဲ့သို့ တရားမဝင် ခိုင်းနွားများ ရောင်းဝယ်မှုကို သက်ဆိုင်ရာက အရေးယူဆောင်ရွက် နိုင်ခြင်းမရှိလျှင် ရေရှည်တွင် ပို၍ရှားပါးလာနိုင်ကြောင်း တောင်သူများက သုံးသပ်ပြောဆိုလျက်ရှိသည်။

**ကိုလွင်(ဆွာ)**




# ဘီယွန်းစေးခန္ဓာကိုယ်ကောက်ကြောင်းပုံစံအတိုင်း တည်ဆောက်ထားတဲ့ မိုးမျှော်တိုက်

ဩစတြေးလျနိုင်ငံ မယ်လ်ဘုန်းမြို့တွင် အမေရိကန်ပေါ့ပ်အဆိုတော် ဘီယွန်းစေး၏ အချိုးအစားကျလှသော ခန္ဓာကိုယ်ကောက်ကြောင်းအလှပုံစံအတိုင်း ပုံဖော်တည်ဆောက်ထားသော မိုးမျှော်တိုက်ကြီးတစ်ခုကိုတည်ဆောက်ခဲ့ကြောင်း US daily သတင်းစာက ဖော်ပြခဲ့သည်။

အဆိုပါတိုက်ကြီးကို Premier Tower ဟု အမည်ပေးထားပြီး တာဝန်ယူ တည်ဆောက်ပေးခဲ့သော ဗိသုကာပညာရှင်များက သူတို့သည် ဘီယွန်းစေး၏ အကျော်ကြားဆုံးသော ကိုယ်ဟန်အမူအရာပို့စ်မှ ယခုအဆောက်အအုံဒီဇိုင်းအတွက် စိတ်ကူးရခဲ့ခြင်းဖြစ်ကြောင်းလည်း ဆိုခဲ့သည်။

# အမေရိကန်မှာအသက်ဝင်လာတဲ့ Frozen ဇာတ်ကောင်များ



ဒစ်စနေ၏ဇာတ်ကားကောင်းများအနက် ဇာတ်လမ်းရော ဇာတ်ဝင်သီချင်းပါ နာမည်ကျော်ခဲ့သော Frozen ရုပ်ရှင်တွင် ပါဝင်သည့် ဇာတ်ကောင်များ၏နာမည်များကို ဇာတ်ကားပြသခဲ့သည့် ၂၀၁၃ခုနှစ်မှစ၍ မွေးဖွားခဲ့သော ကလေးများအား အမည်ပေးခြင်းများ အမေရိကန်၌ အထူးရေပန်းစားနေကြောင်း သယ်နယူးယော့ခ်တိုင်းစ်သတင်းစာက ဖော်ပြခဲ့သည်။

အမေရိကန်၌ အဆိုပါဇာတ်ကောင်များအနက် မင်းသမီးအဲလ်ဆာ၏ နာမည်ကို မှည့်ဆိုခဲ့သည့် ကလေးပေါင်း တစ်ထောင်ကျော်ရှိခဲ့ပြီး မိန်းကလေးများအတွက် ရေပန်းအစားဆုံး နာမည်များစာရင်းတွင် တစ်ခုအပါအဝင်ဖြစ်သည်။

ထို့ပြင် အမေရိကန်၌ သာမက ကမ္ဘာတစ်ဝန်းရှိ မိဘများကြား၌ပါ အဆိုပါနာမည်များ လွှမ်းမိုးနိုင်ခဲ့သည်။ ပြီးခဲ့သည့်နှစ်အတွင်းက မင်းသားဟန်စ်၏ နာမည်ကို ယောက်ျားလေး ၁၃၂ ဦးအား အမည်ပေးခဲ့ကြောင်းသိရသည်။

Frozenမင်းသမီး အန်နာ၏ အမည်မှာမူ မိန်းကလေးများအကြား လူကြိုက်များသော အမည်ဖြစ်သည့်အားလျော်စွာ အမေရိကန်နိုင်ငံ၏ မှည့်ခေါ်မှုအများဆုံးသော နာမည်စာရင်းတွင် ၃၄ ခုမြောက် နေရာ၌ တည်ရှိနေသည်။

## ရှစ်ယောက်နဲ့ ခရီးဆက်မယ့် Girls' Generationရဲ့ ဂီတလမ်းကြောင်း

တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်ဂီတအဖွဲ့ Girls Generation သည် အဖွဲ့ဝင်ကိုးဦးဖြင့် ဂီတခရီးကိုစတင်ခဲ့ရာမှ ယခု"ဂျက်ဆီကာ" အဖွဲ့မှ နုတ်ထွက်သွားခဲ့သည့်အတွက် ရှစ်ဦးဖြင့်သာ အနာဂတ်ခရီးဆက် သွားကြမည်ဖြစ်ကြောင်း ဇွန် ၇ ရက်က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

နောင်ထွက်ရှိမည့် တေးအယ်လ်ဘမ်သည်လည်း အဖွဲ့ဝင်ရှစ်ဦးဖြင့် ရိုက်ကူးထားသည့် ပထမဦးဆုံးသော တေးအယ်လ်ဘမ် ဖြစ်လာမည်ဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောဆိုခဲ့သည်။


အဖွဲ့ဝင်တစ်ဦးဖြစ်သော ယူရီက "ဂျက်ဆီကာအဖွဲ့ကထွက်သွားတော့ အဆင်မပြေမှုလေးတွေရှိပါတယ်။ ဥပမာ သုံးယောက်တစ်ဖွဲ့ခွဲဆိုတဲ့ အခါမျိုးပါ။ အရင်ကကိုးယောက်ဆိုတော့ အဆင်ပြေတယ်။ အခုက ရှစ်ယောက်ဆိုတော့ အဲဒီလိုပုံစံမျိုး ဖျော်ဖြေလို့မရတော့ဘူးလေ။ ဒါပေမယ့် ကျွန်မတို့အဖွဲ့ဝင်တွေရဲ့ အရည်အချင်းတွေကို အကောင်းဆုံးပြသသွားမှာပါ" ဟုဆိုခဲ့သည်။

ဂျက်ဆီကာအဖွဲ့မှ နုတ်ထွက်ရခြင်းနှင့်ပတ်သက်၍ ဂီတစီးပွားရေးလောကနှင့် သက်ဆိုင်နေသည့်အတွက် ထုတ်ဖော်ပြောကြားခြင်းမပြုနိုင်ကြောင်း အဖွဲ့ဝင်များကပြောသည်။

လတ်တလောတွင် Girls' Generation အဖွဲ့သည် SBS၏ ဂီတဖျော်ဖြေပွဲတွင် "Party" သီချင်းကို အသွင်သစ်ဖြင့် အဖွဲ့ဝင်ရှစ်ဦးနှင့်သာဖျော်ဖြေခဲ့ပြီး ဂီတလုပ်ငန်းများကို ပြန်လည်စတင်လိုက်သည်။


**အေးပြည့် - စုစည်းသည်**

## ရုပ်သံသရုပ်ဆောင်အဖြစ် တွေ့မြင်ရတော့မယ့် အက်ဒ်ရှီးရန်



"Thinking Out Loud" အဆိုတော် အက်ဒ်ရှီးရန်က သူ၏ သူငယ်ချင်းရေးဆွဲသော ရုပ်မြင်သံကြားအစီအစဉ်တစ်ခုတွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း The Sun သတင်းစာသို့ ပြောကြားခဲ့သည်။

အဆိုပါဇာတ်လမ်းတွင် အက်ဒ်ရှီးရန် ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်သဘာဝနှင့်ပတ်သက်၍ ထုတ်ဖော်ပြောကြားခြင်း မရှိသေးသော်လည်း အလယ်ခေတ်ကာလကို ဇာတ်အိမ်တည်ထားသည့် ဇာတ်လမ်းဖြစ်ရာ သူ့ကို အလယ်ခေတ်ပုံစံဖြင့် တွေ့မြင်ရမည်ဖြစ်သည့်အတွက် ယင်းအစီအစဉ်ကို ပရိသတ်များက စိတ်ဝင်စားလျက်ရှိသည်။



## ဩစတြေးလျကလေးဆေးရုံကို သွားရောက်ခဲ့တဲ့ ဂျော်နီဒပ်

ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးဟု လူသိများသော မင်းသားဂျော်နီဒပ်သည် ပြီးခဲ့သည့် သီတင်းပတ်က ဩစတြေးလျနိုင်ငံရှိ Lady Cilento ကလေးဆေးရုံသို့ သွားရောက်လည်ပတ်ကာ ဝေဒနာသည်ကလေးများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။

ဒပ်သည် လတ်တလောတွင် "Pirates of The Caribbean" ဇာတ်လမ်းတွဲ၏ ဇာတ်ကားသစ်ကို ဩစတြေးလျ၌ လာရောက်ရိုက်ကူးနေခြင်းဖြစ်သည်။ ဒပ်သည် အဆိုပါဆေးရုံသို့ ဂျက်စပဲရိုးဝတ်စုံကိုဝတ်ဆင်ကာ သွားရောက်ခဲ့ပြီး ကလေးများနှင့် အမှတ်တရဓာတ်ပုံများလည်း ရိုက်ကူးခဲ့သည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

၁၁ - ၇ -၂၀၁၅ (စနေနေ့)

## မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၄၅ ပြည့်ဝစုံလင်လာစေချင်
- ၈း၃၅ ဖွံ့ဖြိုးမှုဆီဦးတည် သန်းခေါင်စာရင်း အချက်အလက်တွေမှသည်
- ၁၀း၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
- ၁၁း၃၅ ချစ်စရာ့အရွယ် ကစားကြမယ်
- ၂း၀၀ "ထာဝရမိတ်ဆွေဖြစ်ပါစေ"
- ၂း၃၅ လူမျိုးဘာသာမရွေး ကျန်းမာရေးစောင့်ရှောက်ပေး
- ၂း၄၅ "သုံးပင်နှစ်ဆယ်"
- ၄း၅၀ မြို့သစ်လေးခုမှာအခြေတည် ရေကြီးရေလျှံမှုမှ ကာကွယ်မည်
- ၅း၃၅ ကြိုတင်သတိပြုကာကွယ် MERS Cov ရောဂါ
- ၆း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသ အခြေအနေ -ကိုလိုနီခေတ်တွင် ကျော်ကြားခဲ့သော ဝေဘူစိန်အငြိမ့် ဖော်ထုတ်ကပြခြင်း -ဂီတတံခါးလေးဖွင့်ပါဦး

## မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၀ မေတ္တာပို့
- ၆း၁၆ ဓမ္မပူဇာတေး
- ၈း၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၅ မွေးမြူသုတ
- ၈း၂၀ မြတ်နိုးစရာ ရိုးရာလက်မှုပညာ
- ၁၁း၀၀ English For Myanmar
- ၁၁း၄၀ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် - ဖူးစာဆုံမှတ် ကျော်ရဲအောင်၊ ချမ်းမီမီ၊ ဖူးဖူး နှင့် သရုပ်ဆောင်များ ဒါရိုက်တာ ဇော်မျိုး**
- ၁၂း၅၀ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း** - စက်ရုပ်ချစ်သူ (အပိုင်း-၃၄)
- ၄း၂၅ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၄၅ ကျန်းမာသုတ
- ၅း၁၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း** - ဂါလီမာ (အပိုင်း-၄၂)
- ၅း၄၅ **ရွှေလမ်းငွေလမ်းသူဌေးလမ်း**
- ၆း၁၀ **စားဖို့ဆောင်ချစ်သူ**
- ၆း၃၅ **ထူးခြားဆန်းပြားကမ္ဘာတစ်လွှား**
- ၇း၀၀ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း** - ဆူးခင်းလမ်းရဲ့ချစ်ပန်းနှင်းဆီ (အပိုင်း-၅၅) - **လူ့ရှင်တော်စတား** - ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း** - အဆုံးမရှိ (အပိုင်း-၁)

## MRTV - 4

- ၅း၀၀ ပဌာန်းပါဠိတော်၊ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၆၇)
- ၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၁၉)
- ၉း၃၀ Drive It
- ၁၀း၄၀ Healthy Life (အမာရွတ်ကင်းစင်သောအလှများ)
- ၁၁း၀၀ Star တို့ရဲ့လက်ရာ
- ၁၁း၃၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "Happy Beach" (Angry Monkey +ဓာတ်ပုံကမ်းခြေ)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး" [ဝဋ်ကြွေးရှိသမျှ ကျေပါစေ(အပိုင်း-၂)]
- ၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၆၇)
- ၃း၄၀ Fashion Week (Designer Collection)(part-3)
- ၆း၁၀ Health Fix
- ၈း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး" [မေတ္တာတရား(အပိုင်း-၁)]
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း"(အပိုင်း-၂၀)
- ၁၁း၄၅ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ(ကျိုက်ပေါလောမွဲရှင်တော်ဘုရား)

## mitv

- Great Shwedagon: The Repository of Buddhist Scriptures And Archives
- MONASTERY (Shwe In - Pin Kyaung)
- Thin Byu Mat
- Myanmar Traditional Festival
- Let's Cook (EP-6) Cheesy Burger & Crunchy Munchy Beary Cookies
- Crab Business (Part-I) Mud Crab
- Travels In Monywa- Moe Hnyin Sambuddhe
- A Girl Guide
- Welcome To Naga Land
- Black Gold (P- II)
- The Hills Of Phowintaung And Shwebataung
- Today Myanmar "Minimum Wage - 3600 Kyats"
- Myanmar Masterclass: Still Life (Glass)
- Enchanting Rakhine Land
- Ywar Thit's Monhinkhar
- Continuation In Rural Tradition
- Kachin Traditional Wedding Ceremony
- Myanmar Traditional Instruments (MYANMA DRUM)
- [Doctor] [Painter]
- The Mountain with antique stone sculptures & Mural Painting
- Super Myanmar Traditional Stick Form (EP-2)

## စတာလင် ကို စိတ်ပျက်နေတဲ့ ဂျာရတ်

လီဗာပူးခေါင်းဆောင်ဟောင်း စတီဗင်ဂျာရတ်က တိုက်စစ်မှူး စတာလင်၏ အပြုအမူများအတွက် အလွန်စိတ်ပျက်မိကြောင်း ဘီဘီစီနှင့် အင်တာဗျူးပြုလုပ်စဉ်ပြောကြားခဲ့သည်။ အသက်(၂၀)အရွယ်ရှိစတာလင်အတွက် မန်စီးတီးဘက်မှ ပေါင်သန်း၄၀ဖြင့် ကမ်းလှမ်းမှုအား လီဗာပူးမှ ပယ်ချခဲ့ပြီးနောက် စတာလင်သည် ကလပ်အသင်း၏ ရာသီကြိုခြေစမ်းပွဲခရီးစဉ်ကိုမလိုက်လိုသည့်အတွက် ဖျားနာနေသည်ဟု အကြောင်းပြကာ လေ့ကျင့်ရေးကွင်းသို့ လာရောက်ပူးပေါင်းခဲ့ခြင်း မရှိ၍ ဂျာရတ်က ပရော်ဖက်ရှင်နယ် မပီသသော ကစားသမားဟု ဝေဖန်ခဲ့သည်။

ထို့ပြင် ဂျာရတ်က လစ်လပ်သွားသော အသင်းခေါင်းဆောင်နေရာအတွက် ဟန်ဒါဆင်မှာ အသင့်လျော်ဆုံးကစားသမားဟု ထောက်ခံခဲ့ပြီး စတာလင်၏ အနာဂတ်ကို လီဗာပူးတွင် မြင်တွေ့ရန်မရှိတော့ဟူ၍လည်း မှတ်ချက် ပြုခဲ့သည်။

စတာလင်သည် ဇူလိုင် ၈ ရက်နှင့် ၉ ရက်တို့တွင် ပြုလုပ်ရမည့် လေ့ကျင့်ရေးကွင်းသို့လာရောက်ရန် ပျက်ကွက်ခဲ့ပြီးနောက် ဖျားနာနေသည်ဟု ဖုန်းဖြင့်သာ အကြောင်းကြားခဲ့ရာ နည်းပြ ဘရန်ဒန်ရော်ဂျာမှာ အလွန်အမင်းစိတ်ဆိုးဒေါသထွက်လျက်ရှိသည်။

ဂျာရတ်က "ဟန်ဒါဆင်နဲ့စတာလင်ကြား ကွာဟချက်တော်တော်ကြီးမားတယ်လို့ ထင်ပါတယ်။ စတာလင်က အရမ်းကိုစိတ်ပျက်စရာကောင်းတဲ့ အပြုအမူတွေကို ဆက်တိုက်ကျူးလွန်နေသလိုပါပဲ။ ပရော်ဖက်ရှင်နယ်ဆန်တဲ့သူဟာ စိတ်ထင်တိုင်းလျှောက်လုပ်လို့မရဘူးဗျ" ဟု ပြောကြားခဲ့သည်။ **[မေလှဲ့သင်း]**

## စီရိုနယ်လ်ဒိုထက် မက်ဆီ ပိုကောင်း



မက်ဆီမှာ ပွဲကစားချိန်အတွင်း ပြိုင်ပွဲတစ်ခုလုံးကို လွှမ်းမိုးနိုင်သော ကစားသမားဖြစ်သောကြောင့် ရီးယဲလ်ကြယ်ပွင့် စီရိုနယ်လ်ဒိုထက်ပိုကောင်းသည်ဟု ဘာစီလိုနာအသင်းဖော် ဒန်နီအဲလ်ဗက်စ်ကပြောကြားခဲ့သည်။ စီရိုနယ်လ်ဒိုနှင့်မက်ဆီတို့နှစ်ဦးသည် ဘောလုံးလောက၌ ၂၀၀၈ ခုနှစ်ကတည်းက တစ်ယောက်တစ်လှည့်စီကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု ရယူနေကြပြီး မည်သူကပိုကောင်းသည်ဆိုသည်ကို ယခုထိအငြင်းပွားနေဆဲဖြစ်ရာ အဲလ်ဗက်စ်ကမူ မက်ဆီကသာပိုကောင်းသည်ဟု အထက်ပါအတိုင်း ဆိုခဲ့ခြင်းဖြစ်သည်။

မက်ဆီမှာ ဝင်ရောက်ကစားသည့်အချိန်တိုင်း ကစားဖော်များနှင့် ပြိုင်ဘက်ကစားသမားများအားလုံးကို လွှမ်းမိုးထားသော်လည်း စီရိုနယ်လ်ဒိုကမူ ကိုယ်တိုင်ဂိုးသွင်းယူရေးသာ ကြိုးစားလေ့ရှိပြီး အခြားမည်သည့်အရာကိုမျှမလုပ်တတ်သော ကစားသမားဟု အဲလ်ဗက်စ်က ဝေဖန်ခဲ့သည်။

အဲလ်ဗက်စ်က" မက်ဆီက ကစားပွဲတစ်ပွဲမှာ ဂိုးသွင်းယူနိုင်တာအပြင် ဘောလုံးဖြန့်တာရော၊ ဂိုးဖန်တီးမှုရော၊ နေရာလွတ်ရှာတာရော အားလုံးလုပ်ဆောင်ပြီး ပွဲတစ်ခုလုံးကိုလွှမ်းမိုးနိုင်တဲ့ ကစားသမားမျိုးပါ။ စီရိုနယ်လ်ဒိုက ပွဲချိန်မှာ ကြိုးစားကစားတတ်သူဖြစ်ပေမယ့် ဒါမျိုးတွေအကုန်လုံးသူမလုပ်တတ်ပါဘူး။ သူက ပွဲကိုစိုးမိုးဖို့ထက် ဂိုးအရေအတွက်ကိုပဲ ပိုပြီးအာရုံထားနေတဲ့ ကစားသမားမျိုးပါ။ လူတွေက အခုထိဘယ်သူက ပိုကောင်းတယ်ဆိုတာ ငြင်းခုံနေကြပေမယ့် အသင်းဖော်တစ်ယောက်အနေနဲ့မဟုတ်ဘဲ အပြင်ကလူအနေနဲ့ကြည့်ရင်လည်း မက်ဆီကပဲ ပိုကောင်းတယ်လို့ ကျွန်တော်ပြောမိမှာပါ" ဟုဆိုခဲ့သည်။

၂၀၁၅အစတွင် ဆိုစီဒက်က ဘာစီလိုနာအားအနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် မက်ဆီနှင့်နည်းပြ အန်းနရစ်ကြား မပြေမလည်ဖြစ်ခဲ့ရာ အဲလ်ဗက်စ်က ယင်းကိစ္စမှာ ဘောလုံးလောကတွင်ဖြစ်လေ့ဖြစ်ထရှိသော အကြောင်းအရာတစ်ခုသာဖြစ်သည်ဟု ဆိုခဲ့သည်။ [မေလှဲ့သင်း]

## ဗန်ပါစီအား ခေါ်ယူရန် ဖီနာဘာချီ ဆွေးနွေးလျက်ရှိ

တူရကီကလပ် ဖီနာဘာချီအသင်းသည် မန်ယူအသင်းမှ နယ်သာလန်တိုက်စစ်မှူး ရော်ဘင် ဗန်ပါစီအား ခေါ်ယူရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။



အသက်(၃၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးဗန်ပါစီသည် ၂၀၁၂ ခုနှစ်အတွင်းက အာဆင်နယ်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၂၄ သန်းဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘောလုံးရာသီတွင် ပရီမီယာလိဂ်သွင်းဂိုး ၂၆ ဂိုးသွင်းယူပေးနိုင်ခဲ့ကာ မန်ယူအသင်းအတွက် ပရီမီယာလိဂ်ဖလား ရယူပေးနိုင်ခဲ့သူဖြစ်သည်။

သို့ရာတွင် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးသည့် တိုက်စစ်မှူး ဗန်ပါစီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့ခဲ့ရသည့်အပြင် သွင်းဂိုး ၁၀ ဂိုးသာ သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ပုံမှန်ပွဲထွက် ကစားခွင့်လျော့ကျခဲ့ရသည်။

ထို့ကြောင့် တိုက်စစ်မှူးဗန်ပါစီ၏ မန်ယူကစားဖော်ဟောင်းတစ်ဦးဖြစ်သူ တောင်ပံကစားသမား နာနီအား ပြောင်းရွှေ့ကြေးပေါင် ၄ ဒသမ ၂၅ သန်းဖြင့် ခေါ်ယူခဲ့သည့် တူရကီကလပ် ဖီနာဘာချီအသင်းအနေဖြင့် တိုက်စစ်မှူး ဗန်ပါစီကိုပါ ထပ်မံခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။ မန်ယူအသင်းနည်းပြ ဗန်ဟားလ်သည်လည်း မန်ယူအသင်း၏ တိုက်စစ်ပိုင်းတွင် ရွန်းနီနှင့် ဝီဆင်တို့ကို ပထမဦးစားပေးကစားသမားများအဖြစ် ရွေးချယ်ထားခြင်းကြောင့် တိုက်စစ်မှူး ဗန်ပါစီအနေဖြင့် မန်ယူအသင်းကို စွန့်ခွာလိမ့်မည်ဟု မီဒီယာများက ဆို ထားသည်။

တိုက်စစ်မှူးဗန်ပါစီသည် လက်ရှိမန်ယူအသင်းတွင်ပွဲပေါင်း ၁၀၅ ပွဲကစားပေးခဲ့ပြီး သွင်းဂိုး ၅၈ ဂိုး သာ သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ပုံမှန်ပွဲထွက် ကစားခွင့် ပျောက်ဆုံးနေသည်။ ❒❒

နိုင် လင်း ကြည်

## အားကစားလောက သတင်းတိုများ

❍ **ရီးယဲလ်တိုက်စစ်မှူး ဂါရတ်ဘေးလ်က ရီးယဲလ်အတွက် ၁၁ ကြိမ်မြောက် ချန်ပီယံလိဂ်ဖလားအား ရယူပေးရန် အသင့်ဖြစ်နေ ပြီဟု ထုတ်ဖော်ပြောကြားခဲ့သည်။**

❍ ပီအက်စ်ဂျီတိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်က ၎င်းဘောလုံးလောကမှ အနားမယူမီ ဘိုင်ယန်မြူးနစ်အသင်းအတွက် ကစားပေးချင်မိသည်ဟု ဖွင့်ဟခဲ့သည်။

❍ **အင်္ဂလန်ကွင်းလယ်ကစားသမားဖြစ်သော ဂျာရတ်နှင့် လမ်းပတ်တို့နှစ်ဦးသည် ဘက်ခမ်းလျှောက်လှမ်းခဲ့သည့် လမ်းစဉ်အတိုင်း လိုက်ပါလုပ်ဆောင်ခဲ့ကြသည်ဟု အမေရိကန် အားကစားစာစောင်များက ဝေဖန်ခဲ့သည်။**

❍ နောက်နှစ်ဘောလုံးရာသီ၌ မန်စီးတီးအသင်း ပရီမီယာလိဂ်ဖလား ပြန်လည်ရရှိအောင် ကြိုးပမ်းသွားမည်ဟု ကွင်းလယ်ကစားသမား ယာယာတိုရေးက ဆိုခဲ့သည်။

❍ **မန်စီးတီးတိုက်စစ်မှူး အေဒင်ဇက်ကို၏ ကစားဟန်မှာ စီးရီးအေနှင့် အလုံးစုံ အံဝင်ခွင်ကျရှိနေသည်ဟု ယန်ဂါဘီဝါက ဆိုခဲ့သည်။**

❍ ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက်တွင် အံ့အားသင့်ဖွယ်အကောင်းဆုံးဖြစ်ရပ်မှာ ၂၀၀၆ ကမ္ဘာ့ဖလားဗိုလ်လုပွဲ၌ ဇီဒန်းက မာတာရာဇီအား ခေါင်းဖြင့်တိုက်ခဲ့သော ကိစ္စရပ်ဟု Fox က ဖော်ပြသည်။

❍ **မန်ယူက လူငယ်တိုက်စစ်မှူး ဝီကင်န်းအား ပရက်စတန်အသင်းသို့ အငှားချထားရန် သဘောတူခဲ့သည်။**



## ရှာရာပိုဗာအား အနိုင်ကစားပြီး ဆရီနာဝီလျံ ဗိုလ်လုပွဲတက်ရောက်

ဝင်ဘယ်လ်ဒန်အိုးပင်းအကြိုဗိုလ်လုပွဲစဉ်မှာ ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ် ဆရီနာဝီလျံက ဦးစားပေးအဆင့်(၄)သတ်မှတ်ခံရသူ နာမည်ကျော်တင်းနစ်မယ်ရှာရာပိုဗာကို ၆-၂၊ ၆-၄နဲ့ နှစ်ပွဲပြတ်အနိုင်ယူပြီး ဗိုလ်လုပွဲကို တက်ရောက်သွားပြီဖြစ်ပါတယ်။ ယခု နိုင်ပွဲက ဆရီနာအတွက် ရှာရာပိုဗာကို ၁၁ နှစ်အတွင်း (၁၇) ကြိမ်မြောက်နိုင်ပွဲဖြစ်ခဲ့ကာ ရှာရာပိုဗာအနေနဲ့ ၂၀၀၄ခုနှစ်နောက်ပိုင်းကတည်းက ဆရီနာအပေါ် အနိုင်ယူနိုင်ခြင်းမရှိတာကိုလည်း အဆုံးမသတ် နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် ဇူလိုင်၁၁ရက်မှာ ဆရီနာဝီလျံအနေနဲ့မာဂူရူဇာနဲ့ ဗိုလ်လုပွဲမှာ တွေ့ဆုံယှဉ်ပြိုင်ပြီး နောက်ထပ်ဂရင်းစလင်းဆုဖလားတစ်လုံး ထပ်မံဆွတ်ခူးဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။ ဒီဂရင်းစလင်းဖလားတစ်လုံးသာ ထပ်မံဆွတ်ခူးနိုင်ခဲ့ရင် ဆရီနာဟာ ဂရင်းစလင်းဖလားလေးလုံးကိုတစ်နှစ်အတွင်းဆွတ်ခူးနိုင်မှာဖြစ်တဲ့အတွက် ဒီဝင်ဘယ်လ်ဒန်အိုးပင်းဖလားကိုပဲ အားကစားမီဒီယာတွေက "ဆရီနာစလင်း"လို့တောင် ကြိုပြီးနာမည်ပေးထားကြပြီဖြစ်ပါတယ်။

ဒ့ါအပြင် ဝီလျံနဲ့ အခုဗိုလ်လုပွဲမှာယှဉ်ပြိုင်ရမယ့် ဗင်နီဇွဲလားနွယ်ဖွား မာဂူရူဇာဟာ နိုင်ခြေအဆင့်(၂၀)သာ သတ်မှတ်ခံရတဲ့ တင်းနစ်မယ်ဖြစ်တဲ့အတွက် ဆရီနာဝီလျံအနေနဲ့ နောက်ထပ်ဂရင်းစလင်းဖလားတစ်လုံးကို ထပ်မံဆွတ်ခူးဖို့ လက်တစ်ကမ်းအလိုကို ရောက်ရှိနေတာပဲဖြစ်ပါတယ်။ ဒီတစ်ကြိမ်ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ခြင်းက ဝီလျံအတွက် (၂၅) ကြိမ်မြောက် ဂရင်းစလင်းဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့တာဖြစ်ပြီး (၂၁) ကြိမ်မြောက်ဂရင်းစလင်းဖလားအဖြစ် ဆွတ်ခူးနိုင်မလားဆိုတာ တင်းနစ်ပရိသတ်တွေ ရှူစားရတော့မှာဖြစ်ပါတယ်။

ဆရီနာအနေနဲ့ ၂၀၀၂-၂၀၀၃တင်းနစ်ရာသီကလည်း ဂရင်းစလင်းဖလားလေးလုံးစလုံးကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဒီနှစ်မှာလည်း ဒါမျိုးနောက်တစ်ကြိမ်ထပ်မံစွမ်းဆောင်ပြနိုင်ဦးလိမ့်မယ်လို့ ပရိသတ်တွေက ယုံကြည်နေကြပေမယ့် ဆရီနာကပွဲတစ်ပွဲချင်းကို အကောင်းဆုံးကစားချင်တဲ့ဆန္ဒကလွဲပြီး မှတ်တမ်းဆိုတာကို ကြိုပြီးစဉ်းစားထားလေ့မရှိဘူးလို့ဆိုခဲ့ပါတယ်။ **[ရှိုင်ယန်ဟောင်]**

# နောင်ချိုမြို့နယ်အတွင်း သစ်နှင့်ကျောက်စိမ်းသယ်ဆောင်သူ ယာဉ်မောင်းများထွက်ပြေးပြီး ပစ္စည်းများသိမ်းဆည်းရမိ

**နောင်ချို ဇူလိုင် ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီး တရားမဝင်ကုန်ပစ္စည်းများ တားဆီးထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃ ရက်က တရားမဝင်ကုန်ပစ္စည်းများနှင့် တရားမဝင် တမလန်းသစ်တင်ယာဉ်များ စစ်ဆေးရေးစခန်း တောင်ဘက် ရှောင်ကွင်းလမ်း၌ ဖြတ်သန်းသွားလာနေကြောင်း သတင်းရရှိသဖြင့် ဂုတ်ထိပ်ဘက်သို့ ထွက်သောလမ်းနှင့် သပြေရေတောင်သို့ကွင်းသောလမ်းများအား ပူးပေါင်းအဖွဲ့နှစ်ဖွဲ့ခွဲပြီး ပိတ်ဆို့ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ရှောင်ကွင်းလမ်းကိုင်းတောများအတွင်း ရှာဖွေရာ ဂုတ်ထိပ်ဘူတာရုံအနီး ရှောင်ကွင်းလမ်းဘေးပြောင်းဖူးစိုက်ခင်းအတွင်း တောနေကြာရိုင်းပင်များဖြင့် ဖုံးအုပ်ထားသော 5F/-----ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် တမလန်းသစ်တုံးအရှည်၃၀၊ ကိုက် ၃၀၀ အကွာ တောအတွင်းမှ ၉၅/----ယာဉ်ပေါ်တွင် တမလန်းသစ်တုံးအရှည် ၁၈ တုံး သိမ်းဆည်းရမိသည်။

အလားတူ မန္တလေး-မူဆယ်ကားလမ်းကြောင်း တစ်လျှောက် နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီး ယာယီအခြေပြု စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဇူလိုင် ၁ ရက်တွင် မန္တလေးမှ မူဆယ်သို့သွားမည့် ယာဉ်ပေါ်တွင် တရားမဝင် တင်ဆောင်လာသည့် ဆန်အိတ်များအောက်တွင် တမလန်းသစ်တုံးအရှည် ၄၁ တုံး သိမ်းဆည်းရမိပြီး ယာဉ်မောင်းများမှာ ထွက်ပြေးသွားခဲ့သည်။

ထို့အပြင် ဇွန် ၃၀ ရက်က စစ်ဆေးရေးဂိတ်တောင်ဘက် ကွင်းလမ်း၊ ထွက်လမ်းများအား သတင်းအရ ပိတ်ဆို့မှုပြုလုပ်စဉ် မန္တလေး-လားရှိုးရှောင်ကွင်းလမ်းအထွက်တွင် 1G/----မတ်တူးယာဉ်အား တားဆီးရာ ယာဉ်မှာ မောင်းနှင်ထွက်ပြေးသွားပြီး တောင်ကုန်းစောင်းရှိ ပြောင်းစိုက်ခင်းတောင်စောင်းအောက်ရှိ လျှိုအတွင်းရပ်ကာ ယာဉ်မောင်းမှာ ထွက်ပြေးလွတ်မြောက် သွားခဲ့သည်။ ယင်းယာဉ်ပေါ်မှ တမလန်းသစ်တုံး ၁၂ တုံးအား သိမ်းဆည်းရမိသည်။

ဆက်လက်၍ ဇွန် ၃၀ ရက်က ယာဉ်စစ်ဆေးရေးဂိတ်သို့ မောင်းနှင်လာသော 6E/-----Toyota wish ယာဉ်ငယ်မှာ ရပ်တန့်ခြင်းမရှိဘဲ ထွက်ပြေးသွားခဲ့သည်။ အဆိုပါယာဉ်သည် အမြောက်တပ်အနီးလမ်းတွင် ယာဉ်အားရပ်ပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားခဲ့သည်။ ၎င်းယာဉ်ပေါ်တွင် ပီနံအိတ်များဖြင့်ချုပ်ထားသော ကျောက်စိမ်းဖြတ်စအတုံးကြီး ခြောက်တုံး၊ လက်ကောက်ကွင်းအိတ်ကြီး တစ်အိတ်တို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**



# ယာဉ်မောင်းအိပ်ငိုက်ရာမှ ထမင်းဆိုင်အား ဝင်တိုက်

**ပဲခူး ဇူလိုင် ၁၀**

ပဲခူးမြို့ အမှတ်(၃)နယ်မြေရဲစခန်းအပိုင် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၄၈/၁)နှင့် (၄၈/၂) အကြား ဥဿာမြို့သစ် (၆)ရပ်ကွက် အုန်းတောလမ်းထိပ်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၈ ရက် နံနက် ၅ နာရီခွဲက မန္တလေးမှ ရန်ကုန်သို့ စိန်သောင်း(၄၅)နှစ် အောင်ပန်းမြို့ (၃)ရပ်ကွက်နေသူမောင်းနှင်ပြီး ဂေါ်ဖီထုပ်များတင်ဆောင်လာသော SHN-2H/-----HINO အပြာရောင် ၁၂ ဘီးယာဉ်သည် ယာဉ်မောင်းအိပ်ငိုက်ရာမှ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိသွားရာ ထမင်းဆိုင်အဖီနှင့် သစ်ပင်အားတိုက်မိပြီး ဆိုင်အတွင်းရှိ ဦးဝင်းဇော်(၄၂)နှစ် (၇/၃) ကျိုက်ပေါ်ဘုရားလမ်း ဥဿာမြို့သစ် (၇)ရပ်ကွက်နေသူအား တိုက်မိခဲ့သည်။

ယာဉ်တိုက်မိမှုကြောင့် ဦးဝင်းဇော်တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ပဲခူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ် မဆင်မခြင်မောင်းနှင်သူ စိန်သောင်းအား အမှတ်(၃)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်ကြီး(ပဲခူး)**

# ခါးပိုက်နှိုက်ကျူးလွန်သူများအား ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များသည် ခါးပိုက်နှိုက်မှု ကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က မရမ်းကုန်းမြို့နယ် ဘုရင့်နောင်တံတား အမှတ်(၂) တိုးဂိတ်အနီးတွင် အမှတ်(၁၂၁)ဒိုင်နာ ခရီးသည်တင် ယာဉ်ပေါ်မှ ခါးပိုက်နှိုက်မှု ကျူးလွန်ကြောင်း သတင်းရရှိထားသူ လှိုင်သာယာမြို့နယ်နေသူများဖြစ်ကြသည့် မိုးမြင့်ငြိမ်း(၂၂)နှစ်၊ ပဲတရုတ် (ခ)ပြည့်ဖြိုးလှိုင်(၃၀)နှစ်၊ ကုလား (ခ)လှမျိုးခိုင်(၂၁)နှစ်၊ အရှည်ကြီး(ခ)ဌေးဝင်းရှိန်(၂၀)နှစ်၊ စိုးမောင်သော်နှင့် မဲတူးလေးတို့မှာ ခရီးသည်တင်ယာဉ်ပေါ်မှ ဆင်းကာ နောက်မှလိုက်ပါလာသော BB/---- AD VAN အငှားယာဉ်ပေါ်သို့ တက်ရောက်သွားသည်ကို တွေ့ရှိရသဖြင့် ၎င်းယာဉ်အား စစ်ဆေးစဉ် စိုးမောင်သော်နှင့် မဲတူးလေးတို့ နှစ်ဦးမှာ ထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါယာဉ်ကို ဇင်နိုင်အောင်(၂၅)နှစ်မှမောင်းနှင်လာခြင်းဖြစ်ပြီး ၎င်းတို့ ငါးဦးထံမှ ခါးပိုက်နှိုက်မှု ကျူးလွန်ရာတွင် အသုံးပြုသည့်ကျောပိုးအိတ်နှစ်လုံးနှင့် ပိုက်ဆံအိတ်တစ်လုံး၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခု၊ ဆင်းကတ်ပါလက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ်၁၃၈၀၀၀တို့ကို တွေ့ရှိသဖြင့် စစ်ဆေးရာ ခရီးသည်တင် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ညောင်တုန်းမြို့နယ်နေ အမျိုးသမီးတစ်ဦးထံမှနှိုက်ယူခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည့်အပြင် ဆင်းကတ်ပါ လက်ကိုင်ဖုန်းတစ်လုံးကို တွေ့ရှိသဖြင့် စစ်ဆေးရာ ယင်းနေ့ နံနက် ၁၁ နာရီခွဲခန့်က အမှတ်(၅၉) ဒိုင်နာခရီးသည်တင်ယာဉ်ပေါ်တွင် လိုက်ပါလာသူ လှိုင်သာယာမြို့နယ်နေ အမျိုးသားတစ်ဦးထံမှ နှိုက်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများနှင့် ခါးပိုက်နှိုက်မှုကျူးလွန်ရာတွင်အသုံးပြုသည့် မော်တော်ယာဉ်တို့အား သိမ်းဆည်းကာ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝ၄ဝ)**

# ဒိုင်နာယာဉ်နှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်၊ ဆိုင်ကယ်သမားသေဆုံး

**ကျောင်းကုန်း ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဖြိုက်ကြီးကျေးရွာအုပ်စု အရှေ့စုရွာအနီးတွင် ဇူလိုင် ၈ ရက် မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် ဆိုင်ကယ်နှင့်ဒိုင်နာယာဉ် မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။

ဖြစ်စဉ်မှာ ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၂၃/၇ ) နှင့် (၂၄/၀) ကြား ကျောင်းကုန်းမှပုသိမ်သို့ မိုးထိ(၁၉)နှစ် ရိုးကြီးရွာ တက်ဆိပ်အုပ်စုနေသူ မောင်းနှင်သော NEW. ZHINENG. 110 ဆိုင်ကယ်နှင့် ပုသိမ်မှ ရေကြည်သို့ သန်းမျိုး(၄၂)နှစ် ချောင်းသာအုပ်စု တန်းကြီးရွာနေသူ မောင်းနှင်ပြီး နောက်တွင် နေနိုင်(၃၁)နှစ် မြောင်းမြမြို့နှင့် ကျော်ဇင်ထက်(၃၅)နှစ် ရေကြည်မြို့နေသူတို့ လိုက်ပါလာသော 4E/----- ဒိုင်နာခဲရောင်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်မောင်းသူ မိုးထိတွင် နဖူးပေါက်ပြဲဒဏ်ရာ၊ နောက်စေ့ပေါက်ပြဲဒဏ်ရာများရရှိကာ သေဆုံးသွားသဖြင့် ကျောင်းကုန်းမြို့မရဲစခန်းက ယာဉ်မောင်း သန်းမျိုးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းကြိုင်(မြန်/ဆက်)**

# ရေနံစိမ်းသိုလှောင်ရောင်းချသူများအား ဖမ်းဆီးအရေးယူ

**သရက် ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၇ရက်က သရက်မြို့နယ် သရက်-မင်းတုန်းကားလမ်း မိုင်တိုင်အမှတ်(၇/၁)အနီး လမ်းဘေးရှိ သရက်မြို့နယ် ပိတောက်ပင်ကျေးရွာနေသူ ဖိုးစံ(ခ)စံနေလင်း (၂၉)နှစ်၏ ဆီခြံအား ရှာဖွေရာ ဂါလန် ၄၀ခန့်စီပါ ရေရောလျက် ရေနံစိမ်းပီပါ ကိုးလုံး၊ ရေနံစိမ်းများ ပေကျံနေသော ပီပါခွံ ၄၃လုံးနှင့် ရေနံစိမ်းများ သိုလှောင်ရောင်းချရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၄နာရီခန့်က သရက်မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သရက်မြို့နယ် ငလှိုင်ခံအုပ်စု ငခူအိုင်ရေနံလုပ်ကွက်အဝင်ရှိ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် နေသူ ဦးဘိုင်လေး (ခ) သန်းထွန်း (၅၀)နှစ်၏ ရေနံဆီခြံကို စစ်ဆေးရာ ရေနံစိမ်းဂါလန် ၄၀ခန့်ပါ ပီပါ ငါးလုံး၊ ပီပါခွံ ၁၆ လုံးနှင့် ရေနံစိမ်းများ သိုလှောင်ရောင်းချရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။ ယင်းနေ့ ည ၇နာရီခန့်က သရက်မြို့နယ် အင်းမငယ်အုပ်စု စခန်းကြီးရေနံမှော်ရှိ စခန်းကြီးရေနံမှော်တွင် နေထိုင်သူ ဒေါ်သီတာ (၃၉)နှစ်၏ ရေနံဆီခြံကို စစ်ဆေးရာ ပီပါ ၁၆ လုံးဆံ့ သံကန်အတွင်း ရေရောလျက် ရေနံစိမ်း ဂါလန် ၅၆၀ပါ သံကန်နှစ်ကန်၊ ပီပါ ၁၆ လုံးဆံ့ သံကန်အတွင်း ရေရောလျက် ရေနံစိမ်း ဂါလန် ၃၂၀ပါ သံကန် တစ်ကန်၊ ဆီပီပါခွံ ၁၀လုံးနှင့် ရေနံစိမ်းများ သိုလှောင်ရောင်းချရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိသဖြင့် တရားမဝင် ရေနံစိမ်းအရောင်း/အဝယ် ပြုလုပ်သူများအား သရက်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## ဈေးဆိုင်အတွင်းမှ ရွှေထည်နှင့် ငွေများ ခိုးယူခံရ

**ရေး ဇူလိုင် ၁၀**

ရေးမြို့နယ် ကဗျာဝကျေးရွာ မမိချမ်း၏နေအိမ်မှ ရွှေထည်ပစ္စည်းနှင့် ငွေများ ဇူလိုင် ၆ရက်က ပျောက်ဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ည၁၀နာရီက မမိချမ်း ကဗျာဝကျေးရွာ ရေးမြို့နယ်နေသူ၏ နေအိမ်ရှိ ပိုက်ဆံအိတ်အတွင်းမှ ငွေကျပ် ၉သိန်း၊ ရွှေဆွဲကြိုး ၁မတ်သား၁ကုံး၊ ဟန်းချိန်း၁မတ်သားတစ်ခု၊ ကျောက်နီ သုံးလုံးတန်းပါ ရွှေလက်စွပ်တစ်ကွင်း ပျောက်ဆုံးနေ၍ ဇူလိုင်၇ရက် နံနက် ၈ နာရီခွဲက ခေါဇာရဲစခန်းသို့ တိုင်တန်းသဖြင့် ခေါဇာရဲစခန်းက အမှုဖွင့်အရေးယူထားကာ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# ဆူဒိုအက်ဖီဒရင်းဆေးပြား ၆၀၀၀၀ နှင့် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၀**

မူးယစ်တပ်ဖွဲ့စု (၇) တမူးနှင့် မူးယစ်တပ်ဖွဲ့စု(၅) ကလေးမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၇ ရက်က တမူးမြို့ ဈေးတန်း(၃)ရပ်ကွက် ဘောလုံးကွင်း တိုက်တန်းရှိ ထွန်းတောက်ကားဂိတ်သို့ ရှာဖွေရာ ဂိတ်တာဝန်ခံ အောင်ကိုဦးနှင့် လက်မှတ်အရောင်းစာရေးမမယ်လိုဒီတို့နှစ်ဦးအားတွေ့ရှိပြီး ၎င်းတို့ထံမှ ဆူဒိုအက်ဖီဒရင်းဆေးပြား ၆၀၀၀၀



အောင်ကိုဦး(ခ)မောင်ဦးနှင့် မမယ်လိုဒီတို့နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သိမ်းဆည်းရမိသဖြင့် အောင်ကိုဦး(ခ) မောင်ဦး (၃၇)နှစ်နှင့် မမယ်လိုဒီ (၂၉)နှစ်တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မူးယစ်တပ်ဖွဲ့စု (၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် ခါးရှိ-နောင်စီပေါ်ကျေးရွာသွား လမ်းမပေါ်ရှိ ရေမြောင်းတံတားအနီးတွင် ဇူလိုင် ၇ ရက်က ခါးရှိကျေးရွာဘက်မှ ငွားဆီးမောင်းနှင်ပြီး ဇနီးဖြစ်သူ မငွားမူဆီးနှင့် အိုက်ကွေ့တို့ လိုက်ပါလာသည့် 6F/----- အဖြူရောင် Pajero ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၆ ခွက် (အလေးချိန် သုည ဒသမ ဝ၆၆ ကီလို) သိမ်းဆည်းရမိသဖြင့် ငွားဆီး (၃၀)နှစ်၊ မငွားမူဆီး (၄၄)နှစ်နှင့် အိုက်ကွေ့ (၂၈)တို့ သုံးဦးအား မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**

# ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေကြမ်း

## ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေကြမ်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် )
၁၃၇၇ ခုနှစ်၊ လ ရက်
(၂၀၁၅ ခုနှစ်၊ လ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ကိုယ်အင်္ဂါအစိတ်အပိုင်း**ဆိုသည်မှာ လူ၏ခန္ဓာကိုယ်နှင့် ယင်းခန္ဓာကိုယ် ဖွဲ့စည်းမှုတွင် ပါဝင်သော ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို ဆိုသည်။

(ခ) **သေဆုံးသူ**ဆိုသည်မှာ အကြောင်းတစ်ခုခုကြောင့် လူ၏ဦးနှောက် လုပ်ငန်းများအားလုံး ရပ်စဲ၍ သက်ဆိုင်ရာဆရာဝန်များက သေဆုံးကြောင်း အတည်ပြုခြင်းခံရသူကို ဆိုသည်။

(ဂ) **ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ**ဆိုရာတွင် ဆန္ဒအလျောက် အခမဲ့ခွင့်ပြုလှူဒါန်းသည့် အောက်ပါပုဂ္ဂိုလ်တို့ ပါဝင်သည်-

(၁) မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို အခြားသူတစ်ဦးတစ်ယောက်၏ ခန္ဓာတွင် အစားထိုးအသုံးပြုနိုင်ရေးအတွက် ထုတ်ယူရန်ခွင့်ပြုသော အသက် (၁၈)နှစ်ပြည့်ပြီး စိတ်ကျန်းမာရေးကောင်းမွန်သည့် သက်ရှိထင်ရှားရှိသူ၊

(၂) မိမိသေဆုံးပြီးနောက် မိမိ၏ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ထုတ်ယူ၍ လိုအပ်သလို အသုံးပြုနိုင်ရေးအတွက် သက်ရှိထင်ရှားရှိစဉ်ကတည်းက ကြိုတင်ဆန္ဒပြုသူ၊

(၃) ပုဒ်မခွဲငယ် (၂) အရ ကြိုတင်ဆန္ဒပြုခြင်းမရှိသည့် သေဆုံးသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ထုတ်ယူ၍ လိုအပ်သလိုအသုံးပြုရန် ခွင့်ပြုသည့် ကျန်ရစ်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို မောင်နှမ သို့မဟုတ် ယင်းတို့၏ သဘောတူညီချက်ဖြင့် ဖြစ်စေ၊ ယင်းတို့တစ်ဦးတစ်ယောက်မျှမရှိ၍ ဖြစ်စေ၊ ယင်းတို့၏ ကိုယ်စားဖြစ်စေ ခွင့်ပြုသော ဆွေမျိုးသားချင်းတစ်ဦးဦး။

(ဃ) **အရည်အသွေးစစ်ဆေးခြင်း** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းသည် အစားထိုးကုသခြင်းပြုနိုင်သည့် အရည်အသွေးရှိ မရှိ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးခြင်းကို ဆိုသည်။

(င) **သိုလှောင်ခြင်း** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူပြီး အစားထိုးကုသရန်ဖြစ်စေ၊ ပညာသင်ကြားရန်ဖြစ်စေ၊ သုတေသနပြုရန် ဖြစ်စေ လိုအပ်သည့်အချိန်တွင် အသင့်ရှိစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ လက်ခံရေးဌာနက ထိန်းသိမ်းထားခြင်းကိုဆိုသည်။

(စ) **ထုတ်ပေးခြင်း** ဆိုသည်မှာ သိုလှောင်ထားသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို အစားထိုးကုသရန်ဖြစ်စေ၊ ပညာသင်ကြားရန်ဖြစ်စေ၊ သုတေသနပြုရန်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လက်ခံရေးဌာနက ထုတ်ပေးခြင်းကို ဆိုသည်။

(ဆ) **အစားထိုးကုသခြင်း** ဆိုသည်မှာ အကြောင်းတစ်ရပ်ရပ်ကြောင့် ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခု ပျက်စီးဆုံးရှုံးရသူ၏ ပျက်စီးဆုံးရှုံးသွားသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းဖြင့် **အစားထိုးရန် ခွဲစိတ်ခြင်းဖြင့်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ကုသခြင်း**ကိုဆိုသည်။

(ဇ) **လက်ခံရေးဌာန**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သတ်မှတ်ချက်နှင့်အညီ **အရည်အသွေးစစ်ဆေး၍** လက်ခံခြင်း၊ သိုလှောင်ခြင်းနှင့် ထုတ်ပေးခြင်းပြုသည့်ဌာနကို ဆိုသည်။

(ဈ) **အသိအမှတ်ပြုလွှာ**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူအား လက်ခံရေးဌာနက ထုတ်ပေးသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ကိုဆိုသည်။

(ည) **ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့်ရှိသူ**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူထံမှ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူရန် **ကျန်းမာရေးဝန်ကြီးဌာနက အခွင့်အာဏာအပ်နှင်းခြင်းခံရသူ**ကို ဆိုသည်။

(ဋ) **ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်း**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့်ရှိသူက သတ်မှတ်ချက်များနှင့်အညီ ထုတ်ယူခြင်းကို ဆိုသည်။

(ဌ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီကို ဆိုသည်။

### အခန်း (၂)
### ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုးကုသမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းဖြင့် ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုးကုသမှု ခံယူရမည့်သူများ၏အသက်ကို ကယ်တင်နိုင်ရန်၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်းချို့ယွင်း၍ မသန်မစွမ်းဖြစ်သူများအား ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသပေးနိုင်ခြင်းဖြင့် ပြန်လည်သန်စွမ်းလာစေရန်၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသရေးလုပ်ငန်းများနှင့် သက်ဆိုင်သော သုတေသနလုပ်ငန်းနှင့် ပညာသင်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊

(ဃ) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူများ တိုးပွားလာစေရေးအတွက် ဆောင်ရွက်နိုင်ရန်၊

(င) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသရေးတွင် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ပုဂ္ဂိုလ်များ၏ အကူအညီရယူ၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

### အခန်း (၃)
### ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သူက အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကြီးအကဲနှင့် ကိုယ်စားလှယ် (၅) ဦး၊ သင့်လျော်သော ကျွမ်းကျင်သူပညာရှင် (၁၇) ဦးတို့က အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ သင့်လျော်သည့် ပုဂ္ဂိုလ်များကို ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးများအဖြစ် သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒများချမှတ်ခြင်း၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ တိုးတက်များပြားလာရေးအတွက် ပညာပေးအစီအစဉ်များ ချမှတ်လမ်းညွှန်ခြင်း၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း၏ အရည်အသွေးစစ်ဆေးခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်း၊ သိုလှောင်ခြင်းနှင့် ထုတ်ပေးခြင်းပြုရာတွင် လိုက်နာရမည့်အချက်များကို လိုက်နာဆောင်ရွက်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အစားထိုးကုသမှုဆိုင်ရာ နည်းပညာတိုးတက်မြင့်မားရေးအတွက် သုတေသနလုပ်ငန်းများ မြှင့်တင်ရန်နှင့် ခေတ်မီနည်းပညာများ သင်ကြားလေ့ကျင့်နိုင်ရန် စီမံချက်များရေးဆွဲခြင်းနှင့် ယင်းစီမံချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(င) အစားထိုးကုသမှုနှင့် သုတေသနလုပ်ငန်းတို့နှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူများ၊ ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(စ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဆ) ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပြည်ပသို့တင်ပို့ခြင်းနှင့် ပြည်တွင်းသို့ တင်သွင်းခြင်းဆိုင်ရာ စည်းကမ်းများသတ်မှတ်ခြင်း၊

(ဇ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရအဖွဲ့မဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ကုမ္ပဏီများက ပေးအပ်သော အကူအညီကိုလည်းကောင်း၊ အလှူငွေနှင့်ပစ္စည်းတို့ကိုလည်းကောင်း လက်ခံရယူခြင်း၊ စနစ်တကျထိန်းသိမ်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းကို ခွင့်ပြုခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဈ) လက်ခံရေးဌာနထားရှိရန်လိုအပ်သော ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို စိစစ်ရွေးချယ်၍ လက်ခံရေးဌာနထားရှိရေးအတွက် သက်ဆိုင်ရာဌာနအား ညွှန်ကြားခြင်း၊

(ည) ဤဥပဒေအရ ဖွဲ့စည်းရန်သတ်မှတ်သော အရည်အသွေးစစ်ဆေးရေးအဖွဲ့အပြင် အခြားကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း။

### အခန်း (၄)
### ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်း

၆။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူသည် သက်ဆိုင်ရာလက်ခံရေးဌာနသို့ ဆက်သွယ်၍ လှူဒါန်းနိုင်သည်။

၇။ သေဆုံးသူသည် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)အရ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူဖြစ်ကြောင်းသိရှိလျှင် သက်ဆိုင်ရာဆေးရုံ သို့မဟုတ် ဆေးခန်းမှ တာဝန်ရှိသူကလည်းကောင်း၊ သေဆုံးသူ၏ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ သို့မဟုတ် ညီအစ်ကိုမောင်နှမကလည်းကောင်း၊ သွေးမျိုးသားချင်း တစ်ဦးဦးကလည်းကောင်း အနီးဆုံးလက်ခံရေးဌာနသို့ အမြန်ဆုံးအကြောင်းကြားရမည်။

၈။ လက်ခံရေးဌာနသည်

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူက ပုဒ်မ ၆ အရ ဆက်သွယ်လှူဒါန်းခြင်းကို သတ်မှတ်ချက်များနှင့်အညီ လက်ခံရမည်။

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းကို လက်ခံရရှိသည့်အခါ သတ်မှတ်ထားသည့် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ မှတ်ပုံတင်စာအုပ်တွင် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူ၏ အမည်ကို စာရင်းရေးသွင်း မှတ်တမ်းတင်ရမည်။

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူအား အသိအမှတ်ပြုလွှာ ထုတ်ပေးရမည်။

၉။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူသည် ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ)အရ ထုတ်ပေးသော အသိအမှတ်ပြုလွှာကို ပြန်လည်အပ်နှံပြီး ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းစာရင်းမှ ပယ်ဖျက်ပေးရန် သက်ဆိုင်ရာလက်ခံရေးဌာနသို့ အကြောင်းကြားခွင့်ရှိသည်။

၁၀။ ပုဒ်မ ၉ အရ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူ၏ အကြောင်းကြားချက်ကို လက်ခံရရှိလျှင် လက်ခံရေးဌာနသည် ယင်းကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူ၏အမည်ကို ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

၁၁။ ပုဒ်မ ၇ အရ အကြောင်းကြားချက်ကိုရရှိလျှင် လက်ခံရေးဌာနသည် ကိုယ်အင်္ဂါအစိတ်အပိုင်းကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ထုတ်ယူနိုင်ရေးအတွက် ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူထံ အချိန်မီရောက်ရှိရန် စီစဉ်ဆောင်ရွက်ရမည်။

### အခန်း (၅)
### ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခြင်း

၁၂။ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူသည်-

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူက လှူဒါန်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ယူသော ကိုယ်အင်္ဂါအစိတ်အပိုင်းကိုလိုအပ်သလို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လက်ခံရေးဌာနသို့ စနစ်တကျလွှဲပြောင်းပေးရမည်။

(ဂ) လိုအပ်ပါက မှုခင်းဆရာဝန်က ရင်ခွဲစစ်ဆေးလျက်ရှိသော မှုခင်းဖြစ်ရပ်တစ်ခုခုကြောင့် သေဆုံးသူထံမှ သတ်မှတ်အရည်အသွေးနှင့်ပြည့်စုံသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ကျန်ရစ်သူဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကိုမောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်းတစ်ဦးဦးထံမှ ဦးစားပေးအစီအစဉ်အတိုင်း တောင်းဆိုခွင့်ရှိသည်။

(ဃ) ပုဒ်မ ၁၁ အရ လက်ခံရေးဌာနက အချိန်မီ သယ်ယူလာသော ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခြင်းကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည်။

၁၃။ မှုခင်းဆရာဝန်သည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဂ) အရ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူက တောင်းဆိုသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို အောက်ပါအကြောင်းတစ်ရပ်ရပ်တည်ရှိနေပါက ပေးအပ်ရန် ငြင်းဆိုနိုင်သည်-

(က) သေဆုံးသူက ယင်းမသေဆုံးမီ မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းရန် ဆန္ဒမရှိကြောင်း စာဖြင့် ရေးသားထားခဲ့ခြင်း၊

(ခ) ရာဇဝတ်မှုခင်းဆိုင်ရာ လူနာဖြစ်ကာ ရင်ခွဲစစ်ဆေးမှုဆောင်ရွက်နေဆဲဖြစ်ခြင်း၊

(ဂ) ကျန်ရစ်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကိုမောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်းတစ်ဦးဦးက ကန့်ကွက်ခြင်း။

### အခန်း (၆)
### အရည်အသွေးစစ်ဆေးခြင်း၊ သိုလှောင်ခြင်းနှင့် ထုတ်ပေးခြင်း

၁၄။ ကော်မတီသည် ကိုယ်အင်္ဂါအစိတ်အပိုင်း အရည်အသွေးစစ်ဆေးရေးအဖွဲ့ကို သင့်လျော်သည့် ကျွမ်းကျင်သောပညာရှင်များဖြင့် ဖွဲ့စည်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ရမည်။

၁၅။ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူက ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူထံမှ ထုတ်ယူရရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို အစားထိုးကုသခြင်း ပြုလုပ်ရာတွင် အရည်အသွေးပြည့်မီရေးအတွက် အရည်အသွေးစစ်ဆေးရေးအဖွဲ့က သတ်မှတ်ချက်နှင့်ညီညွတ်မှု ရှိ/မရှိ စစ်ဆေးပြီး အရည်အသွေးပြည့်မီသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သိုလှောင်ခြင်းပြုရန် သက်ဆိုင်ရာလက်ခံရေးဌာနသို့ ပေးပို့ရမည်။

၁၆။ လက်ခံရေးဌာနသည် သိုလှောင်ခြင်းပြုရန် ရောက်ရှိလာသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သတ်မှတ်ချက်များနှင့်အညီ သိုလှောင်ခြင်းပြုရမည်။

၁၇။ အစားထိုးကုသခြင်းပြုရန် လိုအပ်၍ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သတ်မှတ်သည့် နည်းလမ်းနှင့်အညီတောင်းခံလာသည့်အခါ လက်ခံရေးဌာနက လိုအပ်သည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို စိစစ်၍ အရည်အသွေးစစ်ဆေးရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပေးရမည်။

၁၈။ လက်ခံရေးဌာနသည် အစားထိုးကုသခြင်းတွင် အသုံးပြုနိုင်ခြင်းမရှိသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပညာသင်ကြားရာတွင်ဖြစ်စေ၊ သုတေသနပြုရန်ဖြစ်စေ သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ထုတ်ပေးရမည်။

### အခန်း (၇)
### တားမြစ်ချက်များ

၁၉။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ကော်မတီ၏ သတ်မှတ်သော စည်းကမ်းချက်များနှင့်အညီမှတစ်ပါး **အခြားမည်သည့်အကြောင်းနှင့်မျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းမပြုရ။**

၂၀။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းပြုရန် မရိုးမဖြောင့်သော သဘောဖြင့် သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် မတရားသြဇာလွှမ်းမိုးခြင်းပြု၍ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းစေခြင်း မပြုရ။

၂၁။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းခြင်းမပြုသူထံမှ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ထုတ်ယူခြင်း၊ ယင်းသို့ထုတ်ယူရန် မရိုးမဖြောင့်သော သဘောဖြင့် တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း မပြုရ။

၂၂။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူက လှူဒါန်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းမှတစ်ပါး အခြားကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ထိုသူ၏ သဘောတူညီချက်မရရှိဘဲထုတ်ယူခြင်း၊ ယင်းသို့ ထုတ်ယူရန် တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း မပြုရ။

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

၂၃။ မည်သူမျှ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ မှတ်ပုံတင်စာရင်းပါ ရေးသွင်းထားချက်များကို မရိုးမဖြောင့်သောသဘောဖြင့် ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဖြစ်စေ ယင်းသို့ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရန် လိမ်လည်လှည့်ဖြားခြင်းဖြစ်စေ မပြုရ။

၂၄။ မည်သူမျှ ပုဒ်မ ၁၉ မှ ၂၃ အထိပါ ပြစ်မှုများကို ကျူးလွန်ရန် အားပေးကူညီခြင်းမပြုရ။

**အခန်း ၈**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၂၅။ မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၀၊ ၂၁ နှင့် ၂၂ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေချမှတ်ရမည်။

**အခန်း (၉)**

**အထွေထွေ**

၂၉။ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုဖြစ်သော မျက်စိလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ သွေးလှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ သွေးနှင့် သွေးပစ္စည်းဆိုင်ရာဥပဒေပြဋ္ဌာန်းချက်ကိုလည်းကောင်း လိုက်နာဆောင်ရွက်ရမည်။

၃၀။ ကျန်းမာရေးဝန်ကြီးဌာနသည်-

(က) အစိုးရဝန်ထမ်း မဟုတ်သော ကော်မတီဝင်များအတွက် သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် ကော်မတီ၏ အသုံးစရိတ်များကို ကျခံရမည်။

(ခ) ကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် ဆောင်ရွက်သော တာဝန်ရှိသူတို့အား ပြစ်မှုကြောင်းအရဖြစ်စေ၊ တရာမကျင့်ထုံး ဥပဒေအရ ဖြစ်စေ တရားစွဲဆိုခွင့် မရှိစေရ။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် -

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၃။ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၀၄)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

## ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဍ) နှင့် ပုဒ်မ ၁၉တို့တွင် ပါရှိသော **"သွေးဘဏ်ငယ်"** ဆိုသည့် စကားရပ်ကို **"သွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ်"** ဆိုသည့်စကားရပ် ဖြင့် အသီးသီးအစားထိုးရမည်။

၃။ သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေတွင် -

(က) ပုဒ်မ ၅၊ ပုဒ်မခွဲ(ဌ)နှင့် ပုဒ်မ ၂၉ တို့တွင် ပါရှိသော "နှင့် ကြက်ခြေနီအသင်း" ဆိုသည့် စကားရပ်အသီးသီးကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၅၊ ပုဒ်မခွဲ(ပ) တွင် ပါရှိသော "ပြည်နယ်၊ တိုင်း"ဆိုသည့် စကားရပ်ကို "နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀။ ပုဂ္ဂလိကသွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ်ကို တည်ထောင်ဖွင့်လှစ်လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီ သို့မဟုတ် ကော်မတီက တာဝန်လွှဲအပ်ခြင်းခံရသောဌာနသို့ လျှောက်ထားရမည်။"

၅။ သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေ ပုဒ်မ ၁၁ နှင့် ၁၂ တို့တွင် ပါရှိသော **"အဖွဲ့အစည်း သို့မဟုတ်"** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

---

# ပိုးသတ်ဆေးဥပဒေကြမ်း

## ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

ပိုးသတ်ဆေးဥပဒေကြမ်း

( ၂၀၁၅ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၆ခုနှစ်၊ လ ရက်

(၂၀၁၅ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည်ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို**ပိုးသတ်ဆေးဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပိုး**ဆိုသည်မှာ သီးနှံ၊ ရိက္ခာ၊ လူ၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းများကို နှောင့်ယှက်သော သို့မဟုတ် ဖျက်ဆီးသောပိုးကောင်များ၊ မွှားကောင်များနှင့် အပင်ရောဂါပိုးများကို ဆိုသည်။ ယင်းစကားရပ်တွင် အပင်များကိုနှောင့်ယှက်ဖျက်ဆီးသော ကြွက်၊ ပွေး၊ ခရု၊ ပေါင်းပင်စသည်တို့လည်း ပါဝင်သည်။

(ခ) **ပိုးသတ်ဆေး** ဆိုသည်မှာ ပိုးများကိုကာကွယ်နှိမ်နင်းရာတွင် အသုံးပြုသော အဏုဇီဝပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ပိုးများ၏ ကြီးထွားမှုကိုထိန်းချုပ်ရန်အသုံးပြုသော ဓာတုပစ္စည်း၊ စိုက်ပျိုးသီးနှံများကြီးထွားစေရန်နှင့် ယင်းသီးနှံများ၏ကြီးထွားမှုကို ထိန်းချုပ်ရန်အသုံးပြုသော ဓာတုပစ္စည်းများပါဝင်သော ဟော်မုန်းဆေး၊ ရွက်ကြွေဆေး၊ ရွက်ခြောက်ဆေး၊ အသီးခြွေဆေး၊ အသီးမရင့်မီကြွေကျခြင်းမှကာကွယ်ဆေး၊ မရိတ်သိမ်းမီတွင်ဖြစ်စေ၊ ရိတ်သိမ်းပြီးချိန်တွင်ဖြစ်စေ၊ သိုလှောင်ရာတွင်ဖြစ်စေ၊ သယ်ယူပို့ဆောင်ရာတွင်ဖြစ်စေ၊ သီးနှံမပျက်စီးရေးအတွက်ကာကွယ်သည့် ဓာတုဆေးနှင့် ပိုးသေစေရန် အသုံးပြုသောဓာတုဆေးများကို ဆိုသည်။

(ဂ) **အဆိပ်ရှိပစ္စည်း**ဆိုသည်မှာ ပိုးသတ်ဆေးတွင်ပါဝင်သော အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့်ဓာတုပစ္စည်း တစ်မျိုးမျိုးကို ဆိုသည်။

(ဃ) **တံဆိပ်** ဆိုသည်မှာ ပိုးသတ်ဆေးထည့်သွင်းထားသည့် ပစ္စည်းတွင်ဖြစ်စေ၊ ထုပ်ပိုးထားသည့် ပစ္စည်းတွင်ဖြစ်စေ ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့် အညွှန်းစာနှင့် အမှတ်အသားကို ဆိုသည်။

(င) **မှတ်ပုံတင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဝန်ကြီးဌာနက ဖွဲ့စည်းသော ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ကို ဆိုသည်။

(စ) **ပိုးသတ်ဆေးနည်းပညာကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်အဖွဲ့က ဖွဲ့စည်းသော ကော်မတီကို ဆိုသည်။

(ဆ) **စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသည့် နယ်မြေအတွင်း ပိုးသတ်ဆေး၏ ထိရောက်မှုကိုလည်းကောင်း၊ စိုက်ပျိုးစနစ်နှင့်သင့်လျော်သည့် သုံးစွဲမှုနည်းလမ်းကိုလည်းကောင်း သတ်မှတ်နိုင်ရန် နှစ်နှစ်ကာလအတွင်း စမ်းသပ်သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဇ) **ယာယီသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သီးနှံအလိုက် ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း ငါးနှစ်ကာလအတွင်း သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဈ) **အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သီးနှံအလိုက် ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း ၁၀ နှစ်ကာလအတွင်း သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ည) **အထူးသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က မမျှော်လင့်သော ပိုးများ ကျရောက်ခြင်းမှကာကွယ်ရန် သတ်မှတ်ထားသည့် ပိုးသတ်ဆေးကို တစ်နှစ်ကာလအတွင်း အရေးပေါ်သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန** ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ဝန်ကြီး** ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဍ) **ဦးစီးဌာန** ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနကို ဆိုသည်။

(ဎ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာစိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

(ဏ) **ဦးစီးမှူး** ဆိုသည်မှာ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးတို့ကို ဆိုသည်။

(တ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပိုးသတ်ဆေးသုံးစွဲမှုနှင့်ရောင်းချမှုမှန်မမှန်၊ ပိုးသတ်ဆေးကိုအန္တရာယ်ကင်းရှင်းစွာသုံးစွဲခြင်း ရှိမရှိနှင့် ပိုးသတ်ဆေးတွင် ပါဝင်ရမည့် အဆိပ်ရာခိုင်နှုန်း ပြည့်မီခြင်းရှိမရှိတို့ကို စစ်ဆေးနိုင်ရန် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်သည့်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းကိုဆိုသည်။

(ထ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ပိုးသတ်ဆေးနှင့်စပ်လျဉ်း၍ လုပ်ကိုင်ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးကထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(ဒ) **ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်လက်မှတ်ရသူ** ဆိုသည်မှာ အဆိပ်အတောက်ပြင်းထန်သည့်ပိုးသတ်ဆေးကို သုံးစွဲရာတွင်ကျွမ်းကျင်စွာ ကိုင်တွယ်သုံးစွဲနိုင်သူဖြစ်ကြောင်း ဦးစီးဌာနက အသိအမှတ်ပြု လက်မှတ်ထုတ်ပေးထားသူကို ဆိုသည်။

**အခန်း(၂)**

**မှတ်ပုံတင်အဖွဲ့ဖွဲ့စည်းခြင်း**

၃။ ဝန်ကြီးဌာနသည်-

(က) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲညွှန်ကြားရေးမှူးက တွဲဖက်အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏အကြီးအကဲများနှင့် ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်းပါဝင်သော ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော မှတ်ပုံတင်အဖွဲ့ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ မှတ်ပုံတင်အဖွဲ့၏ရုံးလုပ်ငန်းများကို ဦးစီးဌာနက ဆောင်ရွက်ပေးရမည်။

**အခန်း(၃)**

**မှတ်ပုံတင်အဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၅။ မှတ်ပုံတင်အဖွဲ့သည် ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က) အရ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို အညွှန်းစာပါအတိုင်း အဆိပ်ရှိပစ္စည်းရာခိုင်နှုန်းပြည့်မီစွာ ပါဝင်ခြင်းရှိမရှိ ဓာတ်ခွဲစစ်ဆေးခြင်းနှင့်ပိုးကိုနှိမ်နင်းရာတွင် ထိရောက်မှုရှိမရှိ စိုက်ခင်းတွင်လက်တွေ့စမ်းသပ်ခြင်းပြုရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

၆။ မှတ်ပုံတင်အဖွဲ့သည် အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း တွေ့ရှိသော မှတ်ပုံတင်ခွင့်ရရှိထားသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို သုံးစွဲခြင်းမပြုရန်တားမြစ်ခြင်း သို့မဟုတ် မှတ်ပုံတင်ကို ပြန်လည်ရုပ်သိမ်းခြင်းပြုနိုင်သည်။

(က) ပြည်ပမှသော်လည်းကောင်း၊ ပြည်တွင်းမှသော်လည်းကောင်းရရှိသည့် အချက်အလက်များအရ ပိုးသတ်ဆေးသည် လူ၊ တိရစ္ဆာန်၊ သီးနှံနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်ခြင်း၊

(ခ) ပိုးသတ်ဆေးကိုထပ်မံစစ်ဆေးရာတွင် လျှောက်ထားစဉ်ကတင်ပြခဲ့သောဓာတ်ခွဲစစ်ဆေးထားသည့် အဆိပ်ရာခိုင်နှုန်းပြည့်မီမှုမရှိကြောင်း သို့မဟုတ် အရည်အသွေး ပြည့်မီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းထုတ်လုပ်သောပြည်ပကုမ္ပဏီက ဖြစ်စေ၊ ပြည်တွင်းတွင် ပိုးသတ်ဆေးဖော်စပ်ရောင်းချသူကဖြစ်စေ ဆက်လက်သုံးစွဲခြင်းမပြုရန် အကြောင်းကြားခြင်း။

၇။ မှတ်ပုံတင်အဖွဲ့သည် တရားမဝင်တင်သွင်းသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို စစ်ဆေးတွေ့ရှိပါက ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၈။ မှတ်ပုံတင်အဖွဲ့သည် ပိုးကျရောက်မှုကို ကာကွယ်နှိမ်နင်းနိုင်ရန် ပိုးသတ်ဆေးနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၃ ပါ အထူးသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်သည်။

၉။ မှတ်ပုံတင်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာအကြံပြုချက်များအပေါ် အခြေပြု၍ ပိုးသတ်ဆေးများ ဖော်စပ်ထုတ်လုပ်ခြင်း၊ ကိုင်တွယ်သုံးစွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းတို့တွင် အန္တရာယ်ကင်းရှင်းရေးအတွက်လည်းကောင်း၊ အသုံးမပြုဘဲကြာရှည်စွာသိုလှောင်ထားသော နှစ်လွန်ပိုးသတ်ဆေးများသည် သက်ရှိအားလုံးနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သဖြင့် ဓာတ်ခွဲစစ်ဆေးပြီး စနစ်တကျဖျက်ဆီးရေးအတွက်လည်းကောင်း ညွှန်ကြားချက်များထုတ်ပြန်နိုင်သည်။

၁၀။ မှတ်ပုံတင်အဖွဲ့သည် ပုဒ်မ၅ အရ ဆောင်ရွက်သောပိုးသတ်ဆေး ဓာတ်ခွဲခြင်းနှင့် စိုက်ခင်းတွင် လက်တွေ့စမ်းသပ်ခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာနအား ကျွမ်းကျင်သူများ၏ အကြံဉာဏ်ကိုရယူရန် ခွင့်ပြုနိုင်သည်။

၁၁။ မှတ်ပုံတင်အဖွဲ့သည် ပြည်ပမှလည်းကောင်း၊ ပြည်တွင်းမှလည်းကောင်း မှတ်ပုံတင်ခွင့်ရရှိရန် လျှောက်ထားသောပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း၏နည်းပညာအချက်အလက်များကို သက်ဆိုင်သူ၏မူပိုင်အဖြစ် လျှို့ဝှက်ထားရမည်။

၁၂။ မှတ်ပုံတင်အဖွဲ့သည်-

(က) စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၏ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ပိုးသတ်ဆေးနည်းပညာကော်မတီကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ပိုးသတ်ဆေးနည်းပညာကော်မတီကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) မိမိ၏လုပ်ငန်းတာဝန်များကိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ပိုးသတ်ဆေးနည်းပညာကော်မတီကို အထောက်အကူပြုနိုင်ရန် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပြီး ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

## အခန်း(၄)
## မှတ်ပုံတင်လျှောက်ထားခြင်းနှင့် အခွန်အခပေးဆောင်ခြင်း

၁၃။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းပြုလုပ်လိုသူသည် အောက်ဖော်ပြပါမှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိရေးအတွက် မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့်လျှောက်ထားရမည်-

(က) စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်၊
(ခ) ယာယီသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်၊
(ဂ) အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်၊
(ဃ) အထူးသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်။

၁၄။ ပုဒ်မ ၁၃ပါ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိရန် လျှောက်ထားသူသည်-

(က) လျှောက်လွှာနှင့်အတူ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း၏ နမူနာကို ဓာတ်ခွဲစစ်ဆေးသည့်နည်းလမ်း၊ ဓာတ်ခွဲစစ်ဆေးတွေ့ရှိမှုထောက်ခံချက်၊ သုံးစွဲရန်အညွှန်းတို့နှင့်အတူ သတ်မှတ်ထုထည် သို့မဟုတ် သတ်မှတ်အလေးချိန်တို့ကို မှတ်ပုံတင်အဖွဲ့သို့ ပူးတွဲတင်ပြရမည်။

(ခ) သတ်မှတ်သည့်မှတ်ပုံတင်ခနှင့် ဓာတ်ခွဲစမ်းသပ်ခတို့ကို မြန်မာကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၅။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းအတွက် မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးရရှိရန်လျှောက်ထားသောလျှောက်လွှာကို မှတ်ပုံတင်အဖွဲ့က စိစစ်ပြီး မှတ်ပုံတင်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

## အခန်း(၅)
## လိုင်စင်လျှောက်ထားခြင်းနှင့်အခွန်အခပေးဆောင်ခြင်း

၁၆။ လိုင်စင်လျှောက်ထားသူသည်-

(က) ပြည်ပမှတင်သွင်းသော အဆိပ်ရှိပစ္စည်းကို ပြည်တွင်းတွင် ပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့်လုပ်ငန်းလုပ်ကိုင်လိုပါက လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ခ) ပြည်ပမှတင်သွင်းသည့်ပိုးသတ်ဆေးကို ပြည်တွင်းတွင်ပြန်လည်ထုပ်ပိုးရောင်းချသည့် လုပ်ငန်းလုပ်ကိုင်လိုပါက လိုင်စင်ရရှိရေးအတွက် ဦးစီးဌာနသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ဂ) ပုဒ်မခွဲ(က) သို့မဟုတ်(ခ) အရ လျှောက်ထားခြင်းမှအပ ပိုးသတ်ဆေးကို လက်လီလက်ကား ရောင်းချလိုပါက သက်ဆိုင်ရာခရိုင်ဦးစီးမှူးထံ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ဃ) ပုဒ်မခွဲ(က)၊ (ခ) နှင့်(ဂ) တို့အရလျှောက်ထားရာတွင် သတ်မှတ်ထားသော လိုင်စင်ခကို သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ပေးဆောင်ရမည်။

(င) တိုင်းဒေသကြီး/ပြည်နယ်များတွင်ဖွင့်လှစ်သည့် ပိုးသတ်ဆေးများကိုင်တွယ်သုံးစွဲခြင်း၊ လက်လီလက်ကားရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ အန္တရာယ်ကင်းစေရန် စနစ်တကျ ကိုင်တွယ်သုံးစွဲမှုသင်တန်းများကို တက်ရောက်ပြီး ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲခွင့်လက်မှတ်ရသူ ဖြစ်ရမည်။

၁၇။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ပုဒ်မ ၁၆(က) နှင့် ၁၆(ခ) တို့အရ လျှောက်ထားသော လျှောက်လွှာများနှင့်စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များ ချမှတ်နိုင်သည်။

(ဂ) သီးနှံများတွင် ပိုးသတ်ဆေးစမ်းသပ်သုံးစွဲသည့်ကိစ္စနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ပိုးသတ်ဆေးရောင်းချသည့်ကိစ္စနှင့်စပ်လျဉ်း၍ဖြစ်စေ ဦးစီးမှူးများအား အခါအားလျော်စွာ လိုအပ်သလို ညွှန်ကြားနိုင်သည်။

(ဃ) ပုဒ်မခွဲ(က)(ခ)(ဂ) ပါ ညွှန်ကြားရေးမှူးချုပ်၏လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနမှ သင့်လျော်သောအရာရှိများကို လွှဲအပ်၍ဆောင်ရွက်ခွင့်ပြုနိုင်သည်။

## အခန်း(၆)
## ဦးစီးမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးသည်-

(က) မိမိကြီးကြပ်ကွပ်ကဲရသော ခရိုင်နှင့်မြို့နယ်များအတွင်း ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှု၊ သိုလှောင်မှုနှင့်စပ်လျဉ်း၍ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများဆောင်ရွက်ချက်များကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း ပြုလုပ်ရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်က အခါအားလျော်စွာပေးအပ်သောတာဝန်များကို ဆောင်ရွက်ရမည်။

၁၉။ ခရိုင်ဦးစီးမှူးသည်-

(က) ပုဒ်မ ၁၆(ဂ) အရ လျှောက်ထားသောလျှောက်လွှာနှင့်စပ်လျဉ်း၍ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များ ချမှတ်နိုင်သည်။

(ဂ) ပိုးသတ်ဆေးသုံးစွဲသူသည် သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများကို မှတ်ပုံတင်အဖွဲ့ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားထားသည့်အတိုင်း လိုက်နာခြင်းရှိမရှိ စစ်ဆေးရန် မြို့နယ်ဦးစီးမှူးအား တာဝန်ပေးအပ်ရမည်။

(ဃ) ဦးစီးဌာနက အခါအားလျော်စွာပေးအပ်သောတာဝန်များကို ဆောင်ရွက်ရမည်။

(င) မြို့နယ်ဦးစီးမှူးနှင့် စစ်ဆေးရေးမှူးများ၏ဆောင်ရွက်ချက်များကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းတို့ ဆောင်ရွက်ရမည်။

၂၀။ မြို့နယ်ဦးစီးမှူးသည်-

(က) မိမိမြို့နယ်အတွင်းရှိ ပိုးသတ်ဆေးရောင်းချသူများလက်ဝယ်ရှိ ပိုးသတ်ဆေးများကို စစ်ဆေးခြင်း၊ နမူနာရယူခြင်းပြုနိုင်သည်။

(ခ) ပိုးသတ်ဆေးကို လိုင်စင်ပါစည်းကမ်းချက်နှင့်အညီ မဟုတ်ဘဲ ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန် သက်ဆိုင်ရာခရိုင်ဦးစီးမှူးထံ တင်ပြရမည်။

(ဂ) မှတ်ပုံတင်အဖွဲ့ကဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်ကဖြစ်စေ ပိုးသတ်ဆေး၏ထိရောက်မှုနှင့် ကာကွယ်နှိမ်နင်းနိုင်မှုစွမ်းအားကို မိမိမြို့နယ်အတွင်းစမ်းသပ်ရန် ညွှန်ကြားသည့် လုပ်ငန်းတွင် ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်ရမည်။

(ဃ) စစ်ဆေးရေးမှူး၏ဆောင်ရွက်ချက်များကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းပြုလုပ်ရမည်။

## အခန်း(၇)
## မှတ်ပုံတင်ရရှိသူ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၁။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှတင်သွင်းခွင့်၊ ပြည်ပသို့တင်ပို့ခွင့် ရရှိသူသည်-

(က) မှတ်ပုံတင်လက်မှတ်ပါသက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပေးဆောင်ရန်ရှိသော မှတ်ပုံတင်ခနှင့် ဓာတ်ခွဲစမ်းသပ်ခတို့ကို ပေးဆောင်ပြီးဖြစ်ရမည်။

(ဂ) မှတ်ပုံတင်လက်မှတ်တွင်ဖော်ပြပါရှိသောစည်းကမ်းချက်များကို လိုက်နာရမည်။

(ဃ) မှတ်ပုံတင်အဖွဲ့ကအခါအားလျော်စွာထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကိုလိုက်နာရမည်။

(င) ပြည်ပမှတင်သွင်းခွင့်၊ ပြည်ပသို့တင်ပို့ခွင့်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အဖွဲ့ထံမှ တင်သွင်းခွင့် ထောက်ခံချက်ရယူပြီးနောက် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ရယူရမည်။

(စ) မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုလျှင် သက်တမ်းမကုန်ဆုံးမီရက်ပေါင်း ၃၀ ကြိုတင်၍ မှတ်ပုံတင်အဖွဲ့သို့ သက်တမ်းတိုးမြှင့်ပေးရန်လျှောက်ထားရမည်။

## အခန်း(၈)
## ပိုးသတ်ဆေး ဖော်စပ်ရောင်းချခွင့်နှင့် ပြန်လည်ထုပ်ပိုးရောင်းချခွင့် လိုင်စင်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၂။ ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်နှင့် ပြန်လည်ထုပ်ပိုးရောင်းချခွင့် လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါသက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပေးဆောင်ရန်ရှိသော လိုင်စင်ခနှင့် ဓာတ်ခွဲစမ်းသပ်ခတို့ကို ပေးဆောင်ပြီးဖြစ်ရမည်။

(ဂ) လိုင်စင်လျှောက်ထားစဉ်ကတင်ပြခဲ့သည့် အဆိပ်ရှိပစ္စည်းပါဝင်မှုရာခိုင်နှုန်းအတိုင်း ပြည့်မီအောင်ဖော်စပ်ရမည်။

(ဃ) ဖော်စပ်သည့်ပိုးသတ်ဆေးအတွက် သုံးစွဲရန်အညွှန်းစာတွင် ပိုးသတ်ဆေး အမျိုးအမည်၊ ကာကွယ်နှိမ်နင်းနိုင်သောပိုးများ၊ အဆိပ်သင့်နိုင်မှု အဆင့်အတန်း၊ အသုံးပြုရမည့်ဆေးနှုန်းထားတို့အပြင် အဆိပ်သင့်နိုင်မှုအန္တရာယ်မှ ကင်းရှင်းရန်နည်းလမ်းများကိုလည်း ဖော်ပြရမည်။

(င) ပိုးသတ်ဆေးထည့်သွင်းထားသည့်ဘူး၊ ပုလင်း သို့မဟုတ် အထုပ်များပေါ်တွင် လိုင်စင်လျှောက်ထားစဉ်က တင်ပြခဲ့သည့်ကုန်အမှတ်တံဆိပ်နှင့် အညွှန်းတံဆိပ်ကို ကပ်ထားရမည်။

(စ) လိုင်စင်တွင်ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ဆ) ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဇ) လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုလျှင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

## အခန်း(၉)
## ပိုးသတ်ဆေး လက်လီလက်ကားရောင်းချခွင့်လိုင်စင်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၃။ ပိုးသတ်ဆေးလက်လီလက်ကားရောင်းချခွင့်လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါသက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) သတ်မှတ်သော လိုင်စင်ခကို ပေးဆောင်ပြီးဖြစ်ရမည်။

(ဂ) လိုင်စင်ကိုဆိုင်တွင် မြင်သာအောင်ချိတ်ဆွဲထားရမည်။

(ဃ) ရောင်းချသည့်ပိုးသတ်ဆေးများ၏ အာနိသင်ကျဆင်းစေရန် အခြားအရာဝတ္ထုပစ္စည်း တစ်စုံတစ်ရာနှင့်ရောနှောခြင်း၊ ပြုပြင်ခြင်း၊ မမှန်မကန်ကြော်ငြာရောင်းချခြင်း မပြုလုပ်ရ။

(င) လိုင်စင်တွင်ဖော်ပြပါရှိသောစည်းကမ်းချက်များကို လိုက်နာရမည်။

(စ) စစ်ဆေးရေးမှူး သို့မဟုတ် ဦးစီးမှူးက အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

(ဆ) ပိုးသတ်ဆေးဝယ်ယူရောင်းချသည့်မှတ်တမ်းများ ထားရှိရမည်။

(ဇ) လိုင်စင်သက်တမ်းကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာခရိုင်ဦးစီးမှူးထံ လျှောက်ထားရမည်။

## အခန်း(၁၀)
## ပိုးသတ်ဆေးသုံးစွဲသူလိုက်နာရမည့် စည်းကမ်းများ

၂၄။ ပိုးသတ်ဆေးသုံးစွဲသူသည်-

(က) ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း လိုက်နာ၍ သုံးစွဲရမည်။

(ခ) ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သော ပိုးသတ်ဆေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ခြင်းနည်းလမ်းများအတိုင်း လိုက်နာသုံးစွဲရမည်။

(ဂ) ပိုးသတ်ဆေးများကိုအစားအသောက်များနှင့် နီးကပ်စွာထားရှိခြင်း၊ ကလေးသူငယ်များ အလွယ်တကူလက်လှမ်းမီသောနေရာတွင် ထားရှိခြင်းမပြုလုပ်ရ။

(ဃ) သုံးစွဲပြီးသောပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများကို ဦးစီးဌာန၏ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(င) စိုက်ခင်းများတွင်လည်းကောင်း၊ ရိတ်သိမ်းပြီးသီးနှံများကို သိုလှောင်ရာတွင်လည်းကောင်း ပိုးသတ်ဆေးသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ပညာပေးလမ်းညွှန်မှုများကို လိုက်နာရမည်။

## အခန်း(၁၁)
## စစ်ဆေးရေးမှူး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၅။ စစ်ဆေးရေးမှူးသည် အောက်ပါတာဝန်များကိုဆောင်ရွက်ရမည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်မှုရှိမရှိ စစ်ဆေးခြင်း၊

(ခ) မိမိတာဝန်ခံရသော နယ်မြေအတွင်း၌ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ဖြစ်စေ ပိုးသတ်ဆေးရောင်းချသည့်လုပ်ငန်းများနှင့် ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှုများကို စစ်ဆေးခြင်း၊

(ဂ) ဤဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ဖောက်ဖျက်ကျူးလွန်သူကို ဤဥပဒေနှင့်အညီ အရေးယူရန်တင်ပြခြင်း၊

(ဃ) ပိုးသတ်ဆေးဘူး၊ အခွံနှင့် ထုပ်ပိုးပစ္စည်းများ စနစ်တကျစွန့်ပစ်ရေးကို စီမံခန့်ခွဲခြင်း။

(င) ပိုးသတ်ဆေးများထုပ်ပိုးပုံ၊ သိုလှောင်ပုံနှင့် ဖြန့်ဖြူးရောင်းချခြင်းတို့သည် လိုင်စင်တွင် ဖော်ပြပါရှိသောစည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိမရှိကို စစ်ဆေးခြင်း၊

(စ) သီးနှံများတွင် ပိုးသတ်ဆေးသုံးစွဲမှုသည် အညွှန်းစာပါစည်းကမ်းချက်များနှင့်ကိုက်ညီမှု ရှိမရှိ စစ်ဆေးခြင်း၊

(ဆ) ပိုးသတ်ဆေးဝယ်ယူရောင်းချသည့်မှတ်တမ်းများကို စစ်ဆေးခြင်း၊

(ဇ) ပိုးသတ်ဆေးများကိုစစ်ဆေးရန်အတွက် နမူနာယူခြင်း၊

(ဈ) လိုင်စင်မရှိဘဲ ပိုးသတ်ဆေးရောင်းချသည့်ကိစ္စကို စစ်ဆေးတွေ့ရှိပါက ခရိုင်ဦးစီးမှူးထံတင်ပြပြီး ယင်းက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊

(ည) ခရိုင်ဦးစီးမှူးက အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၁၂)
## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၂၆။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ လိုင်စင်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သော လိုင်စင်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

(က) လိုင်စင်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ခ) လိုင်စင်ရရှိသူ၏လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကို သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊

(ဂ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကိုပြုပြင်စေပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း။

၂၇။ ခရိုင်ဦးစီးမှူးသည် ပုဒ်မ ၂၃ပါလိုင်စင်ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သော လိုင်စင်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေချမှတ်နိုင်သည်။

(က) လိုင်စင်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ခ) လိုင်စင်ရရှိသူ၏လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကို သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊

(ဂ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း။

## အခန်း(၁၃)
## အယူခံခြင်း

၂၈။ ပုဒ်မ ၂၇ အရ ခရိုင်ဦးစီးမှူးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချသည့်နေ့မှရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

၂၉။ (က) ပုဒ်မ ၂၆ အရလည်းကောင်း၊ ပုဒ်မ ၂၈အရလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၁၄)
## တားမြစ်ချက်များ

၃၀။ မည်သူမျှ မှတ်ပုံတင်အဖွဲ့ထံမှ တင်သွင်းခွင့်ထောက်ခံချက်နှင့် တင်ပို့ခွင့်ထောက်ခံချက် မပါဘဲနှင့် ဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုး မရှိဘဲနှင့် ဖြစ်စေ၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲနှင့်ဖြစ်စေ၊ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကိုပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းမပြုလုပ်ရ။

၃၁။ မည်သူမျှ ပြည်ပမှတင်သွင်းလာသော အဆိပ်ရှိပစ္စည်းကို ပိုးသတ်ဆေးအဖြစ်ဖော်စပ်ရောင်းချသည့်လုပ်ငန်းကို လိုင်စင်မရှိဘဲလုပ်ကိုင်ခြင်း မပြုလုပ်ရ။

၃၂။ မည်သူမျှလိုင်စင်မရှိဘဲ ပြည်ပမှပြည်တွင်းသို့တင်သွင်းလာသည့် ပိုးသတ်ဆေးကို ပြန်လည်ထုပ်ပိုးရောင်းချသည့် လုပ်ငန်းလုပ်ကိုင်ခြင်း မပြုလုပ်ရ။

၃၃။ မည်သူမျှ လိုင်စင်မရှိဘဲ ပိုးသတ်ဆေးကိုလက်လီလက်ကားရောင်းချခြင်းမပြုလုပ်ရ။

စာမျက်နှာ ၁၈သို့

**အခန်းဆက်ဝတ္ထုရှည်**



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ဖြတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ်ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဖော်ပြပေးနေပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

"အဲဒါနဲ့ စောစောက မမခိုင်ပြောတာနဲ့ဘာဆိုင်လို့တုံး"

" ဩော် . . . လှိုင်ကလည်း . . . ဆိုင်တာ ပြောမလို့ပေါ့။ မောင့်ကိုတော့ ကန်တော့မယ့်လူတစ်ယောက်မှ မရှိဘူး . . .။ မောင်က သိပ်ကြီးကျယ်တယ် သိလား လှိုင်။ မမခိုင်ကို သူ့ကန်တော့ခိုင်းတယ်။

မမခိုင်က သူငယ်ချင်းချင်း မကန်တော့နိုင်ပေါင်ဆိုတော့ လှိုင်ကလေ . . . သုံးနှစ်၊ လေးနှစ်လောက်ပဲ ရှိဦးမယ်၊ မောင့်ကို ဝင်ပြီး ကန်တော့လိုက်တာ သုံးကြိမ်တောင် မကဘူး။ မမခိုင်က အဲဒါကို သွားသတိရလို့ပါ"

စကားအဆုံး၌ ခိုင်က သဲ့သဲ့ရယ်နေ၏။ လှိုင်သည် ပါးကလေးများ ရဲသွားလျက် "ကြည့်စမ်း . . . မမခိုင်က ကြံကြံဖန်ဖန် ပြောတတ်တယ်။ ရှက်စရာကြီး . . ."ဟုဆို၍ ခိုင့်ကျောကို ထု၏။

သူတို့ညီအစ်မကို ကြည့်လျက် လိုက်လျောရယ်မောနေရသော်လည်း ကျွန်တော့်ရင်တွင်း၌မူ တစ်မျိုးကြီး ခံစားနေရပါ၏။အတန်ကြာမှ လှိုင်သည် ရယ်မောလာပြီး မမျှော်လင့်သောစကားကို ရုတ်တရက် ဆိုသည်။

" မမခိုင်က အားကြီး စိတ်ကူးယဉ်တာပဲ။ အတော်ပါပဲ၊ အိမ်ခေါင်းရင်းမှာ လှိုင်စွယ်တော်ပင်လေးတစ်ပင် စိုက်ထားတယ်။ စွယ်တော်ရွက်ကလေးတွေက ချစ်စရာ၊ သနားစရာကလေးတွေ အဲဒါ . . . မမခိုင် ကဗျာစပ်ပေးမလား။ လာ . . . လာ မမခိုင်၊ လှိုင် လိုက်ပြမယ် "

ခိုင့်အမူအယာသည် သိသိသာသာ တုန်လှုပ်သွား၏။ သို့ရာတွင် ဘာမျှမပြောဘဲ လှိုင် ဆွဲခေါ်ရာနောက်သို့ ပါသွားသည်။

ငြိမ်းမောင်နှင့် ကျွန်တော်က ခြံဝသို့ ထွက်လာခဲ့ကြသည်။

ခြံဝင်းအပြင်ဘက်၌ မေမေ၊ ဒေါ်လှယဉ်နှင့် ကြိုင်တို့ ရပ်နေ၏။

ထိုညနေမှာ တောင်ကြီးမြို့သို့ အားလုံးရောက်ပြီးစ ညနေ ဖြစ်၏။ အားလုံးတို့တွင် ဖေဖေနှင့် ငြိမ်းမောင်သာ တောင်ကြီးကို ရောက်ဖူးပြီးသူပါသည်။

ဤအချိန်မျိုးတွင် ရန်ကုန်၌ ဒီဂရီ တစ်ရာခိုက်အောင် ပူပြင်းနေပေမည်။ တောင်ကြီးတွင်ကား ခြောက်ဆယ့်ငါးခန့်သာရှိသည်။

အဘွားကြီးနှစ်ဦးက အေးချမ်းမှုကို သဘောကျနေသည်။ကြိုင်က တောတောင်ပန်းမန်နှင့် တင့်တယ်သော တောင်ကြီးမြို့၏ အလှကို ချီးမွမ်းဟန် ငေးမောကြည့်ရှုနေ၏။

နွေဦးအစက တစ်ပင် နှစ်ပင်စ သစ်ရွက်ကြွေသည်ကို မြင်ရသည်။ ရှာရှာဖွေဖွေ တမင်ကြည့်မှ မြင်ရခြင်းဖြစ်သည်။ အထူးသဖြင့် ဤတောင်ခြေတွင်မူ ဆောင်းရွက်ကြွေသစ်တောများနှင့် ဆယ့်နှစ်ရာသီ စိမ်းလန်းသော အပင်များသာရှိလေ၍ ညိုဝါရွက်မွဲတို့ကို မမြင်နိုင်။ ယူကလစ်တပ်(စ်)ပင်တို့ကလည်း စိမ်းနေ၏။ ဆောင်းဆိုလျှင် တစ်ရွက်မကျန်ကြွေသော ချယ်ရီနှင့် ပန်းတမာများကလည်း စိမ်းနေ၏။ တြိဂံသီး တုညိုညိုတို့ကို ဆင်ထားသည်မှတစ်ပါး ထင်းရှူးပင်တို့ သည်လည်း စိမ်းနေ၏။ နွေဦးတွင် ရွက်ကြွေသော စိန်ပန်းပြာပင်တို့ထက် မြရောင်နှင့် ခရမ်းရောင်နုသည် ရောယှက်တောက်လွင်နေသည်။

လှိုင်နှင့် ခိုင်က ကျွန်တော်တို့ဆီ လျှောက်လာကြသည်။ ခိုင့်အမူအယာသည် မငိုင့်တငိုင် ဖြစ်နေမှန်း ကျွန်တော် သတိပြုမိသည်။

ခိုင်သည် တောနှင့် တောင်တို့ကို တစ်ချက်ငေးငေး လှည့်ကြည့်လိုက်ပြီး မမျှော်လင့်သောမှတ်ချက်ကိုချသည်။

"တောင်ကြီးက နာမည်သာ ကြီးတာပါ။ ဒီလောက်လည်း မလှဘူး "

ဘေးမှ လှိုင်က မျက်လုံးလေးပြူး၍ ဝင်မေးသည်။

"တောင်ကြီးက မလှဘူး . . .။ ဟုတ်လား မမခိုင် "

"ဟုတ်တယ် . . . နွေမကုန်သေးဘူး၊ ဒါပေမယ့် ဘယ်အပင်မှ သစ်ရွက်မကြွေတော့ဘူး။ ရွက်ဝါတွေကိုလည်း ဘယ်အပင်မှာမှ မမြင်တော့ဘူး . . "

ခိုင့်စကားကြောင့် လှိုင်သည် ပါးစပ်လေးဟ၍ ကျွန် တော့်ကို လှမ်းကြည့်ရှာသည်။ ကျွန်တော်က အမှတ်မထင် ရှင်းပြမိသည်။

" ကြွေတော့ . . . ကြွေပါတယ် ခိုင် . . .။ ဒါပေမယ့် နွေရက်ကြွေပင်က ဒီမှာရှားတော့ မသိသာဘူး။

ဩော် . . . ဒါထက် ဒီတောင်ပေါ်မှာ နွေဦးအစဆို . . . စွယ်တော်တွေ ပွင့်တယ်။ ရွက်ဝါဝါကို မတွေ့ရပေမယ့် ပွင့်ဖြူဖြူတွေကတော့ ဖွေးနေတာပဲ "

ခိုင်သည် ကျွန်တော့်အိမ်နှင့် ကပ်လျက် အထက်မှ မိုးနေသော တောင်ချွန်းကြီးကို လှမ်းကြည့်နေ၏။ လှိုင်သည် တစ်စုံတစ်ရာကို သတိရဟန် ရွှင်မြူးစွာဆိုသည်။

"ဒါပေမယ့် . . . မမခိုင် . . .။ မမခိုင် သဘောကျမှာ တစ်ခုရှိတယ်။ လွမ်းစေတီလေ . . . နော် . . . ကိုကို "

ခိုင်က လှိုင့်ဘက် ရုတ်တရက် လှည့်၍မေးသည်။

" ဘာရယ် . . . လွမ်းစေတီ . . . ဟုတ်လား "

" ဟုတ်တယ် . . . အနောက်ဘက် တောင်ပေါ်မှာ ဒီလမ်းကနေ တည့်တည့်ဆင်းသွားရင် ရောက်တာပဲ။ဟော . . . ဟော . . . ဟိုမှာကြည့် ဒီကတောင် လှမ်းမြင်နိုင်တယ် . . ."

ခိုင်သည် လှိုင်လှမ်းပြသော အနောက်ဘက် တောင်တန်းရှိလွမ်းစေတီကို လှမ်းကြည့် ငြိမ်နေ၏။

"လွမ်းစေတီကို ဘယ်သူတည်ထားတာလဲ . . ."

ယခုအချိန်ထိ ဘေးတွင် ငြိမ်နေသော ငြိမ်းမောင်က ဝင်မေးသဖြင့် ကျွန်တော်က သံပြတ်နှင့်ဖြေသည်။

"ဘယ်သိမလဲကွာ . . .။ တည်ချင်တဲ့လူ တည်ထားမှာပေါ့ . . ."ငြိမ်းမောင်က ရယ်နေခိုက် လှိုင်က သွက်လက်စွာ ပြော၏။

"ဘယ်သူ တည်ထားတယ်ဆိုတာ . . . လှိုင် သိတယ်။ ခင်မြိုင်အတွက် မောင်ညိုတည်သွားတာလေ "

လှိုင့်စကားကြောင့် ကျွန်တော်တို့အားလုံး ဝိုင်းရယ်ကြသည်။ ခိုင်တစ်ယောက်သာ မရယ်။ စကားကောင်းနေကြသဖြင့် အေးမြလာသော ညနေကို သတိမပြုမိကြ။ ထိုစဉ် မိုးပေါက်ကလေးများ ရုတ်တရက် ကျလာ၏။

" ဟဲ့ . . . အမလေး . . . မိုးရွာဦးမှာလား . . . "

မေမေက မယုံနိုင်စွာ မေးသည်။

"တစ်ခါတလေ ဒီလိုပဲ ကျတတ်တယ်။ ရွာချင်လည်း ရွာတာပဲ မေမေ။ ဒါပေမယ့် ရွာခဲပါတယ် . . ."

မိုးပေါက်ကလေးများ ရပ်သွားသည်။ အချမ်းဓာတ်မူ ကဲလာ၏။

အဘွားကြီးနှစ်ဦးက "ချမ်းတယ်၊ ချမ်းတယ် . ."ဟု အော်၍ ရှေ့ဆောင်ကာ အိမ်တွင်း ဝင်သွားသဖြင့် ကျွန်တော်တို့အားလုံး နောက်မှ လိုက်ခဲ့ကြ၏။

မင်္ဂလာဆောင်ကို ကြီးကြီးကျယ်ကျယ် မစီမံထားသဖြင့် အိမ်သူအိမ်သားအားလုံး အလုပ်မများကြ။ လက်မှတ်ထိုးအပြီး ကျွေးမွေးရန်ကိစ္စကို တောင်ကြီးမြို့မှ နာမည်ကျော်ဆန်းမြင့်ကိတ်မုန့်တိုက်က တာဝန်ယူထားသည်။ လက်မထပ်မီ နောက်ဆုံးလူပျိုညအတွက် ညှဉ်းလာကြသူ မိတ်ဆွေများအတွက် စထရင်းဟိုတယ်၌ ဧည့်ခံမည်။

ထိုညနေက လှိုင်ခေါင်းဆောင်၍ ခိုင်၊ မေမေ၊ ဒေါ်လှယဉ်၊ ဖေဖေနှင့် ငြိမ်းမောင်တို့က အနောက်တောင်ပေါ်ရှိ ရပ်တော်မူဘုရားနှင့် လွမ်းစေတီကို ဖူးရန် ထွက်သွားကြသည်။

စထရင်းဟိုတယ် ဧည့်ခံပွဲသွားရန် အဝတ်အစားလဲထွက်ခဲ့သော ကျွန်တော်သည် ခြံဝ၌ တစ်ဦးတည်း ကျန်ရစ်သော ကြိုင့်ကို သွားတွေ့၏။

"ဟင် မမကြိုင် လိုက်မသွားဘူးလား . . ."

ကြိုင်သည် မပြုံးမရယ်ဘဲ အေးချမ်းတည်ကြည်စွာ ကျွန်တော့်ကို ကြည့်၏။

"တောင်ပေါ်တက်ရမှာ ပင်ပန်းပါတယ်ကွယ် . . .။ ပြီးတော့ ဖူးရမှာကလည်း လွမ်းစေတီ . . . တဲ့၊ လိုက်မသွားတော့ပါဘူး . . ."

"ဘာလဲ . . . မမကြိုင်ကြီး . . . လွမ်းစေတီကို မဖူးရဲဘူးလား။ လွမ်းရမှာ ကြောက်တယ် ထင်တယ် "

ကျွန်တော်က ရယ်၍ နောက်ပြောသော်လည်း ကြိုင်သည် ပြန်မရယ်ဘဲ တည်ကြည်စွာ ဆိုသည်။


**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**















နိုင်ငံတကာအဆင့်မီ
ရွှေနန်းတော်
စိန်ရွှေရတနာဆိုင်

Forever
Gems by
ရွှေနန်းတော်

## ၂၀၁၅မေလ၊ ဖွင့်လှစ်သည် ရွှေနန်းတော်(၃)ဆိုင်စလုံးမှကံထူးရှင်များ

| | | | | | |
|---|---|---|---|---|---|
| ၁ | (၂)ကျပ်သားရွှေဆွဲကြိုး | ဦးဇော်ဇော် | ၁၂/ဒဂဆ(နိုင်)၁၁၂၇၅၃ | ၀၉၇၉၉၅၄၄၈၉၄ | အမှတ်(၆၂) အောင်သပြေလမ်း (၁၉)ရပ်ကွက်တောင်ဒဂုံမြို့နယ်။ |
| ၂ | (၂)ကျပ်သားရွှေဆွဲကြိုး | မသဥ္ဇာ | ၁၂/လမန(နိုင်)၁၃၇၂၁၁ | ၀၉၄၂၀၀၀၈၀၄၇ | အခန်း(၃၀၂) ယူနိုက်တက်ကွန်ဒိုအလုံပြတုရား။ |
| ၃ | (၁)ကျပ်ခွဲသားရွှေဆွဲကြိုး | မတင်တင်ငြိမ်း | ၁၂/ဥကမ(နိုင်)၁၇၀၅၈၃ | ၀၉၂၅၀၆၇၃၀၆၇ | အမှတ်(၄၂၀) နွယ်နီ(၂)လမ်း မြောက်ဥက္ကလာမြို့နယ်၊ |
| ၄ | (၁)ကျပ်ခွဲသားရွှေဆွဲကြိုး | ကိုဇော်ဝင်း | ၁၂/မဂတ(နိုင်)၁၂၃၄၀၀ | ၀၉၅၁၉၈၈၄၂ | အင်းစိန်နံ့သာကုန်းရပ်ကွက်။ |
| ၅ | (၁)ကျပ်သားရွှေဆွဲကြိုး | မအေးမြတ်သူ | | ၀၉၇၉၅၂၈၂၂၃၆ | အမှတ်(၁၃၆၆) (၇၀)ရပ်ကွက်ဗန္ဓုလလမ်း တောင်ဒဂုံမြို့နယ်။ |
| ၆ | (၁)ကျပ်သားရွှေဆွဲကြိုး | မသီတာနိုင် | ၇/ကတခ(နိုင်)၁၃၁၅၀၆ | ၀၉၄၄၈၀၂၅၅၉၅ | တာမွေ။ |
| ၇ | (၁)ကျပ်သားရွှေဆွဲကြိုး | မသင်းသင်းမာ | ၁၄/ကပန(နိုင်)၁၂၉၉၁၃ | ၀၉၄၃၁၃၁၈၃၈ | လှိုင်သာယာ။ |
| ၈ | (၁)ကျပ်သားရွှေဆွဲကြိုး | မအေးအေးမာ | ၁၄/ဘကလ(နိုင်)၁၇၄၉၁၁ | ၀၉၇၉၅၅၅၆၉၂ | အမှတ်(၁၀၃) မယ်ဇီကုန်းလမ်း (၇)ရပ်ကွက်လှိုင်မြို့နယ်။ |
| ၉ | (၁၂)ပဲသားရွှေဆွဲကြိုး | မဖျက်နိုက်ဆုန်း | ၄/ထတလ(နိုင်)၁၃၅၀၀၃ | ၀၉၂၅၀၁၈၂၅၇၄ | အခန်း(၁၈) တိုက်(၅) ရွှေဂုံရိပ်မွန်အိမ်ရာ ဗဟန်း။ |
| ၁၀ | (၁၂)ပဲသားရွှေဆွဲကြိုး | ဒေါ်ရွှေးရွှေးမြင့် | | | အမှတ်(၁၂၈၁) သာကေတ။ |
| ၁၁ | (၁၂)ပဲသားရွှေဆွဲကြိုး | မခင်စန်းဝေ | ၈/နမန(နိုင်)၁၁၁၀၅၇ | ၀၉၂၅၀၆၅၂၆၀၉ | ဇမ္ဗူအေး(၆)လမ်း (၁၂)ရပ်ကွက်လှိုင်သာယာ။ |
| ၁၂ | (၁၂)ပဲသားရွှေဆွဲကြိုး | ဦးကျော်မိုး | ၁၄/မမတ(နိုင်)၀၆၅၆၈၆ | ၀၉၂၅၀၀၁၀၀၅၁ | အမှတ်(၇၅၉) (၁၈)ရပ်ကွက်ရွှေပြည်သာ။ |
| ၁၃ | (၈)ပဲသားရွှေဆွဲကြိုး | ကိုဆန်းမင်းကျော် | ၁၄/မတန(နိုင်)၁၈၃၃၆၅ | ၀၉၄၂၁၁၀၄၆၉၉ | အမှတ်(၂၀) ပန်းဝါလမ်း ကမာရွတ်မြို့နယ်။ |
| ၁၄ | (၈)ပဲသားရွှေဆွဲကြိုး | မကျင်သန်း | ၁၂/လမတ(နိုင်)၀၀၈၅၃၀ | ၀၉၇၃၁၆၅၀၈၇ | ရွှေပြည်သာမြို့နယ် (၁)ရပ်ကွက် |
| ၁၅ | (၈)ပဲသားရွှေဆွဲကြိုး | ဒေါ်သီတာ | ၉/သစန(နိုင်)၀၇၆၅၄၂ | ၀၉၃၃၇၄၈၃၈၅ | ရွှေပြည်သာ။ |
| ၁၆ | (၈)ပဲသားရွှေဆွဲကြိုး | ဦးတင့်ဝေ | ၈/စမန(နိုင်)၀၄၆၂၀၆ | ၀၉၅၂၁၀၆၉၃ | ရေအေးတွင်းရပ်၊ တောင်ကြီး။ |
| ၁၇ | (၄)ပဲသားရွှေဆွဲကြိုး | ကိုမျိုးညီညီဇော် | ၁၂/တမန(နိုင်)၁၁၇၅၇၀ | ၀၉၇၉၉၈၉၆၀၅၁ | ကြည့်မြင်တိုင်။ |
| ၁၈ | (၄)ပဲသားရွှေဆွဲကြိုး | မမြတ်စုမွန် | ၁၂/မဂတ(နိုင်)၀၉၉၆၈၄ | ၀၉၂၅၄၀၁၇၅၃၇ | မင်္ဂလာတောင်ညွန့်ဘုတာကြီး။ |
| ၁၉ | (၄)ပဲသားရွှေဆွဲကြိုး | မသီတာ | ၁၂/မရက(နိုင်)၁၃၄၄၆၂ | ၀၉၄၂၀၀၅၃၂၉၀ | အမှတ်(၁၃၃) အောင်ချမ်းသာလမ်း (၂)ရပ်ကွက်မရမ်းကုန်းမြို့နယ်။ |
| ၂၀ | (၄)ပဲသားရွှေဆွဲကြိုး | မငုဝါ | ၉/တကန(နိုင်)၁၆၃၇၁၄ | ၀၉၄၂၀၇၈၂၁၀၅ | အမှတ်(၂၇၉၉) (၆၃)ရပ်ကွက်တောင်ဒဂုံစက်မှုဇုန်(၂)။ |

| | | | | | |
|---|---|---|---|---|---|
| ၂၁ | (၂)ပဲသားရွှေဆွဲသီး | မမိုးဆန်း | ၈/မမန(နိုင်)၂၄၀၂၀၈ | ၀၉၂၅၄၀၄၈၇၉၁ | အမှတ်(၄၂/ဇ) ပန်းတျာလမ်း ဒဂုံမြို့နယ်။ |
| ၂၂ | (၂)ပဲသားရွှေဆွဲသီး | မသန္တာ | ၁၀/မလန(နိုင်)၀၄၇၇၃၂ | ၀၉၄၂၀၀၅၄၂၆၄ | ကြီးပွားရေးရပ်ကွက်သယ်န်းကျွန်းမြို့နယ်။ |
| ၂၃ | (၂)ပဲသားရွှေဆွဲသီး | မောင်အောင်ကြည်နိုင် | ၁၂/ဒဂဆ(နိုင်)၀၀၅၇၂၅ | ၀၉၄၂၁၀၂၄၀၉၁ | ဒဂုံဆိပ်ကမ်း ယုဇနဥယျာဉ်မြို့တော်။ |
| ၂၄ | (၂)ပဲသားရွှေဆွဲသီး | မမြတ်ဆုမွန် | ၁၄/ဝခမ(နိုင်)၁၆၂၇၃၆၊ | ၀၉၄၂၀၁၃၃၈၀၃၈ | ဘုရင့်နောင်။ |
| ၂၅ | (၂)ပဲသားရွှေဆွဲသီး | မဘိုမ | ၉/မလ(နိုင်)၁၆၇၃၄၄ | ၀၉၂၅၆၀၀၂၂၉၃ | ဒေါပုံမြို့နယ်။ |
| ၂၆ | (၂)ပဲသားရွှေဆွဲသီး | ကိုဇော်မင်း+မဓမ္မဦး | ၁၂/ဥကတ(နိုင်)၁၅၂၆၇၆ | ၀၉၇၃၂၀၀၁၈ | တောင်ဥက္ကလာမြို့နယ်။ |
| ၂၇ | (၁)ပဲသားရွှေလက်စွပ် | ဦးကျော်စွာ | | | ဝေဇယန္တာလမ်းမကြီး။ |
| ၂၈ | (၁)ပဲသားရွှေလက်စွပ် | မသဥ္ဇာမြို့ | ၉/မထလ(နိုင်)၂၃၂၀၉၉ | ၀၉၄၃၁၀၇၆၆၈ | ကံဦးရပ်ကွက်၊ မတ္ထီလာမြို့။ |
| ၂၉ | (၁)ပဲသားရွှေဆွဲကြိုး | သော်ဇင်ကိုကို | ၁၂/သကတ(နိုင်)၁၇၃၇၃၁ | ၀၉၄၃၀၂၈၀၈၃ | မြစည်းခုံဘုရားလမ်း တောင်ငူမြို့။ |
| ၃၀ | (၁)ပဲသားရွှေလက်စွပ် | ကိုပြုံးအောင် | ၁၂/စခန(နိုင်)၀၆၀၅၂၄ | ၀၉၄၂၀၀၉၄၈၆၂ | အမှတ်(၁၉၅) ဗားကရာလမ်း စမ်းချောင်း။ |
| ၃၁ | (၁)ပဲသားရွှေလက်စွပ် | ကိုချစ်မင်းနိုင် | ၁၄/ကပန(နိုင်)၁၇၁၈၅၂ | ၀၉၄၂၀၂၅၂၇၇၃ | အမှတ်(၁၃၁၈/ည) ဘုမ္မာ(၂၀)လမ်း မြောက်ဥက္ကလာပမြို့နယ်။ |
| ၃၂ | (၁)ပဲသားရွှေလက်စွပ် | ဒေါ်ချိုချိုဝင်း | | ၀၉၄၃၁၀၉၃၁၅ | အမှတ်(၁၃၄၄) လယ်သမားလမ်း (၂၁)ရပ်ကွက်တောင်ဒဂုံမြို့နယ်။ |
| ၃၃ | (၁)ပဲသားရွှေလက်စွပ် | မနွဲ့ကေသီလှိုင် | ၇/မလန(နိုင်)၀၉၆၅၃၆ | ၀၉၄၂၁၀၉၈၇၁၄ | ပန်းပဲတန်း။ |
| ၃၄ | (၁)ပဲသားရွှေလက်စွပ် | ဦးအောင်သိန်း | ၁၂/ရကန(နိုင်)၉၁၀၇၇ | ၀၉၄၉၄၄၀၅၄၉ | အမှတ်(၂၃၀/က) ကံသာ(၁)လမ်း ကမ်းနားအလယ်အင်းစိန်မြို့နယ်။ |
| ၃၅ | (၁)ပဲသားရွှေလက်စွပ် | မဓာဓာဝင်း | | ၀၉၂၅၂၈၈၈၄၇ | ရွှေလင်ဗန်း။ |
| ၃၆ | (၁)ပဲသားရွှေလက်စွပ် | ကိုထင်လင်းကျော် | ၁၂/တမန(နိုင်)၀၉၇၂၈၃ | ၀၉၄၅၀၀၂၉၈၅၈ | တာမွေ။ |

ဆိုင်(၁) – အမှတ်–၇၄၃၊ မဟာဗန္ဓုလလမ်းနှင့်လမ်းမတော်လမ်းထောင့်၊ သံချေးမီးပွိုင့်အနီး၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
ဆိုင်(၂) – အမှတ်–၆၈၅၊ ၁၉ လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ([illegible]ပြောင်းရွှေ့ဖွင့်လှစ်သည့်ဆိုင်)
ဆိုင်(၃) – မြေညီထပ်၊ Junction Square Shopping Centre ၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

Orange Supermarket ဆိုင်သစ်ဖွင့်ပွဲကို

၅-၇-၂၀၁၅ ရက်နေ့တွင် အမှတ်(၉၁၂)၊အောက်မင်္ဂလာဒုံလမ်းမကြီး၊အင်းစိန်မြို့နယ်တွင် အောင်မြင်စွာ ဖွင့်လှစ်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

YEE SHIN COMPANY LIMITED
Medical Instruments & Hospital Supplies

FIVE OCEANS COMPANY LIMITED
Aircon and Domestic Appliances

---

# ဒေါ်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

သံမလိုက်သည့် အဆင့်မြင့် စတီး ဘလိတ်ဓားသွားဆူးကြိုးများကို
စျေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချ တပ်ဆင်ပေးနေပါသည်။

ရန်ကုန်အရောင်းဆိုင်ခွဲ(၁)-အမှတ်(၃၄/A)၊ ... 
Ph:01-545531,01-8603141, 09-5008161

အရောင်းဆိုင်ခွဲ(၂) -အမှတ်(၃၆/A)၊ ...
Ph : 01-656521, 09-421024731, 09-421024741

အရောင်းဆိုင်ခွဲ(၃) - ...
Ph:01-642748, 01-642905, 01-646574

---

Denk Pharma

# ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်။)

WALMARK

T.T.O Trading Co.,Ltd.(Denk Pharma, Walmark) တွင် အောက်ပါရာထူးများအတွက် ဝန်ထမ်းများ လိုအပ်လျက်ရှိပါသည်။

(၁) Senior Medical Representative ကျား/မ(၃)ဦး
- ဘွဲ့တစ်ခုခု(သို့)ဆေးပညာ နှင့်နီးနွယ်သော ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။
- အသက်(၃၅)နှစ်အောက်ဖြစ်ရပါမည်။

(၂) Medical Representative ကျား/မ(၁၀)ဦး
- ဘွဲ့တစ်ခုခု(သို့)ဆေးပညာ နှင့်နီးနွယ်သော ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- အသက်(၃၀)နှစ်အောက်ဖြစ်ရပါမည်။

(၃) Accountant ကျား/မ(၁)ဦး
-(LCCI Level(3) or ACCA or B Com ဘွဲ့ရရှိပြီးသူဖြစ်ရမည်။)
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂)နှစ်ရှိရမည်။

စိတ်ပါဝင်စားသူများ ဖော်ပြထားသောလိပ်စာအတိုင်း ဖိလအတွင်း ရိုက်ထားသော ဓာတ်ပုံ(၁)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် (၂)ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

T.T.O
We bring the best

T.T.O Trading Co.,Ltd.
အမှတ် ၁၀၀၇-၁၀၀၈၊ ၁၀လွှာ၊ ယုဇနတာဝါ၊
ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊
ဖုန်း - ၅၅၉၅၁၈၊ ၅၅၂၇၂၀

---

## The Republic of the Union of Myanmar
## Ministry of Energy
## Myanma Petroleum Products Enterprise

Invitation to interested parties regarding a Joint Venture for the Importation, Storage, Distribution of Petroleum Products

1. The Myanma Petroleum Products Enterprise (MPPE) is a state-owned enterprise which is responsible for carrying out the retail and wholesale distribution of petroleum products under the Ministry of Energy (MOE)in Myanmar. The enterprise operates storage facilities, conducts sales and distributes petroleum products through four (4)main fuel terminals, twenty four(24)sub fuel terminals and twelve (12)gas stations in the Republic of the Union of Myanmar.
2. In order to better serve customers in the Importation, storage, distribution and sales of petroleum products in Myanmar and to Improve the management of the business while conducting environmentally friendly operations, interested foreign companies are invited to submit a bid to form a joint venture.
3. Interested parties may enquire at the following address for the details, rules and requirements of the tender starting from the date of this announcement.
4. The Invitation to Tender documents shall be available for purchase on 20-7-2015 at the address listed below.
5. The application must be submitted in person and shall be submitted not later than 1:00pm on the 20-10-2015.

Managing Director
Myanma Petroleum Products Enterprise
Ministry of Energy
Office Building No.6
Nay Pyi Taw
Tel:+95 67 411488, +95 67 411053, +95 67 411119,
+95 67 411092
Fax:+95 67 411101, +95 67 411137
Email:mppe.ho2@mptmail.net.mm

---

# နေမင်းစကြာ (ဝင်ခွင့်)

★ ဒုရဲအုပ် ★ ဆရာဝန်

❖ မေးခွန်းဟောင်းနှင့်မှတ်စုများ နယ်သို့ပို့ပေးသည်။

အနော်ရထာအိမ်ရာအတွင်း၊ လှည်းတန်းမှတ်တိုင်နှင့်ကပ်လျက်၊
Ice Berry ရှေ့မျက်နှာချင်းဆိုင်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၀၉ ၄၂၀၀၄၂၂၀၀၊ ၀၉ ၂၅၃၀၃၃၉၂၃

---

# VALUESTAR
EDUCATION CENTRE

- Revit (Archi & Structure)
- Auto CAD (Inter & Advanced)
- Civil Project Training
- Estimate
- Etabs & Safe
- 3ds Max

တစ်ဦးချင်း အချိန် ညှိနှိုင်း သင်ကြားပေးပါသည်။

တိုက်(၁၅)ပထမထပ်၊ကိန္နရီ မော်ရှင်ဆိုင်အပေါ်ထပ်၊လှည်းတန်းမှတ်တိုင်အနီး၊
လှည်းတန်း၊ကမာရွတ်။ ၀၁-၅၂၆၅၃၄၊ ၀၉-၅၀၄၃၅၈၀၊ ၅၂၀၀၅၄၇

---

# VALUESTAR
EDUCATION CENTRE

Building a Brighter FUTURE

English Language

- General English
- Spoken English
- Business English

တန်းခွဲသစ်များကို တစ်လတစ်ကြိမ် ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိပါသည်။

တိုက်(၁၅)ပထမထပ်၊ကိန္နရီ မော်ရှင်ဆိုင်အပေါ်ထပ်၊လှည်းတန်းမှတ်တိုင်အနီး၊
လှည်းတန်း၊ကမာရွတ်။ ၀၁-၅၁၃၅၂၆၊ ၀၉-၅၀၄၃၅၈၀၊ ၅၂၀၀၅၄၇

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း




**Your nominee has been Commended!**

As you know, **Toe Wai Linn** was selected to proceed to our final judging day for this year's National BTEC Awards.
Our judges were extremely impressed by the quality of all of the finalists and have classified **Toe Wai** as a Commended Runner-up in the **Outstanding BTEC International Student of the Year** award category.
We received over **800 nominations** this year and given the fantastically high standard of those nominations, this really is a significant achievement.

Best wishes,
**The National BTEC Awards Team**



### Pearson International BTEC Award - ကမ္ဘာ့ဒုတိယဆု


Pearson မှ ချီးမြှင့်သော နိုင်ငံတကာထူးချွန်ကျောင်းသား (Pearson International BTEC Award 2015) ဆု ကို တစ်ကမ္ဘာလုံးရှိ HND Center များထဲမှ California Unitec မှ မောင်တိုးဝေလင်းသည် ကမ္ဘာ့ဒုတိယဆုကို ရရှိသဖြင့် California Unitec (Institute of Engineering) မှအထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

California Unitec (Institute of Engineering)

### Pearson BTEC High Achiever Award 2015 – Myanmar

ဆက်လက်၍ မြန်မာနိုင်ငံအတွက် Pearson မှ ချီးမြှင့်သော Pearson BTEC High Achiever Award 2015 ထူးချွန်ကျောင်းသားဆုကို California Unitec မှ မောင်တိုးဝေလင်း နှင့် မောင်မင်းသူရိန်သန့် တို့မှ ရရှိသွားသောကြောင့် California Unitec (Institute of Engineering) မှအထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

California Unitec (Institute of Engineering)



ROBINSON Business School

"Recongnized European Master"
အရည်အချင်းပြည့်ဝသော Business Leader များအတွက် Switzerland နိုင်ငံနှင့် Poland နိုင်ငံတို့မှ တိုက်ရိုက်ချီးမြှင့်ပေးအပ်သော

Official University Partners
UNIVERSITY of INFORMATION TECHNOLOGY and MANAGEMENT in Rzeszow, POLAND

Postgraduate Programme



MBA
Master of Business Administration
Awarded by Victoria University Switzerland

MIM
Master of International Management
Awarded by University of Information Technology & Management

DUAL Master In MBA & MIM

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသောကျောင်းသား၊ကျောင်းသူများအတွက်

BBA Bachelor of Business Administration (Management)
Dip-Business Only

BBA Bachelor of Business Administration (Entrepreneural Management)
Dip - Any Discipline

BBA Bachelor of Business Administration
Grade 11

Free! English Class July-Intake Enroll Now!

Scholarship Available
FREE! Consultation and Entrance Test

09 4200 53536
09 431 96211

RBS City Campus 206-E, Level-2, La Pyayt Wun Plaza, Alan Pya Pagoda Rd, Dagon Tsp, YGN. www.rbsmm.com

LCCI - EDI (UK) မှချီးမြှင့်သောထူးချွန်သင်တန်းကျောင်းဆုရ
မိုးမျှားဆန်းသစ်
ပညာရေးဝန် ဆောင်မှုလုပ်ငန်း
LCCI တရင်းကိုင်သင်တန်း Level 1-2-3
AutoCount & MYOB Computerised Accounting
2015-November Series (July) တန်းခွဲသစ်များစပြီ
09-5118647-73009869-73013432-73028433


M.E.E.G
Masterpiece Engineering and Education Group
No.18, Second floor, U Tun Lin Chan St, Kamayut, Yangon.
ဆောက်လုပ်ရေး လုပ်ငန်းများအတွက် ဝန်ဆောင်မှုများ
Structure, Design, Estimate & Construction
မြို့ပြရှင်း၊ မြို့ပြမရှင်း လုပ်ငန်းခွင်ဝင်မည့် အင်ဂျင်နီယာများအတွက်
အင်ဂျင်နီယာလုပ်ငန်းခွင်အသုံးချ အဆင့်မြင့်ကျွန်ပျူတာသင်တန်း
AutoCAD/ 3dsMax/ SketchUp/ MicroStation
SolidWorks/ Revit/ Etabs&Safe/ Estimate
PH: 01512476, 0949294085, 0973145196, 095140118

HAN Golf Masters



မိုးရာသီ
အထူးဈေးရောင်းပွဲ
18th - 23rd July 2015
@ HAN Golf Masters Pro-shops

Lucky Draw



Special Discount

နေပြည်တော် 09 448548967, 09 250529012, 09 254385380
ရန်ကုန် 09 43122027, 09 73041810, 09 73041809, 09 73078544
မန္တလေး 092017639, 09 91000125, 09 5342748, 09 6804015
တောင်ကြီး 09 5213085, 09 73078533, 081-201070


Heartfelt Congratulations
To
NGC THE NAING GROUP CAPITAL Co.Ltd.
On
MYANMAR PROPERTY AWARDS 2015
HIGHLY COMMENDED
Best Developer
Naing Group Capital Co., Ltd.
Being rightfully selected as one of the top-three best developers in Myanmar
in the Myanmar Property Awards 2015 from Highly Commended Asia Property Awards.
We also wish you to be able to lead as a distinctive top-notch Visionary Developer
in the Myanmar Property Development Industry in the future.
OLEANDER CONSTRUCTION GROUP PUBLIC CO.LTD.


ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING
Side View
Front View
Plan View
Front View
TRW
No. (31), Room (5), 7 Miles,
Pyay Road, Yangon
အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့


MIC
Myanmar Imperial College
MIC New Campus
တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက်
Diploma in Business (HND)
Diploma in Advertising & Branding (HND)
Diploma in Hospitality & Tourism (HND)
Bachelor of Business & Management
Bachelor of Marketing Management
MBA DBA
+ ဗြိတိန်နိုင်ငံ Northampton University မှ တိုက်ရိုက်ပေးအပ်သော နိုင်ငံတကာ အသိအမှတ်ပြု Diploma နှင့် Bachelor Qualifications
+ ပြည်တွင်းပြည်ပမှ Professors၊ Lecturers နှင့် အတွေ့အကြုံရှိ စီးပွားရေး ပညာရှင်များ
+ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကျောင်းဝန်း
09 732 10001 / 09 4211 00222
No. 62 (C), Inya Road, Kamayut Tsp, Yangon, Myanmar.
July Intake!

# ရာပြည့် ® ကြက်လည်ဆံလက်ဖက်ခြောက် အပန်ရည်

ကြက်လည်ဆံလက်ဖက်ခြောက် နေ့စဉ်သောက်သုံးခြင်းဖြင့် ... [illegible]

" ကြက်လည်ဆံလက်ဖက်ခြောက်၊ အပန်ရည်အမြဲသောက်ပါက ....

မှန်အမျှ၊ အဝေးရောက်ပေလိမ့်၊

အကြိမ်ကြိမ်သောက်အလောက် ကောင်းတဲ့ရည် (ရေ) .. "

ရာပြည့်စေးဝါးထုတ်လုပ်ရေး yarpyaenine@gmail.com

... Super One နှင့် စရုန်းဖွင့်ကုန်တိုက်များအားလုံး

ယခုအဦးဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

# နေရာတိုင်းဆောင်ထား

- အရောက်ပို့
- တပ်ဆင်
- ရှင်းပြ

Rain Flower

3 Years



Customer များအတွက် ... (Seal, ...)



ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁

မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀

၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆

ပေါက်တောဝ၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၁၄၇၁၆၅၄

နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၈၀
-၀၉-၃၁၁၃၆၂၆၁

မန္တလေး
ဖုန်း -၀၉-၄၂၀၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃

## ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ အမှတ်(၁)ဝိုင်း၊ ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်ကြီးတွင် လစဉ်ကျင်းပနေကျ တရားစခန်းပွဲကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်၏ ဥပနိဿယအတိုင်း ဒုတိယဝါဆိုလဆန်း(၂)ရက်မှ ဒုတိယဝါဆိုလဆန်း (၁၁)ရက်အထိ ၁၈-၇-၂၀၁၅ရက်မှ ၂၇-၇-၂၀၁၅ရက် (၁၀)ရက် တရားစခန်းပွဲကျင်းပပါမည်။ ထိုတရားစခန်းပွဲအတွင်း ရွှေမြင့်မိုရ်ဆရာတော် ပိဋကတစ်ပုံအောင် အရှင်သောဘဏ(ပြည်တွင်း၊ ပြည်ပ မိုးကုတ်ဝိပဿနာကမ္မဋ္ဌာနာစရိယ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ)က ကြီးကြပ်၍ လမ်းညွှန်ဟောပြောပြသပါမည်။ တရားစခန်းပွဲဝင်ရောက်အားထုတ်လိုသူများ ၁၅-၇-၂၀၁၅ရက်တွင် လာရောက်၍ လူကိုယ်တိုင် မှတ်ပုံတင်နှင့်အတူ စာရင်းပေးသွင်းနိုင်ကြပါသည်။ ၁၇-၇-၂၀၁၅ ရက် ညနေ (၃)နာရီနောက်ပိုင်း အရောက်လာကြရပါမည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ - ၀၉-၅၀၇၇၃၂၈၊ ၀၉-၅၀၀၉၄၃၃၊ ၀၉-၅၀၅၀၀၁၀၊ ၀၉-၂၅၀၀၂၁၄၃၄

Glory Hope Education Centre

အစိုးရတရားဝင် ကိုရီးယား အလုပ်ဝင်Professional
ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow
EPS - TOPIK
(ကိုရီးယားဘာသာစကားအရည်ချင်းစစ် စာမေးပွဲ)
ပညာအရည်ချင်းမလိုဘဲ
သင်လည်း ကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့

- လစာ(၁၅)သိန်း ဝန်းကျင်ရရှိနိုင်သော အာမခံချက်။
- မြန်မာစကား ကျွမ်းကျင်သော ကိုရီးယားလူမျိုးဆရာKim သင်ကြားပို့ချချက်များ
- ကိုရီးယား ဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစာမေးပွဲအောင်မြင်သည်ထိ တာဝန်ယူ သင်ကြားပေးနေပါသည်။
- တန်းခွဲသစ်များကို (၁၂.၇.၂၀၁၅)နေ့နောက်ဆုံးလက်ခံပါမည်။

တွေဝေမနေဘဲ အရင်ဆုံး ဖုန်းဆက်ပြီး တိုင်ပင်ဆွေးနွေးကြည့်လိုက်ပါ။

လိပ်စာ ချမ်းသာပလာဇာ(ပုဇွန်တောင်)ဒုထပ်၊ အထက်ပုဇွန်တောင်လမ်း
ဖုန်း ၃၉၇၅၀၂၊ ၂၉၉၁၃၃၊ ၀၉၅၁၅၀၅၈၂
ကမာရွတ် ၅၁၂၈၀၄၊ ၀၉၃၀၀၉၃၅၉၂၊ ၀၉၇၉၅၈၃၂၁၀၀
(အနီးဆုံး အရည်ချင်းစစ် စာမေးပွဲ ဖြေဆိုနိုင်ရန်အတွက် တန်းခွဲသစ် စတင်လက်ခံနေပါပြီ)

# " KENBO ဆိုင်ကယ်ချစ်သူများသို့ အထူးအသိပေးကြေညာခြင်း "

ကျွန်တော်များကုမ္ပဏီသည် KENBO ချစ်သူ မိဘပြည်သူများအား အရည်အသွေးပြည့်ဝသော KENBO ဆိုင်ကယ်များကို မန္တလေးမြို့အပါအဝင် တစ်နိုင်ငံလုံးရှိ KENBO Showroom ပေါင်း(၃၃)ခု (လက်ရှိမှ) အာမခံစနစ်ဖြင့် ရောင်းချလျက် ရှိပါသည်။

ယင်းသို့ဖြန့်ချိရောင်းချရာတွင် K.E.N.B.O စာလုံးပါအမှတ်တံဆိပ်နှင့် " K " K ပုံသဏ္ဍာန် ပါဝင်သော KENBO တံဆိပ်ရိုက်နှိပ်ထားသည့် ဆိုင်ကယ်နှင့်အပိုပစ္စည်း တစ်မျိုးတည်းကိုသာ ထုတ်လုပ်တင်သွင်း ဖြန့်ချိရောင်းချခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်များကုမ္ပဏီနှင့် Showroom များသည် - - -

(၁) K KENBO အမှတ်တံဆိပ်နှင့် တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ တစ်ခုလုံးဖြစ်စေ၊ ဆင်တူယိုးမှား၊ မတိမ်းမယိမ်း၊ ထင်ယောင်ထင်မှားဖြစ်စေနိုင်သော မည်သည့်အခြား Logo၊ မည်သည့်အခြားစာလုံးပေါင်း အမှတ်တံဆိပ်ကိုမှ ထုတ်လုပ်တင်သွင်းဖြန့်ချိရောင်းချခြင်း မရှိကြောင်း၊

(၂) K KENBO အမှတ်တံဆိပ်နှင့် ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ မတိမ်းမယိမ်းရိုက်နှိပ်ထားသောဆိုင်ကယ်များသည် ကျွန်တော်များကုမ္ပဏီမှ ဖြန့်ချိရောင်းချသယောင် လှည့်ဖြားပြောဆိုခြင်းများသည် လုံးဝမဟုတ် မမှန်ပါကြောင်းနှင့်

(၃)အဆိုပါထင်ယောင်ထင်မှားဖြစ်စေနိုင်သော အမှတ်တံဆိပ်ရိုက်နှိပ်ထားသော ဆိုင်ကယ်များသည် ကျွန်တော်များကုမ္ပဏီ၊ Showroom များနှင့် လုံးဝ(လုံးဝ) သက်ဆိုင်ပတ်သက်ခြင်း မရှိကြောင်း အသိပေးအပ်ပါသည်။

စုံစမ်းမေးမြန်းနိုင်ပါသည် 09-402705706, 09-402705708, 09-428175777

AUNG KAN BO TRADING CO., LTD.


DISNEY CHANNEL
DISNEY Junior
DISNEY XD
ပြည်သူ့အတွက်
SKY NET
အကောင်းဆုံးများကိုသာ တင်ဆက်ပြသနေသော SKYNET ၏ ထုံးတမ်းစဉ်လာအတိုင်း ကလေး၊ လူကြီး မရွေး နှစ်နှစ်ကာကာ ကြိုက်နှစ်သက် ကြသော ကမ္ဘာကျော် ဒစ္စနေ (Disney) ရုပ်သံလိုင်းများကို SKYNET တွင် (1.7.2015) ရက်နေ့မှ စတင်ကာ ပြသပေးနေပြီဖြစ်ပါကြောင်းသတင်းကောင်းပါး အပ်ပါသည်။
သက်ဆိုင်ရာမြို့နယ်RSPများထံတွင် စုံစမ်းမေးမြန်းဝယ်ယူအားပေးနိုင်ပါသည်
Hotline-01-9010220-9010221-9010222-9010223-9010224
THE 7D
Star vs The Forces of Evil
Sofia the First
STAR WARS REBELS
AVENGERS ASSEMBLE
©Disney©2015 LFL© Marvel
www.skynetdth.com/https://facebook.com/skynetdthofficial

# ရန်ကုန်ဆေးရုံကြီး၏ ဝန်ဆောင်မှုကောင်းမွန်လာမှုကြောင့် ပြည်သူများ ပိုမိုအားထားလာ

စာမျက်နှာ - ၃



ယနေ့ မာတိကာ

မိုဘိုင်းတယ်လီဖုန်းပြောဆိုခနှင့် အင်တာနက်သုံးစွဲမှုအတွက် ကြိုတင်ငွေဖြည့်ကတ် ရောင်းချရခြင်းမှ ငွေကျပ် ၅၇၄ ဒသမ ၉၆၇ ဘီလီယံရရှိ
စာမျက်နှာ - ၇

ကျောချောင်းရေကြီး၍ ဆိုင်ကယ်များ အငှားထမ်းခြင်းဖြင့် ဖြတ်သန်းသွားလာနေရ
စာမျက်နှာ - ၈

ပြည်ပသို့ တရားမဝင်ခိုးနွားများ တင်ပို့နေမှုကြောင့် တောင်သူများ အခက်တွေ့
စာမျက်နှာ - ၁၁

## ဘုရင့်နောင်ပွဲရုံဝင်းအတွင်းနှင့် ဘုရင့်နောင်လမ်းမကြီး ယာဉ်ပိတ်ဆို့မှုကြောင့် ယာဉ်လိုင်းအချို့ လမ်းကြောင်းပြောင်းပြေးဆွဲ

# လိုင်းကားစီးခရီးသည်များ အဆင်မပြေ

မောင်စေအောင်

**ရန်ကုန် ဇူလိုင် ၁၀**

ဘုရင့်နောင် ပွဲရုံဝင်းအတွင်းသာမက ဘုရင့်နောင်လမ်းမပေါ်တွင် ဇူလိုင် ၆ ရက်(တနင်္လာနေ့)မှ ဇူလိုင် ၈ ရက်(ဗုဒ္ဓဟူးနေ့)အထိ ယာဉ်ပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။ ဇူလိုင် ၆ ရက်တွင် ည ၁၁ နာရီနှင့် ဇူလိုင် (၇၊ ၈) ရက်တို့တွင် ည ၇ နာရီခန့်၌ ယာဉ်ကြောများ ရှင်းလင်းသွားသည်။ ဇူလိုင် ၉ ရက် (ကြာသပတေးနေ့)တွင် ဘုရင့်နောင်လမ်းမပေါ်၌ ယာဉ်ကြောရှင်းလင်းသော်လည်း ပွဲရုံဝင်းအတွင်း၌မူ ယာဉ်ကြောကျပ်နေဆဲဖြစ်ရာ ပွဲရုံဝင်းအတွင်းရှိ NGO အဖွဲ့အစည်းများမှ လမ်းပေါ်ထွက်၍ ယာဉ်ရှင်းလင်းနေသည်ကို မြင်တွေ့ရသည်ဟု ပွဲရုံဝင်းအတွင်းရှိ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

သင်္ကြန်ပိတ်ရက်အလွန် ပွဲရုံများ ပြန်လည်ဖွင့်လှစ်လုပ်ကိုင်လာသော သုံးလတာအတွင်း ပထမဦးဆုံး ပွဲရုံဝင်းနှင့် အပြင်တွင်ပါ ယာဉ်ပိတ်ဆို့မှုဖြစ်ပွားခြင်းဖြစ်သည်။ ဇူလိုင် ၆ ရက် ညနေပိုင်းနှင့် ညပိုင်းတို့တွင် မိုးရွာသွန်းမှုရှိသဖြင့် ယာဉ်ပိတ်ဆို့မှုသာမက ပွဲရုံတိုက်ခန်းများရှေ့တွင်ပါ ရေကြီးရေလျှံမှုများမြင်တွေ့လာရသည်။ ယင်းရက်တွင် မိုးမိသွားသည်ဟူသော အကြောင်းပြချက်ဖြင့် ဇူလိုင် ၇ ရက်နှင့် ၈ ရက်တို့တွင် ပွဲရုံဝင်းအတွင်းရှိ ပုဂ္ဂလိက ယာဉ်ရှင်းဝန်ထမ်း ၃၀ ခန့်အနက် ၁၀ ဦးခန့်မှာ အလုပ်မဆင်းကြကြောင်း ယာဉ်ရှင်းတာဝန်ယူလုပ်ဆောင်သူတစ်ဦးက ပြောသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖






themirror.npt@gmail.com
www.facebook.com/themirrordaily